**အဓိကအချက်များ**

- ရတနာပုံနန်းမြို့တော်အပြင်ဘက် အရပ်လေးမျက်နှာတွင် ရွှေကြိုးသတ်နယ်မြေအဖြစ် သတ်မှတ်ပေးခဲ့ခြင်း။
- တောင်မြောက်အလျားမိုင် ၄၀ ခန့်ကျယ်ဝန်း၍ အရှေ့နှင့်အနောက်မှာ ၁၀ မိုင် ခန့်ရှိခြင်း။
- ရွှေကြိုးသတ်နယ်နိမိတ်အတွင်းတွင် အမှုထမ်းနှင့်ပြည်သူတို့ နေထိုင်ကြခြင်း။
- ရွှေနန်းတော်၊ ကျုံးနှင့် မြို့ကို မဏ္ဍိုင်ပြုလျက် အရှေ့ပြင်၊ တောင်ပြင်၊ အနောက်ပြင်နှင့် မြောက်ပြင်ဟူ၍ ခွဲခြားထားခြင်း။
- တောင်ပြင်နှင့် အနောက်ပြင်တို့သည် လူနေစည်ကားခြင်း။
- အရှေ့ပြင်နှင့် မြောက်ပြင်တို့မှာ ကျောင်းတိုက်ကြီးများနှင့် သာသနိကအဆောက်အအုံများစွာ ရှိခြင်း။
- အမှုထမ်းနှင့် ပြည်သူများအတွက် ရပ်ကွက်ပေါင်း ၅၄ ခုနှကို နေရာချထားပေးခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မန္တလေးရွှေကြိုးသတ်နယ်မြေအကြောင်းကို ဆွေးနွေးပါ။

## ၄.၄။ မန္တလေးခေတ် ဗိသုကာအနုပညာလက်ရာ

### ၄.၄.၁။ မဟာအတုလဝေယံကျောင်းတော်ကြီး



**ပုံ(၄) မဟာအတုလဝေယံကျောင်းတော်ကြီး**

DBE BOX - Copyright Protected

မင်းတုန်းမင်းသည် မန္တလေးမြို့တည်သည်နှင့်တစ်ချိန်တည်း မြို့လေးပြင်လေးရပ်တွင် ကျောင်းတိုက်များကို အကွက်ချ၍ ဆောက်လုပ်ခဲ့သည်။ မင်းတုန်းမင်းသည် ဘုရားတည်သည်ထက် ကျောင်းဆောက်လှူဒါန်းမှု ပိုမိုများပြားသည်။ ဤသည်မှာ ပရိယတ္တိသာသနာတော်ကို ထွန်းကားစေသောအချက်ဖြစ်သည်။ မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးမတ်များကိုပါ တိုက်တွန်းအားပေး၍ ကျောင်းတိုက်ဆောက်လုပ်လှူဒါန်းစေခဲ့သည်။ သတ္တဋ္ဌာနခုနစ်ဌာနတွင် အပါအဝင်ဖြစ်သော မဟာအတုလဝေယန်ကျောင်းတော်ကြီးကို မင်းတုန်းမင်းသည် ၁၈၅၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ကျောင်းတော်ကြီးအား ယောအတွင်းဝန်ဦးဖိုးလှိုင်မှ ဦးစီးတည်ဆောက်ခဲ့သည်။ သစ်သားကျောင်း မဟုတ်ဘဲ အုတ်အင်္ဂတေဖြင့် တည်ဆောက်ထားသော လေးထောင့်ကျကျ ဘုံအဆင့်ဆင့်နှင့် ကျောင်းဖြစ်သည်။ ၎င်းကျောင်းတော်ကြီးကို ၁၈ နှစ်ကျော်ကြာ အချိန်ယူတည်ဆောက်ခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်းကိုယ်တိုင် ရေစက်သွန်းချ လှူဒါန်းခဲ့သော မင်းတရားကြီး၏ နောက်ဆုံးကုသိုလ်တော်ဖြစ်သည်။ ကျောင်းတော်ကြီး၏ ဘုရားခန်းတွင် သီရိလင်္ကာမှ ဆက်သလာသော ဗောဓိသားရုပ်ပွားတော်အပြင် မင်းတုန်းမင်းကြီး၏ ဝတ်လဲတော်များကို ပြာချ၍ သစ်စေးကိုင်ကာ ပြုလုပ်ထားသော မံဘုရားရုပ်ပွားတော်ကို ထားရှိသည်။

DBE BOX Copyright Protected

**အဓိကအချက်များ**

- မဟာအတုလဝေယန်ကျောင်းတော်ကြီးသည် မင်းတုန်းမင်း၏ သတ္တဋ္ဌာနခုနစ်ဌာနတွင် တစ်ခု အပါအဝင်ဖြစ်သော ကျောင်းတော်ကြီးဖြစ်ခြင်း။
- ယောအတွင်းဝန်ဦးဖိုးလှိုင်မှ ဦးစီးတည်ဆောက်ခဲ့ခြင်း။
- အုတ်အင်္ဂတေဖြင့် တည်ဆောက်ထားသော လေးထောင့်ကျကျ ဘုံအဆင့်ဆင့်နှင့် ကျောင်းကြီးဖြစ်ခြင်း။
- မင်းတုန်းမင်း၏ နောက်ဆုံးကုသိုလ်တော်ဖြစ်ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မဟာအတုလဝေယန်ကျောင်းတော်ကြီးနှင့် ပတ်သက်၍ ဆွေးနွေးပါ။

## ၄.၄.၂။ မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတော်ကြီး



**ပုံ(၅) မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတော်ကြီး**

DBE BOX - Copyright Protected

မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတော်ကြီးသည် မန္တလေးတောင်၏ မြောက်ဘက်တွင် တည်ရှိပြီး ၁၈၅၈ ခုနှစ်တွင် မင်းတုန်းမင်းက ဆောက်လုပ်လှူဒါန်းခဲ့သည်။ ရွှေကျင်တိုက်မကြီးနှင့် အရံကျောင်းတိုက် လေးတိုက်တို့ပါဝင်သည်။ အရံကျောင်းလေးတိုက်မှာ ထရံကာတိုက်၊ ရမည်းသင်းတိုက်၊ မင်းကင်းတိုက်၊ မြတောင်တိုက်တို့ဖြစ်သည်။ ကျောင်းတိုက်ကြီးကို တိုင်ပေါင်း ၂၆၂ တိုင်ဖြင့် တည်ဆောက်ခဲ့သည်။

ကျောင်းတိုက်ကြီးကို ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီး၊ ဘောဂဆောင်များဖြင့် အရှေ့အနောက်တန်းလျက် တည်ဆောက်ထားသည်။ ပြာသာဒ်ဆောင်သည် ဘုရားထားရာ အဆောင်ဖြစ်၍ ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးကို စနုဆောင်ဖြင့် ဆက်ထားသည်။ ဆောင်မကြီးသည် ပရိသတ်လက်ခံရာအဆောင်အဖြစ်လည်းကောင်း၊ ရဟန်းသာမဏေများနေထိုင်ရာ အဆောင်အဖြစ်လည်းကောင်း အသုံးပြုသည်။ ဘောဂဆောင်သည် ပစ္စည်းထားသိုသော အဆောင်ဖြစ်သည်။ ကျောင်းပေါ်သို့တက်ရန် တောင်ဘက်မှ အုတ်လှေကားသုံးစင်း၊ မြောက်ဘက်မှ အုတ်လှေကား

သုံးစင်း၊ အရှေ့ဘက်ကျောင်းဦးမှ အုတ်လှေကားတစ်စင်း စုစုပေါင်း ခုနစ်စင်း ရှိသည်။ ပြာသာဒ်ဆောင်တစ်ခုလုံးကို ခြသေ့်ရုပ်များ၊ ခြသေ့်လည်ပြန်ရုပ်များပါသော သစ်သားကနုတ်ပန်းများဖြင့်



ပုံ(၆) သစ်သား ကနုတ်ပန်းများဖြင့် ပြုလုပ်ထားသောတံခါး

ထွင်းထုထားသည်။ ဝရန်တာပတ်လည်ကို သစ်သားပွတ်လုံးများဖြင့်ကာရံထားသည်။ ဆောင်မကြီးသည် အမိုးသုံးဆင့်ရှိပြီး အလယ်တွင် မာရဘင်ဖြင့် အခန်းပိုင်းခြားထားသည်။ ဆောင်မကြီးအတွင်းသို့ ဝင်သော တံခါးများတွင် သစ်သားကနုတ်ပန်းများ ထွင်းထုထားသည်။ တံခါး၏အထက်တွင် ငှက်နှစ်ကောင် မျက်နှာချင်းဆိုင်သောပုံ ထွင်းထုထား၍ တံခါးရွက်များ၏ တစ်ဖက်တစ်ချက်စီတွင် ကြာပွင့်ခံသော နတ်ရုပ်များ ထွင်းထုထားသည်။ ကျောင်းတော်ကြီးကို မင်းတုန်းမင်းတရားကြီးက ဒေါ်လီဒင်္ဂါး ၂၂၂၃၅ ကျပ် အကုန်အကျခံပြီး လက်သမားဆရာဦးစိုးအား တာဝန်ယူဆောက်လုပ်စေခဲ့သည်။ ၁၈၆၁ ခုနှစ်တွင် ရွှေကျင်ဆရာတော် ဦးဇာဂရအား မင်းတုန်းမင်းက လှူဒါန်းခဲ့သည်။

DBE BOX - Copyright Protected


**အဓိကအချက်များ**

- မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတော်ကြီးကို ၁၈၅၈ ခုနှစ်တွင် တိုင်ပေါင်း ၂၆၂ တိုင်ဖြင့် ဆောက်လုပ်ခဲ့ခြင်း။
- ပြာသာဒ်ဆောင်၊ စနူးဆောင်၊ ဆောင်မကြီး၊ ဘောဂဆောင်တို့ အရှေ့အနောက်တန်းလျက်ရှိခြင်း။
- အုတ်လှေကား ခုနစ်စင်းရှိခြင်း။
- ပြာသဒ်ဆောင်ကို ခြသေ့်ရုပ်၊ ခြသေ့်လည်ပြန်ရုပ်များပါသော သစ်သားကနုတ်ပန်းများဖြင့် ထွင်းထုထားခြင်း။
- ဝရန်တာပတ်လည်ကို သစ်သားပွတ်လုံးများဖြင့် ကာရံထားခြင်း။
- ဆောင်မကြီးသည် အမိုးသုံးဆင့်ရှိခြင်း။
- အတွင်းသို့ဝင်သော တံခါး၏အထက်တွင် ငှက်နှစ်ကောင် မျက်နှာချင်းဆိုင်သောပုံ ထွင်းထုထားခြင်း။
- တံခါးရွက်များ၏ တစ်ဖက်တစ်ချက်စီတွင် ကြာပွင့်ခံသော နတ်ရုပ်များ ထွင်းထုထားခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မဟာဓမ္မိကာရာမရွှေကျင်ကျောင်း၏ ဗိသုကာအနုပညာလက်ရာအဆင့်အတန်းကို အကဲဖြတ်ပါ။

## ၄.၄.၃။ ကွင်္ဃကာရာမယောမင်းကြီးအုတ်ကျောင်း



**ပုံ(၇) ကွင်္ဃကာရာမယောမင်းကြီးအုတ်ကျောင်း**

DBE BOX - Copyrighted

ကွင်္ဃကာရာမယောမင်းကြီးအုတ်ကျောင်းကို ယောမင်းကြီးဦးဖိုးလှိုင်သည် ၁၈၆၆ ခုနှစ်တွင် တည်ဆောက် လှူဒါန်းခဲ့သည်။ ကျောင်း၏အမိုးကို အင်ကြင်းသား အခင်းရက်မများနှင့် ဘောင်ခွေကာ အုတ်ချပ်ကြီးများနှင့် ခင်းထားသည်။ ကျွန်းသား၊ ကျွန်းတိုင်များသုံး၍ အခန်းသုံးခန်း ဖွဲ့စည်းထားသည်။ အုတ်ကျောင်းကြီးတည်ဆောက်စဉ်က အိန္ဒိယပန်းရန် ပညာရှင်များလည်း ပါဝင်ခဲ့သည်။ ထို့ကြောင့် အတွင်းတိုင်လုံးများ၊ ဖရုံလုံးပုံ အပြင်တိုင်လုံးများသည် အိန္ဒိယရှိ အသောကခေတ်တိုင်လုံးများ၏လက်ရာနှင့်ဆင်တူသည်။ တံခါးပေါက်ပေါင်းကူးတိုင်တွင် ဖောင်းကြွပန်းခက်၊ ပန်းတော့လက်ရာများရှိသည်။ ကျောင်းနံရံပတ်လည်ရှိ ပြတင်းပေါက်ပေါင်းကူးနံရံများတွင် ပန်းနွယ်၊ ပန်းခက်၊ ပန်းကနုတ်လက်ရာများအပြင် ဒေါင်းမြီးကွက် အင်္ဂတေပန်းများဖြင့် တန်ဆာဆင်ထားသည်။ တစ်ဆစ်ချိုးကြောင်လိမ်အုတ်လှေကားကိုလည်း တပ်ဆင်ထားသည်။ အပေါ်ထပ်၊ အောက်ထပ်

အတွင်းနံရံများတွင် လိုဏ်မုခ်ကပ်ငယ်လေးများ ထည့်သွင်းထားသည်။ ကျောင်းကြီးတည်ဆောက်ရာတွင် ငွေကိုးသောင်းကျပ် ကုန်ကျခဲ့သည်။ အိန္ဒိယနှင့် ဥရောပပုံစံများ ရောယှက်ထားသော မြန်မာဟန်ဖြင့် တည်ဆောက်ထားသည့် အုတ်ကျောင်းကြီး ဖြစ်သည်။

**အဓိကအချက်များ**

- ဣဋ္ဌကာရာမယောမင်းကြီးအုတ်ကျောင်းကို ယောမင်းကြီးဦးဖိုးလှိုင်က ၁၈၆၆ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်း။
- ကျွန်းသား၊ ကျွန်းတိုင်များသုံး၍ အခန်းဖွဲ့ထားခြင်း။
- ပန်းနွယ်၊ ပန်းခက်၊ ပန်းကနုတ်များ ဒေါင်းမြီးကွက် အင်္ဂတေပန်းများဖြင့် တန်ဆာဆင်ထားခြင်း။
- တစ်ဆစ်ချိုး ကြောင်လိမ်အုတ်လှေကားကိုလည်း တပ်ဆင်ထားခြင်း။
- အိန္ဒိယနှင့် ဥရောပပုံစံများ ရေ ယှက်တည်ဆောက်ထားသည့် မြန်မာ့အုတ်ကျောင်းကြီးဖြစ်ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မန္တလေးခေတ် အိန္ဒိယနှင့် ဥရောပပုံစံများဖြင့်တည်ဆောက်ထားသော ယောမင်းကြီးအုတ်ကျောင်း၏ထူးခြားသော အနုပညာလက်ရာကို လေ့လာတင်ပြပါ။

## ၄.၄.၄။ သာကဝန်သစ်သားကျောင်းကြီး

ကင်းဝန်မင်းတိုက်ဟု လူသိများသော သာကဝန်သစ်သားကျောင်းကြီးကို ကင်းဝန်မင်းကြီး ဦးကောင်းက ၁၈၇၉ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ မန္တလေးဒေးဝန်းရပ် ၂၅ ဧကခန့် ကျယ်ဝန်းသော မြေပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ကင်းဝန်မင်းကြီးသည် ၁၈၇၃ ခုနှစ်တွင် အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့ပြီး ထိုနိုင်ငံများ၏ ဗိသုကာလက်ရာများကို လေ့လာခဲ့သည်။ သာကဝန်သစ်သားကျောင်းကြီးကို ပြင်သစ်ဘုရားရှိခိုးကျောင်းပုံစံယူ၍ မြန်မာမှု မြန်မာ့ဟန်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သာကဝန်သစ်သားကျောင်းကြီးသည် နိုင်ငံခြားပုံစံဖြင့် တည်ဆောက်ခဲ့သော ရတနာပုံ မန္တလေးခေတ်၏ ကျောင်းတစ်ကျောင်းဖြစ်သည်။ ကျောင်းဝင်းအတွင်းတွင် ကျွန်းပင်များ စိုက်ပျိုးဖြစ်ထွန်းသည်ကို အစွဲပြု၍ သာကဝန်ကျောင်းဟု အမည်တွင်သည်။



DBE BOX - Copyright Protected



DBE BOX - Copyright Pro

**ပုံ(၈) ဿာကဝန်သစ်သားကျောင်းကြီး**

ကျောင်းတိုက်၏ အရှေ့ဘက်အဝင်ဝတွင် ကင်းဝန်မင်းကြီး၏ အတ္ထုပ္ပတ္တိရေးထိုးထားသော ကျောက်စာချပ်ရှိသည်။ မြန်မာ့ယဉ်ကျေးမှုအနုပညာ၊ ပန်းပု၊ ပန်းရန်လက်ရာကောင်းများရှိသည်။ ကျောင်း၏လေးမျက်နှာတွင် အုတ်လှေကားများ တပ်ဆင်ထားသည်။ ရှေ့မျက်နှာစာတံခါးရွက်များမှာ ကျွန်းသားပန်းပုအပြောက်အမွမ်းများ၊ ရုပ်ကြွ၊ ရုပ်တုများဖြင့် တန်ဆာဆင်ထားပြီး တံခါးရွက် တပ်ဆင်ရာတွင် သံကို အသုံးမပြုဘဲ သစ်သားကိုသာ အသုံးပြုထားသည်။ ကျောင်းအတွင်း အနောက်မြောက်ထောင့်တွင် သစ်လုံးတစ်လုံးတည်းကို ထွင်းထုထားသော ကြောင်လိမ်လှေကားကို တပ်ဆင်ထားသည်။ ကျောင်းတိုက်ကြီး၏ ကုန်ကျငွေမှာ ကျပ် ရှစ်သောင်းကျော်ဖြစ်သည်။ မြန်မာ့သစ်သား ဗိသုကာအနုပညာလက်ရာကို ဖော်ပြနေသော ကျောင်းကြီးဖြစ်သည်။



**ပုံ(၉) သာကဝန်သစ်သားကျောင်းအတွင်းရှိ ကြောင်လိမ်လှေကား နှင့် မျက်နှာကြက်အတွင်းပိုင်းပုံ**

**အဓိကအချက်များ**

- သာကဝန်သစ်သားကျောင်းကြီးကို ကင်းဝန်မင်းကြီးဦးကောင်း ဆောက်လုပ်လှူဒါန်းခဲ့ခြင်း။
- မန္တလေးခေတ် နိုင်ငံခြားပုံစံဖြင့် တည်ဆောက်ခဲ့သောကျောင်းတို့တွင် တစ်ခုအပါအဝင်ဖြစ်ခြင်း။
- ပြင်သစ်ဘုရားရှိခိုးကျောင်းပုံစံတိုယူ၍ မြန်မာမှု၊ မြန်မာ့ဟန်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်း။
- ကျောင်းဝင်းအတွင်းတွင် ကျွန်းပင်များ စိုက်ပျိုးဖြစ်ထွန်းသည်ကို အစွဲပြု၍ သာကဝန်ကျောင်းဟု အမည်တွင်ခြင်း။
- သစ်လုံးတစ်လုံးတည်းကို ထွင်းထုထားသော ကြောင်လိမ်လှေကားတပ်ဆင်ထားခြင်း။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်း**

၁။ သာကဝန်သစ်သားကျောင်းကြီး၏ ထင်ရှားသော ဗိသုကာအနုပညာလက်ရာများကို ဖော်ပြပါ။

## ၄.၄.၅။ သင်္ဗောသစ်သားကျောင်းတိုက်ကြီး



ပုံ(၁၀) သင်္ဗောသစ်သားကျောင်းတိုက်ကြီး

DBE BOX - Copyrighted

သင်္ဗောကျောင်းတိုက်ကြီးသည် သင်္ဗောချောင်း၏အရှေ့ဘက်တွင်တည်ရှိသည်။ ကျွန်းသစ်ဖြင့် ဆောက်လုပ်ထားသော ဘုံခုနစ်ဆင့်ရှိကျောင်းကြီးဖြစ်သည်။ ကျောင်းကြီး၏တံခါးရွက်များတွင် ပန်းပုရုပ်ထုရုပ်ကြွလက်ရာများဖြင့် တန်ဆာဆင်ထားသည်။ အဆောင်ပတ်လည်အကာအရံများ၊ ကျောင်းပြာသာဒ် ဘုရားဆောင်နှင့် အတွင်းပိုင်းအခန်းများတွင် ဇာတ်တော်လာပန်းပုရုပ်ကြွလက်ရာများဖြင့် တန်ဆာဆင်မွမ်းမံထားသည်။ ဆောင်မကြီး၏ ထိပ်ဦးအကာအရံများတွင် အပြောက်အမွမ်းများကို ရွှေပိန်းချတပ်ဆင်ထားသည်။ မင်းတုန်းမင်းခေတ်မှ ဘုရားရုပ်ပွားတော်များ၊ ဘုရားပလ္လင်များ၊ တံကဲများကိုတွေ့မြင်နိုင်သည်။

**အဓိကအချက်များ**

- သင်္ဗောချောင်းအရှေ့ဘက်တွင် သင်္ဗောကျောင်းတိုက်ကြီး တည်ရှိခြင်း။
- ကျွန်းသစ်ဖြင့် ဆောက်လုပ်ထားသော ဘုံခုနစ်ဆင့်ရှိကျောင်းကြီးဖြစ်ခြင်း။
- ဇာတ်တော်လာ ပန်းပုရုပ်ကြွလက်ရာများဖြင့် တန်ဆာဆင် မွမ်းမံထားခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ သင်္ဂဇာကျောင်းတိုက်ကြီးအကြောင်း မှတ်စုတိုရေးပါ။

## ၄.၄.၆။ ရွှေနန်းတော်ကျောင်း



DBE BOX - Copyright Protected

ပုံ(၁၁) ရွှေနန်းတော်ကျောင်း

ရွှေနန်းတော်ကျောင်းကို မင်းတုန်းမင်းနတ်ရွာစံပြီးနောက် သားတော်သီပေါမင်းသည် ခမည်းတော်အားရည်စူး၍ မဟာအတုလဝေယန်ကျောင်းတော်ကြီး၏ အရှေ့ဘက်တွင် တည်ဆောက် လှူဒါန်းခဲ့သည်။ ခမည်းတော်နတ်ရွာစံခဲ့သော နန်းဆောင်နှင့် စနုဆောင်ကို ဖျက်သိမ်းကာ ကျောင်းတော်အဖြစ် ဆောက်လုပ်ခြင်းဖြစ်၍ ရွှေနန်းတော်ကျောင်းဟူ၍ခေါ်သည်။ ကျောင်းတော်ကြီးကို ၁၈၈၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ရွှေနန်းတော်ကျောင်းတွင် ကျောင်းကိုပတ်၍သွားနိုင်သော ပတ်လည်စင်္ကြံ ထည့်သွင်းတည်ဆောက်ထားသည်။ အုတ်လှေကား ငါးစင်းတပ်ဆင်ထားသည်။ ကျောင်းကြီး၏ လေးဖက်လေးတန်တွင် ခြူးပန်းခြူးနွယ်များ၊ လူပုံတော်ရုပ်ကြွများဖြင့် တန်ဆာဆင်ထားသော တံခါးပေါက်ကြီးများရှိသည်။ ကျောင်းတော်ကြီးအား လက်ရာမြောက်သော ရွှေပိန်းချ မျက်နှာကြက်ပန်းများ၊ သစ်သားပန်းပုရုပ်ကြွများ၊ အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ထားသည်။

**အဓိကအချက်များ**

- ရွှေနန်းတော်ကျောင်းကို သီပေါမင်းသည် ခမည်းတော်နတ်ရွာစံခဲ့သော နန်းဆောင်နှင့် စနုဆောင်ကို ဖျက်သိမ်းကာ ဖခမည်းတော်အား ရည်စူး၍ ဘုန်းတော်ကြီးကျောင်းအဖြစ် တည်ဆောက်လှူဒါန်းခဲ့ခြင်း။
- အုတ်လှေကားငါးစင်း တပ်ဆင်ထားပြီး ခြူးပန်းခြူးနွယ်များ၊ ရုပ်ကြွများဖြင့် တန်ဆာဆင်ထားသော တံခါးပေါက်ကြီးများရှိခြင်း။
- ရွှေပိန်းချ မျက်နှာကြက်ပန်းများ၊ သစ်သားပန်းပုရုပ်ကြွများ၊ အပြောက်အမွှမ်းများဖြင့် တန်ဆာဆင်ထားခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ရွှေနန်းတော်ကျောင်းကြီး၏ မြန်မာ့ဗိသုကာအနုပညာလက်ရာကို ဆန်းစစ်ပါ။

## ၄.၄.၇။ ရွှေအင်ပင်ကျောင်း



ပုံ(၁၂) ရွှေအင်ပင်ကျောင်း

DBE BOX - Copyright Protected

ရွှေအင်ပင်ကျောင်းသည် ၁၈၉၅ ခုနှစ်တွင် သူဌေးဦးစက်ရွှင်က ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းကြီးဖြစ်သည်။ ရွှေအင်ပင်ကျောင်းကြီးကို သရက်ကင်းလှေကားကြီး ရှစ်စင်းဖြင့် တည်ဆောက်ထားသည်။ ကျောင်းတော်ကြီး၏ အင်္ဂါရပ်များဖြစ်သော ကျောင်းဦးပြာသာဒ်ဆောင်၊ စနုဆောင်၊ ဇေတဝန်ဆောင်၊ ဘောဂဆောင်များပါဝင်သည်။ အဆောင်တစ်ခုနှင့်တစ်ခုကို ပေါင်းကူး တည်ဆောက်ထားသော ကျောင်းကြီးဖြစ်သည်။ အောက်ထပ်တွင် အခန်းဖွဲ့စည်းမထားဘဲ ကျောင်းတိုင်များကိုသာ တွေ့ရသည်။ မျက်မြင်အခြေအနေတွင် ကျောင်းတိုင်ပေါင်း ၁၅၇ တိုင်ရှိပြီး ကျောင်းတိုင်ထိပ်များတွင် ရေပိုးမစားစေရန် တိုင်ထိပ်၌ စကျင်ကျောက်ဖြင့် ဖုံးအုပ်ထားသည်။

ကျောင်းကြီး၏ပတ်လည်တွင် သစ်သားခင်းစင်္ကြံလမ်းကို လေးဖက်စလုံးတွင် တွေ့ရသည်။ စင်္ကြံလမ်းတစ်လျှောက်တွင် သစ်သားနံရံကို ပန်းနွယ်၊ ပန်းခက်၊ ပန်းပုလက်ရာတို့ဖြင့် တန်ဆာဆင်ထားသည်။ ဘောဂဆောင်မှလွဲ၍ ကျန်အဆောင်များတွင် ကဲလားတံခါးရွက်ကြီးများ တပ်ဆင်ထားသည်။ အချို့တံခါးပေါက်များတွင် ပန်းပုရုပ်တုများ တပ်ဆင်ထားသည်။ ကျောင်းကြီး၏ အနောက်မြောက်ထောင့်တွင် ကျောင်းဒါယကာ သူဌေးဦးစက်ရွှင်၏ အတ္ထုပ္ပတ္တိကို ရေးထိုးထားသော ကျောက်စာရှိသည်။

DRAFTBOX - Copyright Protected



**ပုံ(၁၃) ရွှေအင်ပင်ကျောင်းအတွင်းပိုင်းပုံ**

**အဓိကအချက်များ**

- ရွှေအင်ပင်ကျောင်းသည် ၁၈၉၅ ခုနှစ်တွင် သူဌေးဦးစက်ရွှင်က ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းကြီးဖြစ်ခြင်း။
- သရက်ကင်းလှေကားကြီးရှစ်စင်းဖြင့် တည်ဆောက်ထားခြင်း။
- ကျောင်းဦးပြာသာဒ်ဆောင်၊ စနုဆောင်၊ ဇေတဝန်ဆောင်၊ ဘောဂဆောင်များပါဝင်ခြင်း။

- အဆောင်တစ်ခုနှင့် တစ်ခုကို ပေါင်းကူးတည်ဆောက်ထားသော ကျောင်းကြီးဖြစ်ခြင်း။
- ကျောင်းတိုင်ပေါင်း ၁၅၇ တိုင်ရှိခြင်း။
- မြန်မာမှုပန်းပုလက်ရာများ၊ ကဲလား တံခါးရွက်ကြီးများ တပ်ဆင်ထားခြင်း။

### လေ့ကျင့်ရန်မေးခွန်း

၁။ ရွှေအင်ပင်ကျောင်းကြီး တည်ဆောက်ထားပုံကို ဆွေးနွေးပါ။

## ၄.၅။ မန္တလေးခေတ်ဗုဒ္ဓဆင်းတုလက်ရာ

ရတနာပုံ မန္တလေးခေတ်တွင် ဗုဒ္ဓဆင်းတုများကို မတ်ရပ်ဟန်၊ ထိုင်တော်မူဟန်၊ လျောင်းတော်မူဟန်အမျိုးမျိုးဖြင့်ထုလုပ်သည်။ လျောင်းတော်မူကိုထုလုပ်ရာတွင် ဦးခေါင်းကို လက်ယာလက်ဖြင့် ထောက်ထားပုံကို ထုသည်။ ပရိနိဗ္ဗာန်ပြုပုံမှာ ဦးခေါင်းနှင့်ယှဉ်လျက် လက်ယာလက်ကို လက်ဖဝါး လှန်၍ချထားသောပုံဖြစ်သည်။ လက်ဟန်၊ ခြေဟန်အနေအထားတွင် ဘူမိဖဿမုဒြာလက်ဟန်နှင့် ဗျာနသနခြေဟန်အနေအထားကို အများဆုံးတွေ့ရသည်။ ဦးခေါင်းတော်၏ အပေါ်ဆုံးထိပ်ဖျားတွင် သဗ္ဗညုတဉာဏ်တော်ကိုဖော်ပြခဲ့သည့် မီးလျှံပုံစံမှာ ရတနာပုံခေတ်တွင် အချွန်းပုံစံ ပျောက်သွားသည်။ ၎င်းအစား ဆံတော်ပယ်စဉ်က လက်လေးသစ်ခန့်ကျန်နေသော ဆံတော်ကို အကြောင်းပြုကာ ထိပ်တော်ကို သဘာဝထက် အနည်းငယ်မို့မောက်ကာ ထုလုပ်ကြသည်။ ဆံတော်နှင့် နဖူးအစပ်တွင် နဖူးစီးပေါ်အောင် ထုလုပ်လာကြသည်။ နားရွက်မှာ ပခုံးကိုထိသည့်တိုင်အောင်ရှည်ပြီး မျက်လုံးတော်မှာ မျက်လွှာချထားသောပုံကို အများဆုံးထုလုပ်ကြသည်။ သင်္ကန်းထုလုပ်ရာတွင် အတွန့်အလိပ်ပိုမိုများလာသည်။ ဘုရားများကို ထုလုပ်ပြီး မင်းဝတ်တန်ဆာများ ဆင်ယင်ပေးသည့် မင်းဝတ်ဘုရားများကို ထုလုပ်ကိုးကွယ်သည်။ ရတနာပုံခေတ်တွင် ထင်ရှားသော မင်းဝတ်ဘုရားမှာ မဟာသကျမာရဇိန် (ကျောက်တော်ကြီး) ဖြစ်သည်။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- ရတနာပုံ မန္တလေးခေတ်တွင် ဗုဒ္ဓဆင်းတုများကို မတ်ရပ်ဟန်၊ ထိုင်တော်မူဟန်၊ လျောင်းတော်မူဟန်ဟူ၍ ထုလုပ်ကြခြင်း။
- ဘူမိဖဿမုဒြာလက်ဟန်နှင့် ဗျာနသနခြေဟန်အနေအထားကို အများဆုံးထုလုပ်ခြင်း။
- ထိပ်တော်ကို သဘာဝထက် အနည်းငယ်မို့မောက်ကာ ထုလုပ်ခြင်း။
- နဖူးစီးပေါ်အောင် ထုလုပ်လာကြပြီး မျက်လွှာချထားသောပုံကို အများဆုံးထုလုပ်ကြခြင်း။
- မင်းဝတ်တန်ဆာများ ဆင်ယင်ပေးသော မင်းဝတ်ဘုရားများ ထုလုပ်ကြခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ရတနာပုံခေတ် ဗုဒ္ဓဆင်းတုထုလုပ်ပုံကို တင်ပြပါ။

## ၄.၅.၁။ မဟာသကျမာရဇိန် (ကျောက်တော်ကြီးဘုရား)



**ပုံ(၁၄) မဟာသကျမာရဇိန် (ကျောက်တော်ကြီးဘုရား)**

DBE BOX - Copyright Protected

ကျောက်တော်ကြီးဘုရားကို မန္တလေးတောင်ခြေသုဓမ္မာဇရပ်အနီး၌ စကျင်ကျောက်ဖြင့် ထုလုပ်တည်ထားကိုးကွယ်ခဲ့သည်။ ၁၈၆၄ ခုနှစ်တွင် စကျင်တောင်မှ စကျင်ကျောက်ကို ရုပ်ပွားတော် ထုလုပ်ရန် ကျွမ်းကျင်တတ်မြောက်သော ကျောက်ဆစ်သမားတို့ကို ခေါ်ယူကြပ်မတ်ထုလုပ်စေခဲ့သည်။ ယင်းသို့ ထုလုပ်ပြီးနောက် မြနန်းစကြာမီးသင်္ဘောဖြင့် မန္တလေးတောင်ခြေ သုဓမ္မာဇရပ်အနီး ရုပ်ပွားတော်ထားရှိမည့်အရပ်သို့ ခမ်းနားစွာ သယ်ဆောင်ခဲ့သည်။ ၁၆ မေ ၁၈၆၅ ခုနှစ်တွင် မင်းတုန်းမင်း ကိုယ်တိုင်ကြီးမှူး၍ မျက်ရေးတော်၊ မျက်ခုံးတော်တို့ကိုရေးဆွဲပြီး မျက်နှာတော် အချောဖွင့်ကာ မဟာသကျမာရဇိန်ဟု ကမ္ပည်းတပ်ခဲ့သည်။ ယင်းသို့ ကမ္ပည်းတပ်ခဲ့သော်လည်း ကျောက်သားတော်မှာ အလွန်ကြီးမားသည့်အတွက် ကျောက်တော်ကြီးဘုရားဟု ခေါ်တွင်သည်။

ကျောက်တော်ကြီးဘုရား၏ မဟာရံတံတိုင်းဘေးပတ်လည်တွင် စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် ဧတဒဂ်ရအသီတိသာဝကရှစ်ကျိပ်တို့၏ ရုပ်ပွားတော်များကို လိုဏ်မုခ်ပြာသာဒ်များဖြင့် ထားရှိသည်။ မဟာရံတံတိုင်း ထောင့်လေးထောင့်တို့တွင် မင်းတုန်းမင်းကိုယ်တိုင် စိုက်ပျိုးခဲ့သည့် ဗောဓိပင်များရှိသည်။

**အဓိကအချက်များ**

- မင်းတုန်းမင်းသည် စကျင်တောင်မှ စကျင်ကျောက်ကို ရုပ်ပွားတော်ထုလုပ်ရန် ကျောက်ဆစ်သမားတို့ကို ခေါ်ယူထုလုပ်စေခဲ့ခြင်း။
- ထုလုပ်ပြီးနောက် ရုပ်ပွားတော်ကြီးကို မန္တလေးတောင်ခြေ သုဓမ္မာဇရပ်အနီး ထားရှိမည့်နေရာသို့ သယ်ဆောင်လာခြင်း။
- မဟာသကျမာရဇိန်ဘုရားဟု ကမ္ပည်းတပ်ခဲ့ခြင်း။
- ကျောက်သားတော်မှာ အလွန်ကြီးမားသည့်အတွက် ကျောက်တော်ကြီးဘုရားဟု အမည်တွင်ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ကျောက်တော်ကြီးဘုရား ထုလုပ်ပုံအဆင့်ဆင့်ကို ရေးသားပါ။

## ၄.၆။ ကျောက်ထက်အက္ခရာပိဋကတ်တော်များ



**ပုံ(၁၅) ကျောက်ထက်အက္ခရာပိဋကတ်တော်များစိုက်ထူရာ အုတ်ပြာသာဒ်များ**

မင်းတုန်းမင်းသည် ၁၄ အောက်တိုဘာ ၁၈၆၀ ပြည့်နှစ်တွင် နန်းတော်အတွင်း တန်ဆောင်းဆောက်လုပ်၍ ပိဋကတ်တော်ကို စတင်ရေးကူးစေခဲ့သည်။ ကျောက်ထက်အက္ခရာတင်ရာတွင်



DBE BOX - Copyright Protected

အက္ခရာအချွတ်အယွင်းမရှိစေရန် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများက ဦးစွာပြင်ဆင်ပေးရသည်။ ဆရာတော်ကြီးများ ပြင်ဆင်ပြီးသည့် ပိဋကတ်တော်များကို ကျောက်ဆစ်ပညာရှင်တို့က စကျင်ကျောက်ချပ် များပေါ်တွင် ထွင်းထုကြသည်။ ကျောက်ထက်အက္ခရာထွင်းထုရာတွင်လည်း ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် မှူးမတ်များအား ကြီးကြပ်စေသည်။

ပိဋကတ်တော်များကို ကောင်းမွန်ချောမွေ့သော အကျယ် ၃ပေ အမြင့် ၅ပေရှိ စကျင်ကျောက်ချပ်များပေါ်တွင် ရေးသားထုလုပ်ခဲ့ရာ စုစုပေါင်း ၇၂၉ ချပ်ကို ၄ မေ ၁၈၆၈ ခုနှစ်တွင် ကျောက်ထက်အက္ခရာတင်ပြီးစီးခဲ့သည်။ ပိဋကတ်ကျောက်စာချပ်များကို ကျောက်စာတစ်ချပ်လျှင် အုတ်ပြာသာဒ်တစ်ခုစီဖြင့် မဟာလောကမာရဇိန်စေတီ (ကုသိုလ်တော်ဘုရား)၏ မဟာရံတံတိုင်းသုံးထပ်အတွင်း စိုက်ထူထားသည်။ ပထမမဟာရံတံတိုင်းအတွင်းတွင် မော်ကွန်းရေးထိုးထားသော ကျောက်စာတစ်ချပ်ကို စိုက်ထူထားခြင်းဖြင့် ကျောက်စာတိုင်ပေါင်း ၇၃၀ ရှိသည်။

ဤပိဋကတ်ကျောက်စာများကို 'ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး' ဟူ၍ တင်စားခေါ်ဝေါ်ကြသည်။ ပိဋကတ်ကို ကျောက်ထက်အက္ခရာတင်ခြင်းဖြင့် အရှည်အကြာတည်တံ့၍ သာသနာ ငါးထောင် ကြာသည်အထိ ခိုင်မြဲမည်ဟုမျှော်လင့်ချက်ဖြင့် မင်းတုန်းမင်းက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့သည်။

**အဓိကအချက်များ**


- မင်းတုန်းမင်းသည် ၁၈၆၀ ပြည့်နှစ်တွင် ပိဋကတ်ကျောက်စာကို စတင်ရေးကူးစေခဲ့ခြင်း။
- ဆရာတော်ကြီးများက အက္ခရာအချွတ်အယွင်း မရှိစေရန် ပြင်ဆင်ပေးရခြင်း။
- ပြင်ဆင်ပြီးသည့် ပိဋကတ်တော်များကို ကျောက်ဆစ်ပညာရှင်တို့က စကျင်ကျောက်ချပ်များပေါ်တွင် ထွင်းထုခဲ့ခြင်း။
- စကျင်ကျောက်ချပ်များသည် အကျယ် ၃ ပေ အမြင့် ၅ ပေရှိခြင်း။
- မော်ကွန်းကျောက်စာ အပါအဝင် ကျောက်စာချပ်စုစုပေါင်း ၇၃၀ ချပ်ရှိခြင်း။
- "ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး"ဟူ၍ တင်စားခေါ်ဝေါ်ကြခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ပိဋကတ်ကျောက်စာများကို "ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး" ဟု ခေါ်တွင်ရခြင်းအကြောင်းကို ဆွေးနွေးတင်ပြပါ။

DBE BOX - Copyright Protected

၂။ အခန်း (၄) မန္တလေးယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




DBE BOX - Copyright Protected

**အခန်း(၄)ပါပုံများ၏ ရင်းမြစ်များ**

ပုံ(၁) **မင်းတုန်းမင်း** (*မန္တလေးအနှစ် ၁၅၀ပြည့် မဂ္ဂဇင်း၊ မန္တလေးအသင်း(ရန်ကုန်)၊ ၂၀၀၉*)

ပုံ(၂) **သီပေါမင်း** (*မန္တလေးအနှစ် ၁၅၀ပြည့် မဂ္ဂဇင်း၊ မန္တလေးအသင်း(ရန်ကုန်)၊ ၂၀၀၉*)

ပုံ(၃) **ရတနာပုံနန်းမြို့တော်** (ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

ပုံ(၄) **မဟာအတုလဝေယန်ကျောင်းတော်ကြီး** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန် နိုင်ငံခြားဘာသာသင် တက္ကသိုလ်)

ပုံ(၅) **မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတော်ကြီး** (မောင်စည်သူ-Freelance Researcher- မန္တလေးမြို့)

ပုံ(၆) **သစ်သားကနုတ်ပန်းများဖြင့် ပြုလုပ်ထားသောတံခါး** (မောင်စည်သူ-Freelance Researcher- မန္တလေးမြို့)

ပုံ(၇) **ကျွန်ုကာရာမယောမင်းကြီးအုတ်ကျောင်း** (ဓာတ်ပုံ-ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန် နိုင်ငံခြားဘာသာသင် တက္ကသိုလ်)

ပုံ(၈) **သာကဝန်သစ်သားကျောင်းကြီး** (မောင်စည်သူ-Freelance Researcher- မန္တလေးမြို့)

ပုံ(၉) **သာကဝန်သစ်သားကျောင်းရှိ ကြောင်လိမ်လှေကားနှင့် မျက်နှာကြက်အတွင်းပိုင်းပုံ** (မောင်စည်သူ-Freelance Researcher- မန္တလေးမြို့)

ပုံ(၁၀) **သင်္ဂဇာသစ်သားကျောင်းတိုက်ကြီး** (မောင်စည်သူ-Freelance Researcher- မန္တလေးမြို့)

ပုံ(၁၁) **ရွှေနန်းတော်ကျောင်း** (ဓာတ်ပုံ-ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန် နိုင်ငံခြားဘာသာသင် တက္ကသိုလ်)

ပုံ(၁၂) **ရွှေအင်ပင်ကျောင်း** (မောင်စည်သူ-Freelance Researcher- မန္တလေးမြို့)

ပုံ(၁၃) **ရွှေအင်ပင်ကျောင်းအတွင်းပိုင်းပုံ** (မောင်စည်သူ-Freelance Researcher- မန္တလေးမြို့)

ပုံ(၁၄) **မဟာသကျမာရဇိန် (ကျောက်တော်ကြီးဘုရား)** (https://www.evivatour.com/wp-content-uploads/2015) (**၂၂-၁၀-၂၀၁၉**)

ပုံ(၁၅) **ကျောက်ထက်အက္ခရာပိဋကတ်တော်များစိုက်ထူရာအုတ်ပြာသာဒ်များ** (https://upload.wikimedia.org/wikipedia/common/f/f8/Mandalay_Kuthodaw) (**၂၂-၁၀-၂၀၁၉**)

DREEBOX - Copyright Protected

**ကျမ်းကိုးစာရင်း**

၁။ စည်သူမောင်မောင်ကျော်၊ *မန္တလေးမြို့တည်နန်းတည်စာတမ်း*၊ မန္တလေး၊ ရတနာဒီပံပုံနှိပ်တိုက်၊ ၁၉၅၉။

၂။ နတ်မောက်ထွန်းရှိန်၊ *ဝင်းတွေနှင့်တည်ခဲ့သည့်မင်းနေပြည်*၊ မန္တလေး၊ လင်းသန့်စာပေ၊ ၂၀၁၈။

၃။ နတ်မောက်ထွန်းရှိန်၊ *မြန်မာ့ယဉ်ကျေးမှု မြန်မာ့ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းကြီးများ*၊ ရန်ကုန်၊ ဇင်ရတနာစာပေ၊ ၂၀၀၉။

၄။ *မန္တလေးအနှစ် ၁၅၀ ပြည့် မဂ္ဂဇင်း*၊ မန္တလေးအသင်း(ရန်ကုန်)၊ ၂၀၀၉။

၅။ ရတနာပုံဘိုးမှတ်စု၊ *မန္တလေး*၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၂၀၀၉။

၆။ ရွှေကိုင်းသား၊ *အနှစ်၁၀၀ပြည့်မန္တလေး*၊ တတိယအကြိမ်၊ မန္တလေး၊ လူထုကြီးပွားရေးစာအုပ်တိုက်၊ ၂၀၁၈၊ စက်တင်ဘာလ။

၇။ ဝင်းမောင်၊ 'မန္တလေးခေတ်ဗုဒ္ဓသာသနာဝင်'၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်၊ သမိုင်းဌာန၊ ၁၉၇၈။

DBE BOX - Copyright Protected

# အခန်း(၅)
# အိန္ဒိယယဉ်ကျေးမှု

**နိဒါန်း**

- ဤအခန်းတွင် အိန္ဒိယ၌ ထွန်းကားခဲ့သော ယဉ်ကျေးမှုများဖြစ်သည့် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု၊ ဝေဒခေတ်ယဉ်ကျေးမှု၊ ဟိန္ဒူယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုများနှင့် မဂိုခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဗိသုကာလက်ရာများကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

- မြန်မာ့သမိုင်း ရှေးဦးယဉ်ကျေးမှုများ ခေါင်းစဉ်အောက်တွင် ရှေးဦးမြို့ပြနိုင်ငံများ၏ ယဉ်ကျေးမှု အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုများ၊ မြို့ပြတည်ဆောက်မှုပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ စီးပွားရေးအခြေအနေနှင့် အနုပညာလက်ရာ အဆင့်အတန်းတို့ကို သိရှိခဲ့ပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင်သင်သည်အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။**

- အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု၏ မြို့ပြတည်ဆောက်ပုံများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးတမ်းစဉ်လာများကို ရှင်းပြတတ်မည်။
- ဝေဒခေတ်၏ ဝေဒလေးကျမ်းနှင့် ယင်းခေတ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုးကွယ်ယုံကြည်မှုထုံးတမ်းစဉ်လာများအကြောင်းကို လေ့လာသုံးသပ်နိုင်မည်။
- အိန္ဒိယနိုင်ငံတွင်းရှိ ဟိန္ဒူနတ်ဘုရားကျောင်းများ တည်ဆောက်ပုံ ဗိသုကာလက်ရာများနှင့် ဗုဒ္ဓယဉ်ကျေးမှု၏ ဂူ၊ စေတီ၊ ပုထိုးတော်များ တည်ဆောက်ပုံ ဗိသုကာလက်ရာများကို နှိုင်းယှဉ်လေ့လာဆွေးနွေးနိုင်မည်။
- ခေတ်နှောင်းအိန္ဒိယသမိုင်းတွင် မဂိုအင်ပါယာပေါ်ပေါက် အင်အားကြီးမားလာခြင်း၊ အင်အားကျဆင်းလာခြင်းနှင့် တန်ခိုးသြဇာကြီးမားသော မဂိုဧကရာဇ်များအကြောင်းကို လေ့လာသင်ယူနိုင်မည်။
- မဂိုခေတ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးအကြောင်းများကို အကဲဖြတ်နိုင်မည်။
- မဂိုခေတ်၏ တာ့ချ်မဟာ နှင့် ခံတပ်နီအဆောက်အအုံနှစ်ခု၏ အံ့မခန်းဘွယ်တည်ဆောက်မှု ဗိသုကာလက်ရာများအကြောင်းကို လေ့လာသင်ယူနိုင်မည်။

DBE BOX Copyright Protected

## ၅.၁။ ခေတ်ဦးအိန္ဒိယယဉ်ကျေးမှု

### ၅.၁.၁။ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုနောက်ခံသမိုင်း

ကမ္ဘာ့သမိုင်းတွင် ရှေးအကျဆုံးသော ယဉ်ကျေးမှုကြီး ၄ ခု ဖြစ်ပေါ်ထွန်းကားခဲ့သည်။ ၎င်းတို့မှာ နိုင်းမြစ်ဝှမ်း (Nile Valley)၊ တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်ဝှမ်း (Tigris and Euphrates Valley)၊ မြစ်ဝါမြစ်ဝှမ်း (Yellow River Valley) နှင့် အိန္ဒုမြစ်ဝှမ်း (Indus Valley) ယဉ်ကျေးမှုကြီးများဖြစ်သည်။ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုသည် ရှေးအကျဆုံးယဉ်ကျေးမှုကြီး ၄ ရပ်အနက်တစ်ခု အပါအဝင်ဖြစ်သည်။ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုလွှမ်းမိုးခဲ့သောဒေသ အကျယ်အဝန်းမှာ စတုရန်းမိုင် ပေါင်း ငါးသိန်းခန့်ရှိသည်။ မိုဟန်ဂျိုဒါရို (Mohenjo Daro) နှင့် ဟာရပ္ပမြို့ဟောင်း (Harrapa) တို့မှာ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု အဆင့်အတန်းမြင့်မားကြောင်း အထင်အရှားဖော်ပြနေသည်။




DBE BOX - Copyright Protected

ပုံ(၁) အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုထွန်းကားရာပြမြေပုံ

အိန္ဒုမြစ်ဝှမ်းဒေသတွင် နေထိုင်ခဲ့သော ဒေသခံတိုင်းရင်းသားများသည် မိုဟန်ဂျိုဒါရိုမြို့ကြီးကို စနစ်တကျအကွက်ချတည်ဆောက်ခဲ့သည်။ မိုဟန်ဂျိုဒါရိုမြို့တည်ပုံသည် အကွက်ကျပြီး လမ်းများမှာလည်း ဖြောင့်တန်းနေသည်။ လူနေအိမ်များ၊ အဆောက်အအုံကြီးများ၊ အများသုံးရေချိုးကန်များဟူ၍ သုံးမျိုးတည်ဆောက်ထားသည်။ လူနေအိမ်များကို ထောင့်ချိုးထောင့်ကွက်ကျကျဖြတ်သည့် အကွက်များပေါ်တွင် တည်ဆောက်ထားသည်။ လူနေအိမ်များမှာ အရွယ်အစားအမျိုးမျိုးရှိသည်။ အငယ်ဆုံးအိမ်မှာ အခန်းနှစ်ခန်းသာရှိပြီး၊ အိမ်ကြီးများမှာ အခန်းများစွာရှိသည်။



**ပုံ(၂) မိုဟန်ဂျိုဒါရိုမြို့ဟောင်း**




**ပုံ(၃) မိုဟန်ဂျိုဒါရိုမြို့ဟောင်းမှရေချိုးကန်ကြီး**

DBE BOX - Copyright Protected

မိုဟန်ဂျိုဒါရိုမြို့ဟောင်းရှိ ထင်ရှားသောအဆောက်အအုံတစ်ခုမှာ ရေချိုးကန်ကြီးဖြစ်သည်။ ရေချိုးကန်ကြီးသည် အလျား ၃၉ ပေ၊ အနံ ၂၃ ပေရှိပြီး၊ အနက် ၈ ပေ ရှိသည်။ ကန်ပတ်လည်တွင် ဝရန်တာများရှိပြီး၊ လှေကားများလည်းရှိသည်။ ရေကန်တွင်းမှ ရေဟောင်းထုတ်ပြီး ရေသစ်သွင်းရန်လည်း စီမံထားသည်။ ရေကန်ကြီးပတ်လည်တွင် ရေချိုးခန်းများ၊ အဝတ်လဲခန်းများ ပါရှိသဖြင့်များစွာ ခမ်းနားသည်။ ၎င်းရေကန်ကြီးမှာ အများပြည်သူများ ရေချိုးကြရန်အတွက်ဖြစ်ပြီး ကန်ငယ်လေးများကို ဘာသာရေးအကြီးအမှူးများ ရေချိုးရန်အတွက် တည်ဆောက်ထားဟန်ရှိသည်။ မိုဟန်ဂျိုဒါရိုမြို့ဟောင်းနေရာကို တူးဖော်သောအခါတွင် မြေခုနစ်လွှာတွေ့ရသဖြင့် မြို့ခုနစ်ကြိမ် ပျက်ခဲ့သည်ဟု ယူဆရသည်။

ဟာရပ္ပမြို့ကြီးသည် မိုဟန်ဂျိုဒါရိုမြို့ထက်ကျယ်ဝန်းသည်။ မိုဟန်ဂျိုဒါရိုမြို့ကဲ့သို့ပင် မြို့တည်ပုံ အကွက်ကျကောင်းမွန်သည်။ လမ်းမကြီးများနှင့် လမ်းသွယ်များသည် ဖြောင့်တန်းနေသည်။ လမ်းသွယ်များမှာ ၁၀ ပေ မှ ၁၃ ပေအထိကျယ်ဝန်းသည်။ လမ်းမကြီးများမှာ ၁၃ ပေ မှ ၃၃ ပေအထိ ကျယ်ဝန်းသည်။ လမ်းမကြီးများနှင့် လမ်းသွယ်များသည် မြောက်မှတောင်သို့လည်းကောင်း၊ အရှေ့မှ အနောက်သို့လည်းကောင်း စနစ်တကျသွယ်တန်းဖောက်လုပ်ထားသည်။ လူနေအိမ်များကို စနစ်တကျ အကွက်ဖော်၍ ဆောက်ထားသည်။ ဟာရပ္ပမြို့၏ ထင်ရှားသောအဆောက်အအုံကြီး တစ်ခုမှာ ကြီးမားသောကုန်လှောင်ရုံကြီးတစ်ခုဖြစ်သည်။

DBE BOX - Copyright Protected



**ပုံ(၄) ဟာရပ္ပမြို့ဟောင်း**

အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားလှသောအချက်မှာ မြို့များတွင် ရေမြောင်းများကို စနစ်တကျပြုလုပ်ထားခြင်းပင်ဖြစ်သည်။ အိမ်များ၊ လမ်းသွယ်များ၊ လမ်းမကြီးများတိုင်းတွင် ရေဆိုးရေညစ်များ စီးဆင်းစေရန်ရေပိုက်များ ပြုလုပ်ထားသည်။ ရေမြောင်းများမှရေများ၊ ရေဆိုးရေညစ်များကို မြစ်အတွင်းသို့ မပိတ်ဆို့ဘဲ လွယ်ကူချောမွေ့စွာ စီးဆင်းသွားနိုင်စေရန်လည်း စီမံထားသည်။ ရေမြောင်းများကို ကျောက်၊ အုတ်တို့ဖြင့် လုံခြုံစွာဖုံးအုပ်ကာရံထားသည်။ လမ်းအောက်ရှိ ရေမြောင်းများ၊ ရေဆိုးထုတ်ပြွန်များကို အလုပ်သမားများ လွယ်ကူစွာဆင်းသက် စစ်ဆေးနိုင်ရန်နှင့် ဝင်ရောက်သန့်ရှင်းနိုင်စေရန် လူဆင်းပေါက်များဖောက်လုပ်ထားသည်။

### ၅.၁.၁.၁။ စီးပွားရေး

အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု ထွန်းကားစဉ်က စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ဂျုံနှင့် မုယောစပါးကို အဓိကထားပြီး စိုက်ပျိုးခဲ့သည်။ ပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးခဲ့ကြသည်။ ဟာရပ္ပမြို့ကြီးတွင် ဆန်နှင့် နှမ်းတို့ကိုလည်း စိုက်ပျိုးခဲ့သည်။ ကျွဲ၊ နွား၊ ခွေး၊ ဆိတ်၊ သိုး နှင့် ကြက်ငှက်များကို မွေးမြူခဲ့ကြသည်။ ထို့ပြင် ဆင်နှင့် ကုလားအုတ်များကိုလည်း ယဉ်ပါးအောင်မွေးမြူပြီး လုပ်ငန်းများတွင် စေခိုင်းခဲ့သည်။ တံငါလုပ်ငန်းများလည်း လုပ်ကိုင်ခဲ့သည်။

အိန္ဒုမြစ်ဝှမ်းတွင် လက်မှုပညာလည်း ထွန်းကားခဲ့သည်။ သတ္တုထည်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၊ ချည်ထည်ရက်လုပ်မှုလုပ်ငန်းနှင့် အိုးလုပ်ငန်းများပြုလုပ်ခဲ့ကြသည်။ အိုးအချို့ကို ဆေးနီသုတ်ပြီး အပေါ်တွင် ဒီဇိုင်းကွက်များ၊ တိရစ္ဆာန်ရုပ်ပုံများကို ဆေးအမည်းဖြင့်ရေးဆွဲခဲ့သည်။ ရွှံ့ဖြင့် ပြုလုပ်ထားသော မြွေရုပ်၊ လှည်းရုပ်၊ နွားရုပ်များကိုလည်း အများအပြားတွေ့ရှိရသည်။ ကြေးနီ၊ ကြေးဝါတို့ဖြင့် သွန်းလုပ်ထားသော အိုးများနှင့် လူရုပ်ပုံတို့ကိုလည်း တွေ့ရသည်။ တံဆိပ်တုံးများကို ကျောက်သား၊ ဆင်စွယ်၊ အုတ်တို့ဖြင့် ပြုလုပ်သည်။ ပုံစံအမျိုးမျိုး အရွယ်အစားအမျိုးမျိုး တွေ့ရသည်။



ပုံ (၅) ကျောက်တံဆိပ်တုံးများ

DBE BOX - Copyright Protected



ပုံ(၆)ကျောက်လူခန္ဓာကိုယ်ပိုင်းပုံ

အိန္ဒုမြစ်ဝှမ်းဒေသသည် အိန္ဒိယအရှေ့ပိုင်း၊ တောင်ပိုင်းဒေသတို့နှင့် ဆက်သွယ်မှုရှိသည့်အပြင် အာရှအလယ်ပိုင်း၊ အနောက်ပိုင်းဒေသများနှင့်လည်းကုန်သွယ်ခဲ့သည်။ အီဂျစ်နိုင်ငံ၊ ခရိကျွန်းတို့နှင့်လည်း ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ နိုင်းမြစ်ဝှမ်းဒေသသို့ ဆင်စွယ်၊ အဖိုးတန်ကျောက်မျက်ရတနာများနှင့် အခြားသောလူသုံးကုန်ပစ္စည်းများကို တင်ပို့ခဲ့သည်။ ပါရှား (Iran)၊ အာဖဂန်နစ္စတန် (Afghanistan)၊ အာရှတိုက်အလယ်ပိုင်းနှင့် အိန္ဒိယကျွန်းဆွယ်ရှိ မိုက်ဆိုး (Mysore) ဒေသများမှ သတ္တုနှင့် အလှဆင်ကျောက်များကို တင်သွင်းခဲ့သည်။

## ၅.၁.၁.၂။ ကိုးကွယ်ယုံကြည်မှု

ဘာသာရေးနှင့်ပတ်သက်ပြီး အိန္ဒုမြစ်ဝှမ်းသားတို့သည် အမိမြေနတ်သမီးကို အလေးပေးကိုးကွယ်ခဲ့ကြသည်။ မျက်နှာသုံးဘက်၊ ချိုနှစ်ချောင်းပါသော မကိုဋ်ဆောင်းပြီး တင်ပျဉ်ခွေထိုင်ကာ ဆင်၊ ကျား၊ သမင်စသော သတ္တဝါများ ဝန်းရံနေသည့်ရုပ်တုများကိုလည်း ကိုးကွယ်ကြသည်။ ၎င်းပုံသည် သီဝနတ်ဘုရားကိုးကွယ်မှု၏ ရှေ့ပြေးဖြစ်သည်။ သစ်ပင်၊ ကျောက်တုံး၊ တိရစ္ဆာန်ရုပ်ပုံများကိုလည်းကိုးကွယ်ကြသည်။ နွားလားဥသဘပုံ၊ ကျားပုံ၊ မြွေပုံနှင့် နဖူး၌ ချိုတစ်ချောင်းပေါက်သော ဒဏ္ဍာရီလာမြင်းပုံတို့ဖြစ်ကြသည်။

DRE BOX Copyright Protected



ပုံ(၇) အမိမြေနတ်သမီး



ပုံ(၈) သီဝနတ်ဘုရားကိုးကွယ်မှုရှေ့ပြေးပုံ

### ၅.၁.၁.၃။ ပျက်သုဉ်းခြင်း

ဘီစီ ၂၀၀၀ ခန့်တွင် အာရိယန် (Aryan) လူမျိုးများသည် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်ကာ အိန္ဒုမြစ်ဝှမ်းဒေသကို တိုက်ခိုက်သိမ်းယူခဲ့သည်။ ယင်းသို့ တိုက်ခိုက်သိမ်းပိုက်စဉ်က အိန္ဒုမြစ်ဝှမ်းဒေသတွင် ဒြာဗီးဒီးယန်း (Dravidian) မျိုးနွယ်စုများ နေထိုင်လျက်ရှိသည်။ ဘီစီ ၁၆၀၀ ခန့်တွင် အာရိယန်တို့၏တိုက်ခိုက်မှုကြောင့် ၎င်းတို့၏ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု ပျက်သုဉ်းခဲ့ရသည်။

**အဓိကအချက်များ**

- အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုသည် ရှေးအကျဆုံးယဉ်ကျေးမှုတစ်ခုဖြစ်ခြင်း။
- မိုဟန်ဂျိုဒါရိုမြို့ဟောင်းနှင့် ဟာရပ္ပမြို့ဟောင်းတို့ မြို့တည်ပုံစနစ်ကျခြင်း။
- မိုဟန်ဂျိုဒါရိုရေချိုးကန်ကြီးနှင့် ဟာရပ္ပကုန်လှောင်ရုံကြီးတို့သည် ကြီးကျယ်ထူးခြားခြင်း။
- ရေမြောင်းစနစ်တိုးတက်ကောင်းမွန်ခြင်း။
- စိုက်ပျိုးမွေးမြူရေးနှင့် လက်မှုပညာထွန်းကားခြင်း။
- တံဆိပ်တုံးအမျိုးမျိုး အသုံးပြုပြီး ကုန်သွယ်မှုထွန်းကားခြင်း။
- အမိမြေနတ်သမီး၊ သစ်ပင်၊ ကျောက်တုံး၊ တိရစ္ဆာန်ရုပ်ပုံများ၊ သီဝရှေ့ပြေးနတ်ဘုရားများ ကိုးကွယ်ခဲ့ကြခြင်း။
- အာရိယန်တို့၏တိုက်ခိုက်မှုကြောင့် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှု ပျက်သုဉ်းခဲ့ရခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မိုဟန်ဂျိုဒါရိုနှင့် ဟာရပ္ပမြို့ဟောင်းတို့အကြောင်းကို သင်သိပြီးသော ရှေးဦးမြို့ပြနိုင်ငံများမှ တစ်ခုနှင့် နှိုင်းယှဉ်အကဲဖြတ်ပါ။

### ၅.၁.၂။ ဝေဒခေတ်ယဉ်ကျေးမှုနောက်ခံသမိုင်း

အိန္ဒိယတွင် ဝေဒခေတ်ယဉ်ကျေးမှု ထူထောင်သူများမှာ အိန္ဒိယနိုင်ငံအတွင်းသို့ အနောက်ဘက်အရပ်ဒေသမှ ဝင်ရောက်လာသော အာရိယန် (Aryan)လူမျိုးတို့ဖြစ်သည်။ အာရိယန်တို့သည် အရှေ့ဥရောပနှင့် အာရှတိုက်အလယ်ပိုင်းကြား ကျယ်ပြန့်သော မြက်ခင်းဒေသအရပ်မှ ဥရောပတိုက်၊ ဂရိကျွန်းဆွယ်၊ အီရန်ကုန်းပြင်မြင့်နှင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသသို့ ဝင်ရောက်လာကြသူများဖြစ်သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသအတွင်းသို့ ပြောင်းရွှေ့ဝင်ရောက်လာကြသော အာရိယန်မျိုးနွယ်စုများကို ဝေဒအာရိယန် (Vedic Aryans) သို့မဟုတ် အင်ဒို-အာရိယန် (Indo-Aryan) ဟု

DBEBOX - Copyright Protected

ခေါ်ဝေါ်ခဲ့ကြသည်။ အာရိယန်ဟူသော ဝေါဟာရအသုံးအနှုန်းမှာ ယနေ့မျက်မှောက်ခေတ်တွင် အင်ဒို-ဥရောပမျိုးနွယ်စုများဟူ၍ လူသိများသည်။ ဝေဒခေတ် သက္ကတ (Sanskrit) ဘာသာစကားအရ အာရိယကို မြင့်မြတ်သောသူများ သို့မဟုတ် လွတ်လပ်စွာရှင်သန်မွေးဖွားသူများဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

ဝေဒဆိုသည်မှာ ဗဟုသုတကြွယ်ဝပြည့်စုံခြင်းဟု အဓိပ္ပာယ်ရသည်။ ဝေဒခေတ်ကို ဝေဒခေတ်ဦး(Rig-vedic)နှင့် ဝေဒခေတ်နှောင်း (Later-vedic) ကာလဟူ၍ နှစ်ပိုင်းခွဲနိုင်သည်။ ဝေဒခေတ်ဦးကာလကို ဘီစီ ၁၇၀၀ မှ ဘီစီ ၁၀၀၀ အထိ သတ်မှတ်ထားပြီး ဝေဒခေတ်နှောင်းကာလကို ဘီစီ ၁၀၀၀ မှ ဘီစီ ၅၀၀ အထိသတ်မှတ်ထားသည်။ ဝေဒခေတ်ဦးကို ဓမ္မတေးခေတ် (Hymns Age)ဟု ခေါ်ဝေါ်ကြပြီး ဝေဒခေတ်နှောင်းကာလကို ဗြာဟ္မဏခေတ် (Brahmanic Age)ဟု ခေါ်ဆိုခဲ့ကြသည်။

အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသော အာရိယန်လူမျိုးတို့သည် ယနေ့မျက်မှောက် အာဖဂန်နစ္စတန် (Afghanistan)နိုင်ငံ၏ တောင်ကြားဒေသများကို ဖြတ်ကျော်၍ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည်။ အိန္ဒိယနိုင်ငံတွင်းရှိ ပန်ဂျပ် (Punjab)ပြည်နယ်နှင့် အိန္ဒုမြစ်ဝှမ်းဒေသသို့ ပထမဆုံးရောက်ရှိပြီး ထိုနယ်များကို တိုက်ခိုက်သိမ်းယူခဲ့သည်။

အိန္ဒိယသို့ဝင်ရောက်လာသော အာရိယန်လူမျိုးစုများအနက် အင်အားအကြီးမားဆုံးသော ဦးဆောင်အုပ်စုမှာ ဘာရတ (Bharatar) ဟူသော မျိုးနွယ်စုများဖြစ်သည်။ ၎င်းဘာရတမျိုးနွယ်စုများသည် ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းဒေသများကို သိမ်းပိုက်ပြီး အခြေစိုက်ခဲ့ကြသည်။

ဘာရတအနွယ်ဝင် ဘာသာရေးဆိုင်ရာရဟန်းများသည် ကဗျာလင်္ကာဖွဲ့နွဲ့သီကုံးရာတွင် ကျွမ်းကျင်ကြသည်။ နတ်ဘုရားများပူဇော်ရာတွင် သီဆိုရသောဓမ္မသီချင်းများ မပျောက်ပျက်စေရန် အာဂုံဆောင်၍ သားစဉ်မြေးဆက်ထိန်းသိမ်းလာခဲ့သည်။ ဘီစီ ၉၀၀ တွင် အဆိုပါဓမ္မသီချင်းများမှာ အာရိယန်တို့၏ မွန်မြတ်သော ဓမ္မဒေသနာများဖြစ်လာသည်။ အိန္ဒိယတွင် စာပေအရေးအသားပေါ်ထွန်းလာသည့်တိုင် စာပေအဖြစ်မှတ်တမ်းတင်ခြင်းမပြုခဲ့ပေ။

ထင်ရှားကျော်ကြားသော ဓမ္မဒေသနာများမှာ ရိဂ်ဝေဒ (Rig-veda)၊ သာမဝေဒ (Sama-veda)၊ ယဇုဝေဒ (Yajyu-veda) နှင့် အထဗ္ဗဝေဒ (Atharvana-veda) တို့ဖြစ်ကြသည်။ ဝေဒကျမ်းလေးကျမ်းဟု ခေါ်တွင်ခဲ့ကြသည်။ နောင်တွင် ဟိန္ဒူတို့၏ အမွန်မြတ်ဆုံးသောဒေသနာကျမ်းများဖြစ်လာသည်။ ရိဂ်ဝေဒသည် ဘီစီ ၁၅၀၀ ပြည့်နှစ်မှ ဘီစီ ၁၀၀၀ ပြည့်နှစ်အတွင်း ပေါ်ပေါက်ပြီး သာမဝေဒ၊ ယဇုဝေဒနှင့် အထဗ္ဗဝေဒ ကျမ်းတို့သည် ရိဂ်ဝေဒပေါ်ပေါက်ပြီး အနှစ်တစ်ရာ သို့မဟုတ် နှစ်ရာခန့်မှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဝေဒကျမ်းများသည် ဘာသာရေးဆိုင်ရာကျမ်းများဖြစ်သော်လည်း ယင်းကျမ်းများကို လေ့လာခြင်းဖြင့် ဝေဒခေတ် အာရိယန်လူမျိုးတို့၏ နိုင်ငံရေးနှင့် လူမှုစီးပွားရေး အခြေအနေတို့ကို သိရှိနိုင်သည်။

DUBE BOX - Copyright Protected

### ၅.၁.၂.၁။ အုပ်ချုပ်ရေး

အာရိယန်လူမျိုးစုများကို လူမျိုးစုအလိုက် ရာဇာ (Raja)ဘွဲ့ရသူ ဘုရင်တို့က အုပ်ချုပ်သည်။ ဘုရင့်ထီးနန်းကို သားစဉ်မြေးဆက် ဆက်ခံလေ့ရှိသည်။ ဘုရင်တို့သည် ရဲစွမ်းသတ္တိရှိသူ၊ သနားကြင်နာတတ်သူ၊ အကျင့်သီလသမာဓိဂုဏ်ပုဒ်များနှင့် ပြည့်စုံသူဖြစ်ရသည်။ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးသည် ဘုရင်တို့၏ အဓိကတာဝန်ဖြစ်သည်။ ဘုရင်၏လက်အောက်တွင် မှူးမတ်များ၊ အရာရှိများ၊ စစ်ဗိုလ်ချုပ်များ၊ လူမျိုးစုအကြီးအမှူးများ၊ မင်းဆရာများ ရှိကြသည်။ မင်းဆရာများသည် အရေးပါသော ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထို့ပြင် ဝေဒခေတ်ဦး အာရိယန်တို့၏ အုပ်ချုပ်ရေးတွင် သဘာ (Sabha) ခေါ် လူမျိုးစုခေါင်းဆောင်များကောင်စီ (လူမျိုးစုခေါင်းဆောင်အဖွဲ့) နှင့် သာမိတ္တ (Samiti) ခေါ် ပြည်သူ့ကောင်စီ (လူထုအဖွဲ့) ဟူ၍ရှိသည်။ လူမျိုးစုခေါင်းဆောင်များကောင်စီသည် အုပ်ချုပ်ရေးတွင် ဘုရင့်အား အကြံပေးရသည်။ ထို့ပြင် တရားစီရင်ရေးတာဝန်လည်း ထမ်းဆောင်ရသည်။ ပြည်သူ့ကောင်စီသည် ဘုရင့်အား ရွေးကောက်ရသည့်တာဝန်ရှိသည်။ ထို့ပြင် နိုင်ငံစီးပွားတိုးတက်စေရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရသည်။

ဝေဒခေတ်နှောင်းတွင် အာရိယန်တို့သည် မြို့ပြတည်ထောင်ကာ အခြေခံအုပ်ချုပ်ရေးစနစ်ရှိခဲ့သည်။ ဝေဒခေတ်နှောင်းကုန်လုနီးအချိန်တွင် ဘုရင်သည် အကြွင်းမဲ့အာဏာပိုင်ဖြစ်လာသည်။ နိုင်ငံ၏ အုပ်ချုပ်ရေးတွင် အရေးပါသောလူတန်းစားတစ်ရပ်မှာ ဘုရင့်ဆွေတော်မျိုးတော်များနှင့် နန်းတွင်းမှူးမတ်အရာရှိများဖြစ်ကြသည်။

### ၅.၁.၂.၂။ စီးပွားရေး

လယ်ယာစိုက်ပျိုးရေးသည် ဝေဒခေတ်ဦး အာရိယန်လူမျိုးတို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ ဝေဒခေတ်ဦးကပင် အာရိယန်တို့သည် ဆည်မြောင်းစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို တတ်ကျွမ်းပြီးဖြစ်သည်။ ဝေဒခေတ်ဦးတွင် ဘာလီကို အဓိကထားစိုက်ပျိုးသည်။ ဝေဒခေတ်နှောင်းတွင်မူ ဘာလီသာမက၊ စပါး၊ ဂျုံ၊ ဝါနှင့် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးခဲ့ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရသည့် လုပ်ငန်းဖြစ်သည်။

အာရိယန်တို့သည် ဝေဒခေတ်ဦးကတည်းကပင် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကို ပူးတွဲလုပ်ဆောင်ခဲ့ကြသည်။ နွား၊ ကျွဲ၊ မြင်း၊ ခွေး၊ ဆိတ်၊ သိုး နှင့် မြည်းများကို မွေးမြူခဲ့ကြသည်။ နွားကို အဓိကထား အလေးပေးမွေးမြူခဲ့ကြသည်။ ချမ်းသာကြွယ်ဝမှုနှင့် ဓနဥစ္စာပိုင်ဆိုင်မှုသည် နွားအများအပြား ပိုင်ဆိုင်ခြင်းပေါ်မူတည်သည်။ တစ်ခါတစ်ရံ နွားကို ငွေကြေးလဲလှယ်မှုမဏ္ဍိုင်အဖြစ် အသုံးပြုကြသည်။

DBE BOX - Copyright Protected

ဝေဒခေတ်တွင် လက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများအမျိုးမျိုးရှိသည်။ အရေးပါသော လက်မှုလုပ်ငန်းမှာ ချည်ထည်လုပ်ငန်းဖြစ်သည်။ ချည်ထည်၊ သိုးမွေးထည်၊ ဆေးဆိုးပန်းရိုက်၊ ပန်းထိုးလုပ်ငန်းများရှိသည်။ လက်သမားများသည် အိမ်ဆောက်ခြင်း၊ မြင်းရထား၊ မီးဖိုချောင်သုံး ပစ္စည်းများနှင့် ပရိဘောဂများပြုလုပ်ခဲ့ကြသည်။

ဝေဒခေတ်ဦးတွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ ကျောက်သား၊ အုတ်တို့ကို မသုံးစွဲခဲ့ပေ။ ကြေးလက်နက်ကိရိယာအသုံးအဆောင်များကို ထုတ်လုပ်နိုင်ခဲ့သော်လည်း သံထည်ပစ္စည်းများ သုံးစွဲမှုမရှိသေးပေ။ မြို့ပြတည်ထောင်နိုင်မှုမရှိသောကြောင့် အာရိယန်တို့၏ စီးပွားရေးမှာ တိုးတက်ဖွံ့ဖြိုးမှုမရှိခဲ့ပေ။ ငွေကြေးစနစ်လည်း မထွန်းကားသေးပေ။ ဝေဒခေတ်နှောင်းတွင် အာရိယန်တို့သည် မြို့ပြများတည်ထောင်နိုင်ခဲ့သည်။ သံဖြူ၊ ခဲ၊ ငွေနှင့် သံတို့ကို သုံးစွဲခဲ့ကြသည်။ ပန်းထိမ်လုပ်ငန်းလည်းရှိပြီး နားကပ်၊ နားကွင်း၊ လက်ကောက်၊ ခြေချင်း၊ လည်ဆွဲ စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။ သားရေဖြင့် လေးကြိုးများ၊ အရက်ထည့်သည့် အိတ်၊ စည်ပိုင်းငယ်များ ပြုလုပ်ကြသည်။

ကုန်သွယ်မှုတွင် ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်းသွားကုန်သွယ်မှုများရှိခဲ့သည်။ ကုန်သည်များသည် အမြတ်များစွာရရှိရေးအတွက် ဝေးလံခေါင်ဖျားသော ဒေသများသို့ လှည့်လည်သွားလာ၍ ကုန်သွယ်ခဲ့ကြသည်။ ဘေဘီလုံ (Babylon)၊ အနောက်အာရှဒေသများနှင့် ကုန်သွယ်မှုရှိခဲ့သည်။ ကုန်သွယ်မှုတွင် ကုန်ပစ္စည်းချင်းလဲလှယ်မှုစနစ်ကို အဓိကအသုံးပြုခဲ့သည်။ နွားကိုလည်း ကုန်ပစ္စည်းတန်ဖိုးဖြတ်သည့်အနေဖြင့် အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ရွှေတုံးအပိုင်းအစများကို လဲလှယ်ရေးမဏ္ဍိုင်အဖြစ် တဖြည်းဖြည်းအသုံးပြုခဲ့ကြသည်။

DBE BOX - Copyright Protected

## ၅.၁.၂.၃။ လူမှုရေး

အာရိယန်တို့၏ အခြေခံအကျဆုံးသော လူမှုအဖွဲ့အစည်းမှာ မိသားစုဖြစ်သည်။ မိသားစုတွင် ဖခင်ဖြစ်သူက အုပ်စိုးခြင်းနှင့် အဖ၏မျိုးရိုးကို ဆက်ခံခြင်းဓလေ့တို့မှာ အာရိယန်တို့၏ လူမှုရေးဓလေ့ ပင်ဖြစ်သည်။ ဝေဒခေတ်ဦး လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသမီးများကို အလေးပေးခဲ့ကြသည်။ အိမ်ထောင်သည်အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ရှင်မတစ်ဦးဖြစ်သကဲ့သို့ ကျေးကျွန်များ၏ သခင်မတစ်ဦးလည်းဖြစ်သည်။ မိန်းကလေးများအရွယ်ရောက်ပြီးနောက် လက်ထပ်ထိမ်းမြား ပေးလေ့ရှိကြသည်။ ယေဘုယျအားဖြင့် တစ်လင်တစ်မယားစနစ်ကို အမျိုးသမီးများက လိုက်နာကျင့်သုံးကြသော်လည်း အမျိုးသားများအနေဖြင့် မယားပြိုင်စနစ်ကို ကျင့်သုံးခဲ့ကြသည်။ မုဆိုးမသည် ထပ်မံအိမ်ထောင်ပြုခွင့်ရှိသည်။ အိမ်ထောင်ရေးဖောက်ပြန်ခြင်းကို ရွံရှာမုန်းတီးကြသည်။ အမျိုးသမီးကချေသည် လူတန်းစားတစ်ရပ်လည်း ရှိသည်။

ဝေဒခေတ်ဦးတွင် ကျေးရွာများရှိ နေအိမ်များကို သစ်၊ ဝါး များဖြင့် ဆောက်လုပ်ခဲ့ကြသည်။ အိမ်များကို သက်ငယ်မိုးပြီး ကြမ်းခင်းမှာ နွံ့ဖြင့် မံထားသည်။ ကျေးရွာများကို သူကြီးတို့က အုပ်ချုပ်ခဲ့သည်။ ဝေဒခေတ်နှောင်းတွင် အာရိယန်တို့သည် မြို့ပြများတည်ထောင်ခဲ့ကြပြီး အာရိယန် ယဉ်ကျေးမှုသည် တိုးတက်လာခဲ့သည်။

အာရိယန်တို့သည် ချည်ထည်၊ သိုးမွေးထည်နှင့် သမင်သားရေကို အသုံးပြု၍ အဝတ်အထည်များ ချုပ်လုပ်ဝတ်ဆင်ခဲ့ကြသည်။ ရွှေချည်ထိုးအထည်များကိုလည်း ဝတ်ဆင်ကြသည်။ အမျိုးသားရော အမျိုးသမီးပါ ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများ ဝတ်ဆင်ကြသည်။ အမျိုးသမီးများသည် နားကွင်း၊ လည်ဆွဲ၊ လက်ကောက်နှင့် ခြေချင်းများကို ဝတ်ဆင်ကြသည်။ အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးလုံး ၎င်းတို့၏ ဆံကေသာများကို ဆီလိမ်းပြီး ဘီးကုပ်တပ်လေ့ရှိသည်။ အမျိုးသားများသည် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ ထားလေ့ရှိသည်။



**ပုံ(၉) ဝေဒခေတ်အိမ်**

DBE - Copyright Protected

အာရိယန်တို့သည် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးကြသည်။ ပုံမှန်စားသောက်မှုမှာ ဆန်၊ ဘာလီ၊ ပဲအမျိုးမျိုးနှင့် နှမ်းဆီတို့ဖြစ်သည်။ ၎င်းတို့သည် ဂျုံ၊ နွားနို့၊ ထောပတ်၊ ဒိန်ခဲနှင့် သစ်သီးဝလံများကိုလည်း စားသုံးကြသည်။ အစားအစာအတွက် ငါး၊ ငှက်၊ ဆိတ်၊ သိုးနှင့် မြင်းများကို သတ်ဖြတ်စားသောက်ကြသည်။ သို့သော် နွားကို သတ်ဖြတ်စားသောက်ခြင်းအား တင်းကျပ်စွာ ပိတ်ပင်တားမြစ်ခဲ့သည်။

အာရိယန်တို့သည် ၎င်းတို့၏ အပန်းဖြေအားလပ်ချိန်များ၌ လောင်းကစားခြင်း၊ စစ်ရေးပြအက ကခုန်ခြင်း၊ စစ်မြင်းရထားပြိုင်ပွဲကျင်းပခြင်း၊ အမဲလိုက်ခြင်း၊ လက်ဝှေ့ထိုးခြင်း၊ သီဆိုကခုန်ခြင်း

များ ပြုလုပ်လေ့ရှိကြသည်။ အမျိုးသမီးများသည် သီဆိုကခုန်မှုများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ သရုပ်ဖော်နိုင်ခဲ့ကြသည်။ သီဆိုကခုန်မှုတွင် ကြိုးတပ်တူရိယာ၊ လေမှုတ်တူရိယာနှင့် ဗုံများကို အသုံးပြုခဲ့ကြသည်။

အာရိယန်လူ့ဘောင်အဖွဲ့အစည်းကြီးတွင် အခြေခံအားဖြင့် လူတန်းစားနှစ်ရပ်ရှိသည်။ အုပ်ချုပ်သူမြင့်မြတ်သောလူတန်းစားနှင့် သာမန်ပြည်သူဟူ၍ဖြစ်ကြသည်။ ဒသ (Dasas) ဟု အမည်တွင်သောရှုံးနိမ့်သူတို့မှာ တတိယအုပ်စုအဖြစ်ရှိပြီး လူ့ဘောင်အဖွဲ့၏ အပယ်ခံများဖြစ်သည်။

ဝေဒခေတ်ဦးကတည်းကပင် ဇာတ်စနစ်လေးမျိုး ပေါ်ထွန်းခဲ့သည်။ ၎င်းဇာတ်လေးမျိုးမှာ ဗြာဟ္မဏ (Brah-man) ခေါ် ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် မင်းဆရာများ၊ ခတ္တိယ (Kshatriya) ခေါ် မင်းမျိုးစစ်သည်တော်များ၊ ဝဿ (Vaishya) ခေါ် ကုန်သည်၊ တောင်သူလယ်သမားများနှင့် သုဒ္ဒ (Shudra) ခေါ် ကျေးကျွန်တို့ ဖြစ်ကြသည်။ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝဿ လူတန်းစားသုံးရပ်မှာ လူ့ဘောင်အဖွဲ့အစည်းကြီး၏ လူမှုရေး၊ နိုင်ငံရေးနှင့် ဘာသာရေးကဏ္ဍများတွင် အပြည့်အဝ ခံစားခွင့်ရှိပြီး သုဒ္ဒလူတန်းစားမှာ အိန္ဒိယလူမှုဘဝ၏ အောက်ခြေလူတန်းစားများဖြစ်ပြီး အပယ်ခံများသာဖြစ်ကြသည်။

DBE BOX - Copyright Protected

### ၅.၁.၂.၄။ ကိုးကွယ်ယုံကြည်မှု

ဝေဒခေတ်ဦးမှ ခေတ်နှောင်းအထိ အာရိယန်တို့သည် သဘာဝတရားများနှင့် ဆက်စပ်သော နတ်ဘုရားများကို ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ နတ်ဘုရား၊ နတ်ဘုရားမများကို ကိုးကွယ်ဆည်းကပ်ရာတွင် ကမ္ဘာမြေကြီးနှင့်ဆက်စပ်မှု၊ ကမ္ဘာ့လေထုနှင့်ဆက်စပ်မှု၊ အာကာသမိုးကောင်းကင်နှင့် ဆက်စပ်မှုရှိသော နတ်ဘုရား၊ နတ်ဘုရားမ ဟူ၍သုံးမျိုးရှိသည်။

ကမ္ဘာမြေနှင့်ဆက်စပ်၍ ယုံကြည်ကိုးကွယ်ခဲ့သော နတ်ဘုရားများမှာ ပရိသ်ဝီ (Prithvi) ခေါ် သီးနှံနှင့် မျိုးပွားစောင့်ရှောက်ရေးနတ်၊ အဂ္ဂိနီ (Agni)ခေါ် မီးနတ်၊ ဗြဟပါသိ(Brihaspati) ခေါ် ဝတ်ပြုဆုတောင်းခြင်းနတ်နှင့် သောမ (Soma) ခေါ် မူးယစ်ထုံထိုင်းစေသောယမကာနတ်တို့ဖြစ်ကြသည်။

ကမ္ဘာ့လေထုနှင့်ဆက်စပ်၍ ယုံကြည်ကိုးကွယ်ခဲ့သော အဓိကနတ်ဘုရားများမှာ ဣန္ဒာရာ (Indra) ခေါ် မိုးနတ်မင်းနှင့် စစ်နတ်ဘုရား၊ ရုဒရာ (Rudra) ခေါ် လေးသည်တော်နှင့်မုန်တိုင်းလျှပ်စီးနတ်ဘုရား၊ ဝါရု (Vayu) ခေါ် လေနတ်ဘုရားတို့ ဖြစ်ကြသည်။

အာကာသမိုးကောင်းကင်နှင့် ဆက်စပ်၍ ယုံကြည်ကိုးကွယ်ခဲ့သော အဓိကနတ်ဘုရားများမှာ ဒိုင်းယပ်(စ်) ခေါ် (Dyaus) ကောင်းကင်နတ်ဘုရား၊ ဝါရုဏ (Varuna)ခေါ် ကောင်းကင်ဘုံနတ်ဘုရား

နှင့် ဥသျှ (Ushas) ခေါ် အရုဏ်ဦးစောင့်ရှောက်သောနတ်ဘုရားမနှင့် သူရိယ (Surya) ခေါ် နေနတ်ဘုရား၊ ရာမ (Yama)ခေါ် သေဆုံးခြင်းနှင့် မွေးဖွားခြင်းကို စီမံတော်မူသောနတ်ဘုရားနှင့် ဗိဿနိုး (Vishnu)ခေါ် စကြဝဋ္ဌာအား စိုးမိုးအုပ်ချုပ်သောနတ်ဘုရားတို့ ဖြစ်ကြသည်။

### ၅.၁.၂.၅။ မင်းပြည်ထောင်ငယ်များပေါ်ထွန်းလာခြင်း

ဝေဒခေတ်နှောင်းတွင် အာရိယန်တို့၏ အုပ်ချုပ်ရေးသည် အိန္ဒုမြစ်ဝှမ်းမှ ဂင်္ဂါမြစ်ကြောင်းတစ်လျှောက် အရှေ့ဘက်သို့ နယ်ချဲ့ခဲ့ပြီး ဘီစီ ၆၀၀ ခန့်မှ စတင်ကာ မင်းနိုင်ငံများထူထောင်ခဲ့သည်။ ထင်ရှားကျော်ကြားသော မင်းနိုင်ငံများမှာ ကောသလ၊ ဝိဒေဟနှင့် မာဂဓ စသောနိုင်ငံများဖြစ်ကြသည်။ အင်အားအကောင်းဆုံးနိုင်ငံမှာ မာဂဓနိုင်ငံဖြစ်ပြီး ဗိမ္ဗိသာရမင်းလက်ထက်တွင် အင်အားကောင်းလာပြီး ကျယ်ပြန့်သောနိုင်ငံကို ထူထောင်နိုင်ခဲ့သည်။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- အာရိယန်တို့ ဝေဒခေတ်ထူထောင်ခြင်း။
- အာရိယန်ဝေါဟာရအနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း။
- နတ်ဘုရားများပူဇော်ရာတွင် ဓမ္မသီချင်းများသီဆို၍ ပူဇော်ကြခြင်း။
- ဝေဒကျမ်း လေးကျမ်းရှိခြင်း။
- လူမျိုးစုအလိုက် ရာဇာဘွဲ့ရသူဘုရင်တို့က အုပ်ချုပ်ခြင်း။
- သက်ဦးဆံပိုင်ဘုရင်စနစ်နှင့်အတူ လူမျိုးစုခေါင်းဆောင်အဖွဲ့နှင့် လူထုအဖွဲ့ရှိခြင်း။
- ချမ်းသာကြွယ်ဝမှုသည် နွားအများအပြား ပိုင်ဆိုင်ခြင်းပေါ် မူတည်ခြင်း။
- ဝေဒခေတ်၏ အရေးပါသော လက်မှုလုပ်ငန်းမှာ ချည်ထည်လုပ်ငန်းဖြစ်ခြင်း။
- ကုန်သွယ်မှုတွင် ကုန်ပစ္စည်းချင်းလဲလှယ်မှုစနစ်ကို အဓိကအသုံးပြုခဲ့ခြင်း။
- လူမှုအဖွဲ့အစည်းတွင် မိသားစုသည်အခြေခံဖြစ်ခြင်း။
- အမျိုးသမီးများကို အလေးပေးခဲ့ခြင်း။
- တစ်လင်တစ်မယားစနစ်ကို အမျိုးသမီးများက လိုက်နာကျင့်သုံးကြခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ဝေဒခေတ် အာရိယန်တို့၏ လူမှုရေးကို သင်မည်ကဲ့သို့ ထင်မြင်သနည်း။ သင်၏ သုံးသပ်ထင်မြင်ချက်ကိုတင်ပြပါ။

## ၅.၂။ ခေတ်လယ်အိန္ဒိယယဉ်ကျေးမှု

### ၅.၂.၁။ ဟိန္ဒူယဉ်ကျေးမှုနောက်ခံသမိုင်း

ခေတ်လယ်အိန္ဒိယ၏ဘာသာရေးအတွေးအခေါ်၌ ဟိန္ဒူဝါဒ၊ ဂျိန်းဝါဒ ၊ ဗုဒ္ဓဝါဒနှင့် တန်တြကိုးကွယ်ယုံကြည်မှုဟူ၍ ရှိသည်။ ဟိန္ဒူဝါဒမှာ နတ်ဘုရားများစွာကို ကိုးကွယ်ယုံကြည်သည်။ ဗြဟ္မာ (Brahma)ဖန်ဆင်းပေးခဲ့သော နတ်ဘုရားများအနက် ဗိဿနိုးနှင့် သိဝနတ်ဘုရားတို့သည် တန်ခိုးအကြီးဆုံးဖြစ်သည်ဟုယုံကြည်သည်။ အထူးသဖြင့် ဗိဿနိုးနတ်ဘုရားသည် စကြဝဠာကြီးတစ်ခုလုံးနှင့် အရာဝတ္ထုမှန်သမျှကို ဖန်ဆင်းနိုင်သည်ဟုယုံကြည်ကြသည်။

DRU BOX - Copyright Protected



ပုံ(၁၀) ဗြဟ္မာ



ပုံ(၁၁) ဗိဿနိုး

#### ၅.၂.၁.၁။ ဗိဿနိုးနတ်ဘုရား

ဗိဿနိုးနတ်ဘုရားသည် ပြာနှမ်းသောအဆင်းရှိသည်။ လက်လေးဖက်ရှိသည်။ လက်လေးဘက်တွင် ခရုသင်း၊ သံပြား၊ သံလုံးနှင့် ကြာပန်းတို့ကို ကိုင်ဆောင်ထားသည်။ စီးတော်ယာဉ်မှာ ဂဠုန်ဖြစ်သည်။ ဗိဿနိုးနတ်မင်းသည် ကြင်နာတတ်ပြီး ကမ္ဘာလောကကြီးတစ်ခုလုံးကို ကြီးပွားချမ်းသာအောင် ပြုလုပ်ပေးတတ်သည်ဟု ယုံကြည်သည်။

### ၅.၂.၁.၂။ သီဝနတ်ဘုရား



ပုံ(၁၂) သီဝ

သီဝနတ်ဘုရားသည် တရားကျင့်ခြင်းဖြင့် ကမ္ဘာကြီး တည်တံ့အောင် ပြုလုပ်နိုင်သည်ဟု ယုံကြည်ကြသည်။ သီဝနတ်ဘုရား၏ အသွင်သဏ္ဌာန်ကိုဖော်ပြရာ၌ ကျားသားရေပေါ်တွင် တရားထိုင်နေသည့် အသွင်သဏ္ဌာန်ဖြင့် ဖော်ပြလေ့ရှိသည်။ သီဝနတ်ဘုရား၏နဖူးတွင် တတိယမျက်လုံးရှိပြီး ၎င်းမျက်လုံးသည် သီဝနတ်ဘုရား၏ထူးခြားသည့် ထိုးထွင်းသိမှုနှင့် ဉာဏ်ပညာကို ဖော်ပြခြင်းဖြစ်သည်။ သီဝနတ်ဘုရား ကိုင်ဆောင်ထားသည့်လက်နက်မှာ ခက်ရင်းသုံးခွဖြစ်ပြီး နန္ဒီအမည်ရှိ နွားကို စီးသည်ဟုယုံကြည်ကြသည်။ သီဝနတ်ဘုရားသည် သေခြင်းတရားနှင့် အရာခပ်သိမ်းဖျက်ဆီးနိုင်ခြင်းကို ကိုယ်စားပြုသည့် နတ်ဘုရားဟုလည်း ယုံကြည်ကြသည်။ ဟိန္ဒူဝါဒတွင် နတ်ဘုရားများ၏ ကြင်ရာတော်များကို နတ်ဘုရားမအဖြစ် ကိုးကွယ်ကြသည်။

### ၅.၂.၁.၃။ ကိုးကွယ်ယုံကြည်မှုထုံးတမ်းစဉ်လာများ

ဟိန္ဒူဝါဒ၏ အဓိကယုံကြည်ချက်တစ်ရပ်မှာ ကမ္မ ခေါ် ကံတရားကို ယုံကြည်ခြင်းဖြစ်သည်။ မကောင်းမှုပြုလျှင် မကောင်းကျိုးသက်ရောက်သည်ဟု ယုံကြည်ကြသည်။ သံသရာတည်းဟူသော ဘဝအဖန်တလဲလဲဖြစ်ပျက်မှုမှ လွတ်မြောက်ရန် အဆင့်ဆင့်ကြိုးစားရသည်။ ဟိန္ဒူဘာသာဝင်များ အနေဖြင့် လိုက်နာရမည့်စည်းကမ်းများကိုလည်း ဘဂဝါဂီတကျမ်းတွင် ဖော်ပြထားသည်။ ၎င်းမှာ လူတန်းစားအသီးသီးကို ဇာတ်လူတန်းစားများအဖြစ် ဘာသာရေးအရ ကြိုးပမ်းဆောင်ရွက်ရန် သတ်မှတ်ထားသည်။ ယင်းတို့မှာ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝဿနှင့် သုဒ္ဒ တို့ပင်ဖြစ်သည်။

ဟိန္ဒူဝါဒ၏ အခြေခံကျင့်သုံးနည်းမှာ ကိုးကွယ်ဆည်းကပ်ခြင်းဖြစ်သည်။ နတ်ဘုရားများကို ဆင်းတုများထုပြီး ကိုးကွယ်ကြသည်။ နတ်ဘုရားများကို ရည်စူးပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ အမွှေးနံ့သာများ ဆက်သခြင်း၊ ဆွမ်း၊ သစ်သီးများ ဆက်ကပ်ခြင်းတို့ကို ပြုလုပ်ကြသည်။ ဘာသာရေး အခမ်းအနားများတွင် ဗြာဟ္မဏလူတန်းစားကသာ တိကျစွာဆောင်ရွက်နိုင်သည်ဟု ယုံကြည်ကြသည်။

DBE BOX - Copyright Protected

## ၅.၂.၁.၄။ ဟိန္ဒူနတ်ဘုရားရုပ်တု

ဟိန္ဒူနတ်ဘုရားရုပ်တုများ ထုလုပ်ရာတွင် ဂုပ္ပတခေတ် ပန်းပုလက်ရာအဖြစ် ဂွာလီယာအရပ်ရှိ နေနတ်ရုပ်တွင်တွေ့ရသည်။ ယင်းနတ်ရုပ်၏ ယဲ့ယဲ့ပြုံးနေဟန်၊ ခန္ဓာကိုယ်တောင့်တင်းခိုင်မာဟန်၊ ပူဇော်သူတို့ကိုစီး၍ ကြည့်နေဟန်နှင့် လက်တစ်ဖက်မြှောက်ကာ ကောင်းချီးပေးနေဟန်တို့မှာ စိတ်ကောင်းရှိသော နေနတ်၏ အတွင်းသဘောကို ထုတ်ဖော်လျက်ရှိသည်။ အလယ်ခေတ် ဘီဟာနှင့် ဘင်္ဂလားနယ်တွင် ဟိန္ဒူဘာသာဝင်တို့က ကျောက်နက်များဖြင့် ဆင်းတုတော်များ၊ နတ်ရုပ်များကို ထုလုပ်ကြသည်။ နတ်ဘုရားရုပ်တုများမှာလည်း နုပျိုလှပမှုကို ပေါ်လွင်စေသည်။ နတ်ဘုရားများ၏ မျက်နှာအနေအထားမှာ ရွှင်ပြုံးမှုကိုဆောင်သည်။ နတ်ဘုရားဆင်းတုတို့တွင် တင်ပျဉ်ခွေပုံနှင့် မတ်ရပ်ပုံတို့ရှိသည်။

## ၅.၂.၁.၅။ ဟိန္ဒူနတ်ဘုရားကျောင်း

ရှေးအိန္ဒိယဗိသုကာလက်ရာများအနက် အများစုမှာ ဘာသာရေးနှင့်သက်ဆိုင်သော အဆောက်အဦများဖြစ်သည်။ အိန္ဒိယဗိသုကာပညာတွင် အောက်ခြေခိုင်မာမှုကို အသားပေးသည်။ ဟိန္ဒူဘုရားကျောင်းများကို မြင့်မားစွာတည်ဆောက်စေကာမူ အောက်ခြေအုတ်မြစ်များသည် ထည်ဝါကျယ်ပြန့်သည်။

ဂုပ္ပတခေတ် နတ်ဘုရားကျောင်းများအားလုံးသည် အရွယ်သေးငယ်၍ ယင်းတို့၏ အမိုးများမှာ အမိုးပြန့်များဖြစ်သည်။ ဂုပ္ပတခေတ် လက်ရာမြောက်သောနတ်ဘုရားကျောင်းများကို ခြောက်ရာစုခန့်က ကျောက်တုံးများဖြင့် တည်ဆောက်ခဲ့သည်။ နတ်ဘုရားခန်း၏ အမိုးပေါ်တွင် မျှော်စင်ငယ်တစ်ထပ် ဆင့်ထားသည်။ အဆောက်အအုံပတ်လည်တွင် စင်္ကြံရှိသည်။ ပူဇော်သူများက ခန်းမဆောင်မှ ပူဇော်ကြရသည်။ နတ်ဘုရားကျောင်းတစ်ခုလုံးကို စတုဂံပုံစံ စင်မြင့်ပေါ်တွင် တည်ဆောက်ထား၍ တစ်ခါတစ်ရံ ပတ်လည်၌ နတ်နန်းငယ်များရှိသည်။

အေဒီခြောက်ရာစုမှ ရှစ်ရာစုအတွင်း အိန္ဒိယတောင်ပိုင်းတွင် ပလ္လဝါ (Pallava) ခေတ် လက်ရာကောင်းများစွာ တည်ဆောက်ခဲ့ကြသည်။ ရှိုးဝါး (Shore) နတ်ဘုရားကျောင်းနှင့် ကေလာသနာထ (Kailasanath) နတ်ဘုရားကျောင်းများသည် အေဒီ ၈ ရာစုက တည်ဆောက်ထားခြင်းဖြစ်သည်။ ကေလာသနာထနတ်ဘုရားကျောင်းတွင် အောက်ခြေမှစ၍ မျှော်စင်အထွတ်အထိ ပိရမစ်ပုံသဏ္ဍာန်ပစ္စယာအဆင့်ဆင့် ထပ်ထားသောကြောင့် ဗုဒ္ဓဘာသာစေတီများနှင့် သဏ္ဍာန်တူသည်။

DBEBOX - Copyright Protected

ပလ္လဝါခေတ်လက်ရာများသည် ၁၀ ရာစုမှ ၁၂ ရာစုအတွင်း ချိုလာ (Cholar) မင်းဆက်ခေတ်တွင် ပိုမိုဆန်းသစ်လာသည်။ ယင်းမှာ တန်ဂျိုမြို့ရှိ သီဝနတ်ဘုရားကျောင်းဖြစ်သည်။ နတ်ဘုရားကျောင်း၏ အပေါ်ပိုင်းကို လိပ်ခုံးပုံသဏ္ဌာန် အထွတ်ပြု၍ တည်ဆောက်ခဲ့ရာ အောက်ခြေမှ အထွတ်အထိ ပေ ၂၀၀ ခန့်မြင့်မားသည်။ ယင်းသီဝနတ်ဘုရားကျောင်းပုံစံမျိုးကို ယခုအချိန်ထိ တည်ဆောက်ကြသည်။ ၁၂ ရာစုမှစ၍ နတ်ဘုရားကျောင်းများကို အုတ်တံတိုင်း ကာရံလာကြသည်။ အရပ်လေးမျက်နှာမှ ဝင်နိုင်ရန် မုခ်ဝလေးပေါက် တပ်ဆင်ကြသည်။ မုခ်ပေါက်အဝင်ဝတွင် ပိရမစ်ပုံမျှော်စင်တစ်ခုစီ ထားရှိသည်။


DBE BOX - Copyright Protected

**ပုံ(၁၃) ရှိုးဝါး** (Shore) **နတ်ဘုရားကျောင်း**



**ပုံ(၁၄) ကေလာသနာထ** (Kailasanath) **နတ်ဘုရားကျောင်း**

DBE BOX - Copyright Protected

### ၅.၂.၁.၆။ ဗိသုကာအနုပညာလက်ရာ

အလယ်ခေတ်အိန္ဒိယဗိသုကာသည် သစ်သားနှင့် အုတ်အဆောက်အအုံမှ ကျောက်သား အဆောက်အအုံသို့ တစ်ဆင့်တက်လာသည်ဟု ဆိုနိုင်သည်။ အလယ်ခေတ်အိန္ဒိယဗိသုကာလက်ရာမှာ ပုံစံနှစ်မျိုးထွန်းကားခဲ့သည်။ မြောက်ပိုင်းပုံစံ သို့မဟုတ် အင်ဒိုအာရိယန်ပုံစံ (Indo-Aryan Style) တွင် နတ်ဘုရားကျောင်း၏အထွတ်၌ တည်ထားသောမျှော်စင်ကို ခပ်ဝိုင်းဝိုင်းတည်ဆောက်၍ တောင်ပိုင်းပုံစံ သို့မဟုတ် ဒြာဗီးဒီးယန်းပုံစံ (Dravidian Style) တွင် ယင်းမျှော်စင်ကို စတုဂံပုံကျကျ တည်ဆောက်ထားသည်။ တောင်ပိုင်းအဆောက်အအုံပုံများ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံသည် မြောက်ပိုင်းမှာထက် ပိုထင်ရှားသည်။

ရှေးခေတ်အိန္ဒိယပြည်၏ အနုပညာလက်ရာများအနက် ပန်းပုလက်ရာနှင့် ဗိသုကာလက်ရာများစွာကျန်ရစ်ခဲ့သော်လည်း ပန်းချီလက်ရာများမှာ အနည်းငယ်သာ ကျန်ရစ်ခဲ့သည်။ ဟရပ္ပခေတ်နှင့် မောရိယခေတ်အကြားတွင် ထင်ရှားသော ဗိသုကာလက်ရာအဆောက်အအုံများ ပေါ်ပေါက်ခဲ့သည်ကိုမတွေ့ရပေ။ အကြောင်းမှာ ထိုကာလအတွင်းတွင် ကျောက်သားဖြင့်တည်ဆောက်ခဲ့သော အဆောက်အအုံနည်းပါးခြင်းကြောင့်ဖြစ်သည်။

**အဓိကအချက်များ**

- အိန္ဒိယ၏ ဘာသာရေးအတွေးအခေါ်၌ ဟိန္ဒူဝါဒ၊ ဂျိန်းဝါဒ၊ ဗုဒ္ဓဝါဒနှင့် တန်ဖိုးကြီးကိုးကွယ် ယုံကြည်မှုဟူ၍ ရှိခြင်း။
- စကြဝဠာသခင် ဗိဿနိုးနတ်ဘုရားကို အဓိကကိုးကွယ်ယုံကြည်ခြင်း။
- သီဝနတ်ဘုရားကိုလည်း တန်ခိုးအကြီးဆုံးဟု ယုံကြည်ခြင်း။
- ဟိန္ဒူဝါဒသည် ကံတရားကို ယုံကြည်ခြင်း။
- ဟိန္ဒူဝါဒ၏ အခြေခံကျင့်သုံးနည်းမှာ ကိုးကွယ်ဆည်းကပ်မှုဖြစ်ခြင်း။
- နတ်ဘုရားရုပ်တုများ၏ အနုပညာလက်ရာများသည် ခေတ်ဦးဟိန္ဒူယဉ်ကျေးမှုကို ထင်ပေါ် စေခြင်း။
- အလယ်ခေတ်အိန္ဒိယနိုင်ငံ၏ နတ်ဘုရားကျောင်း ဗိသုကာပုံစံ နှစ်မျိုးရှိခြင်း။
- ရှိုးဝါးနတ်ဘုရားကျောင်း၊ ကေလာသနာထနတ်ဘုရားကျောင်း၊ သီဝနတ်ဘုရားကျောင်းတို့ သည် ထူးခြားသည့်ဗိသုကာလက်ရာများဖြစ်ခြင်း။
- အင်ဒိုအာရိယန်ပုံတွင် နတ်ဘုရားကျောင်း၏ အထွတ်၌တည်ထားသောမျှော်စင်ကို ခပ်ဝိုင်းဝိုင်း တည်ဆောက်ခြင်း။
- ဒြာဗီးဒီးယန်းပုံစံတွင် အထွတ်၌ တည်ထားသောမျှော်စင်ကို စတုဂံပုံကျကျ တည်ဆောက်ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ခေတ်လယ်အိန္ဒိယယဉ်ကျေးမှုတွင် ပေါ်ထွန်းခဲ့သော ဟိန္ဒူနတ်ဘုရားကျောင်းများ တည် ဆောက်ပုံနှင့် ဗိသုကာလက်ရာများကို အကဲဖြတ်ပါ။

### ၅.၂.၂။ ဗုဒ္ဓယဉ်ကျေးမှုနောက်ခံသမိုင်း

အိန္ဒိယတွင် ဘီစီ ၆ ရာစု၌ ဗုဒ္ဓဘာသာထွန်းကားခဲ့သည်။ ဘီစီ ၅၆၆ တွင် ဖွားမြင်သော သိဒ္ဓတ္ထမင်းသားသည် သက်တော် ၂၉ နှစ်အရွယ်တွင် တောထွက်၍ ၆ နှစ်ကြာတရားကျင့်ကြံပြီးနောက် သဗ္ဗညုတဉာဏ်တော်ရကာ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဗုဒ္ဓဘာသာတွင် ဂေါတမဗုဒ္ဓ၏ သင်ကြားဆုံးမမှုများဖြစ်သည့် သစ္စာတရားလေးပါးကို အခြေခံသည်။ မဂ္ဂင်ရှစ်ပါးကို သံသရာဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်သော နည်းလမ်းအဖြစ် ယုံကြည်ကျင့်သုံးကြသည်။ အိန္ဒိယတွင် ဗုဒ္ဓဘာသာသည် ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်နှင့် အိန္ဒိယ မြောက်ပိုင်းတွင်ပျံ့နှံ့ကာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အသောကမင်းကြီးလက်ထက်တွင် အိန္ဒိယ တောင်ပိုင်းနှင့် သီရိလင်္ကာတိုင်အောင် ပျံ့နှံ့ခဲ့သည်။

DBE BOX - Copyright Protected

**၅.၂.၂.၁။ ဗုဒ္ဓဘာသာနိကာအဆောက်အအုံများ**

အိန္ဒိယဗိသုကာလက်ရာများအနက် အထင်ရှားဆုံးအဆောက်အအုံများမှာ ဂူဘုရားများနှင့် စေတီ၊ ပုထိုးများဖြစ်ကြသည်။ ဂုပ္ပတခေတ်မတိုင်မီက စေတီအပြင် အခြားသောဘာသာရေး အဆောက်အအုံများမှာ လိုဏ်ဂူတုများပင်ဖြစ်သည်။ ဂါယာမြို့အနီးရှိ ဗရာဗာတောင်တွင် အသောကမင်းလက်ထက်က တည်ဆောက်ခဲ့သော ဂူနှစ်ခုသည် တောင်ကိုထွင်းထားသော လေးထောင့်ခန်းမဆောင်များဖြစ်သည်။ ယင်းလိုဏ်ဂူတုများသည် တရားဟောမဏ္ဍပ်များကို ပုံစံယူ၍ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ခေတ်ဦးလိုဏ်ဂူတုများတွင် အလှအပမွမ်းမံခြင်းမရှိပေ။

ခေတ်ဦးလိုဏ်ဂူမျက်နှာစာတွင် မြင်းမိုရ်သဖွယ်တြိဂံပုံ ထုလုပ်ခဲ့ရာမှတစ်ဆင့် စကြံများ အလင်းရောင်ဝင်ရန် ပြတင်းပေါက်များကိုပါထွင်းခဲ့ကြသည်။ ဂူအနီးတွင် သံဃာတော်များသီတင်း သုံးရန် ဆောက်လုပ်ထားသော ကျောင်းသင်္ခမ်းများလည်းရှိသည်။ ယင်းလိုဏ်ဂူများအနက် ဟိုက်ဒရာဘတ်နယ်၏ အနောက်မြောက်ဘက်ရှိ အဇန္တဂူ (Ajanta Caves)များသည် အထင်ရှား ဆုံးဖြစ်သည်။ အဇန္တဂူအုပ်စုတွင် လိုဏ်ဂူပေါင်း ၂၇ ခုရှိ၍ အချို့လိုဏ်ဂူများသည် အတွင်းသို့ ပေတစ်ရာအထိ ရှည်သည်။ လိုဏ်ဂူများတွင်ထွင်းထုထားသည့် လှပသောရုပ်တုများ၊ နံရံဆေးရေး ပန်းချီများကိုတွေ့ရသည်။ အဇန္တလိုဏ်ဂူအပြင် လိုဏ်ဂူပေါင်း ၃၄ ခုပါဝင်သော အဲလိုရာ (Ellora Caves) လိုဏ်ဂူဘုရားနှင့် လိုဏ်ဂူပေါင်း ၁၇ ခုပါဝင်သော ဘုံဘေမြို့အနီး အယ်လီဖင်တာကျွန်း (Elephanta) ရှိ လိုဏ်ဂူဘုရားများပင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များအတွက် စေတီများသည် မြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များကို ဌာပနာ၍တည်ထားခဲ့ခြင်းဖြစ်သည်။ အသောကမင်းလက်ထက်တွင် အိန္ဒိယပြည်အနှံ့အပြား၌ ဗုဒ္ဓကို ရည်မှန်းပြီး စေတီများတည်ဆောက်ခဲ့ကြသည်။ စေတီများကို နေလှန်းအုတ်များ၊ အင်္ဂတေများဖြင့် မွမ်းမံတည်ဆောက်ခဲ့ကြသည်။ စေတီ၏ထိပ်တွင် ကျောက်သား သို့မဟုတ် သစ်သားဖြင့် ပြုလုပ် ထားသော ထီးတော်တပ်ဆင်ထားသည်။

မောရိယခေတ်နှင့် ဂုပ္ပတခေတ်ကြားတွင် ထင်ရှားသောစေတီများအနက် ဗားရတ်မြို့၊ ဆန်ချီမြို့နှင့် အမရဝတီမြို့ရှိ စေတီများမှာ အထင်ရှားဆုံးဖြစ်သည်။ ဗားရတ်မြို့မှစေတီမှာ ယခုအခါ မရှိတော့ပေ။ ဆန်ချီအရပ်ရှိစေတီကို ဘီစီ ၁ရာစု ကုန်ခါနီးတွင် မုခ်လေးခု တပ်ဆင်ခဲ့ကြသည်။ မုခ်ဝများကို တံတိုင်းများဖြင့် ကာရံထားသည်။ ထိုတံတိုင်းများတွင် မြတ်စွာဘုရား၏ ဗုဒ္ဓဝင် ဖြစ်စဉ်များကို သရုပ်ဖော်ထားသည့် ပန်းပုရုပ်များနှင့် မွမ်းမံထားသည်။ အိန္ဒိယမြောက်ပိုင်းဒေသတွင် တည်ဆောက်ခဲ့သောစေတီများသည် ယနေ့ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် တွေ့ရသော ထိပ်ချွန်စေတီမျိုးဖြစ်သည်။

DRL BOX - Copyright Protected



DBE BOX Copyright Protected

ပုံ(၁၅) ဆန်ချီစေတီ

**၅.၂.၂.၂။ ဗုဒ္ဓရုပ်ပွားတော်များ**

ရှေးအကျဆုံး ဗုဒ္ဓရုပ်ပွားတော်များကို အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက် ဂန္ဓာရဒေသတွင် တွေ့ရသည်။ ဂန္ဓာရဒေသမှ ပြည်သူများသည် အသောကမင်းလက်ထက်မှစတင်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသူများဖြစ်သည်။ အနောက်ဥရောပများနှင့်လည်း ကူးလူးဆက်ဆံမှုရှိခဲ့သည်။ ထိုခေတ်တွင် ရုပ်ပွားတော်များထုလုပ်ရန်အတွက် ကျောက်ဆစ်ပညာရှင် ဂရိလူမျိုးများကို ခေါ်ယူ ငှားရမ်း၍ ထုလုပ်သဖြင့် ဂန္ဓာရလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၏ အသွင်သဏ္ဍာန်သည် ဂရိဆန်သည်။ ရုပ်ပွားတော်များ၏ မျက်နှာတော်သည် အိန္ဒိယသားများနှင့်မတူဘဲ ဂရိလူမျိုးတို့၏ နဖူး၊ နှာခေါင်း၊ နှုတ်ခမ်းတို့နှင့် ဆင်တူသည်။ ဆံတော်မှာ အထက်သို့တွန့်လိမ်နေသည်။ သင်္ကန်းတော်ကို ထူထူ ဝတ်ထားသကဲ့သို့ ထုလုပ်ထားသည်။ ထုလုပ်သည့် ကျောက်အမျိုးအစားမှာ ကျောက်ညို၊ ကျောက် အပြာရောင်တို့ဖြစ်သည်။ ဂန္ဓာရလက်ရာပုံသည် အိန္ဒိယတစ်ပြည်လုံးတွင်သာမက တရုတ်ပြည်သို့ တိုင်အောင် ပြန့်ပွားခဲ့သည်။

ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ရာတွင် မထုရာလက်ရာပုံများသည် ဘီစီ ၁ ရာစု အကုန်က စတင်ထွန်းကားခဲ့သည်။ ဂန္ဓာရနှင့် စင်ပြိုင်ဖြစ်သော အိန္ဒိယနိုင်ငံတောင်ဘက် မထုရာဒေသမှ ပန်းပုဆရာတို့သည် သဲကျောက်များဖြင့် ရုပ်တုများကို ထုလုပ်ခဲ့ကြသည်။ ဂုပ္ပတခေတ်မတိုင်မီ ထုလုပ်သော မထုရာလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၏ဆံတော်သည် ခရုပတ်ခွေပုံသဏ္ဌာန်ဖြစ်ပြီး သင်္ကန်းတော်မှာ ရေဆွတ်၍ ကိုယ်တွင်ကပ်နေဘိသကဲ့သို့ ပါးပါးလှပ်လှပ်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ပုံသဏ္ဌာန်သည် ရင်အုံမှာ မို့မောက်ပြီး ကျယ်ပြန့်သော ပခုံးတော်ရှိကာ လူတကာထက်မြတ်သော မဟာပုရိသလက္ခဏာပုံအဖြစ် သရုပ်ပေါ်အောင် ထုလုပ်နိုင်ခဲ့သည်။

ဂုပ္ပတခေတ်တွင် မထုရာဒေသမှလက်မှုပညာရှင်များသည် အလွန်လက်ရာမြောက်သော ရုပ်တုများကို ထုလုပ်လာကြသည်။ အထင်ရှားဆုံးဆင်းတုတော်မှာ ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားတော် ဟောကြားနေသောပုံဖြစ်သည်။ ဆင်းတုတော်၏အနေအထားမှာ လက်ကို ဓမ္မစကြာမုဒြာပုံ ပြုလုပ်ထား၍ မျက်လွှာချကာ တင်ပျဉ်ခွေထိုင်နေတော်မူသောပုံဖြစ်သည်။ ခန္ဓာကိုယ်ပုံပန်းမှာ သေးသွယ်ပြေပြစ်သည်။ ဦးခေါင်းတော်နောက်တွင် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးနေဟန်၊ ရုပ်ပွားတော်၏နံဘေးတွင် နတ်ဒေဝါများခြံရံနေဟန် ထုလုပ်ထားသည်။

DBE BOX - Copyright Protected



ပုံ(၁၆) ဂန္ဓာရလက်ရာဗုဒ္ဓရုပ်ပွားတော်



ပုံ(၁၇) မထုရာလက်ရာဗုဒ္ဓရုပ်ပွားတော် (ဂုပ္ပတခေတ်)

**အဓိကအချက်များ**

- အိန္ဒိယတွင် ဗုဒ္ဓဘာသာထွန်းကားခဲ့ခြင်း။
- ဗုဒ္ဓဘာသာတွင် သစ္စာတရားလေးပါးကို အခြေခံခြင်း။
- မဂ္ဂင်ရှစ်ပါးကို သံသရာဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်သော နည်းလမ်းအဖြစ် ယုံကြည်ကျင့်သုံးခြင်း။
- အသောကမင်းလက်ထက် အိန္ဒိယနိုင်ငံတစ်ဝန်း စေတီများ တည်ထားကိုးကွယ်ခဲ့ခြင်း။
- ဆန်ချီစေတီတော်၏ ဗိသုကာလက်ရာမှာ ထင်ရှားကျော်ကြားခြင်း။
- ဗုဒ္ဓရုပ်ပွားတော်များထုလုပ်ရာတွင် မထုရာဗုဒ္ဓရုပ်ပွားတော်သည် ထူးခြားမှုသဏ္ဍာန်ရှိခြင်း။
- ဂန္ဓာရဗုဒ္ဓရုပ်ပွားတော်ပုံသည် အိန္ဒိယတွင်သာမက တရုတ်ပြည်အထိရောက်ရှိခြင်း။
- ဂုပ္ပတခေတ် ဓမ္မစကြာတရားဟောနေသောပုံတော်သည် လက်ရာပြောင်မြောက်ခြင်း။
- ဂုပ္ပတအင်ပါယာ ပျက်သုဉ်းပြီးနောက် များစွာသော ပြည်ထောင်ငယ်များပေါ်ထွန်းလာခဲ့ခြင်း။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်း**

၁။ ခေတ်လယ်အိန္ဒိယတွင် တည်ထားခဲ့သော ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ် ဂူဘုရားများ၊ စေတီပုထိုးတော်များ၏ ဗိသုကာလက်ရာများကို ပုဂံခေတ်ဗုဒ္ဓယဉ်ကျေးမှုလက်ရာများနှင့် နှိုင်းယှဉ်တင်ပြပါ။

## ၅.၃။ ခေတ်နှောင်းအိန္ဒိယယဉ်ကျေးမှု

### ၅.၃.၁။ မဂိုအင်ပါယာနောက်ခံသမိုင်း

အိန္ဒိယနိုင်ငံတွင် ၆ ရာစု၌ ဂုပ္ပတအင်ပါယာ (Gupta Empire) ပျက်သုဉ်းပြီးနောက် များစွာသော ပြည်ထောင်ငယ်များပေါ်ထွန်းလာခဲ့သည်။ ထိုကာလအတွင်း အာရပ်-မွတ်စလင်ကုန်သည်များ အိန္ဒိယသို့ ရောက်ရှိလာကြသည်။ ထိုကုန်သည်များသည် ဟင်းခတ်အမွှေးအကြိုင်နှင့် လူသုံးကုန်ပစ္စည်းများရှာဖွေရန်၊ ရောင်းဝယ်ဖောက်ကားရန် အိန္ဒိယအနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဆိပ်ကမ်းမြို့များသို့ ရွက်လွှင့်ရောက်လာကြသည်။ ၎င်းတို့သည် အိန္ဒိယနိုင်ငံတွင် အချိန်ကြာမြင့်စွာ ဟိန္ဒူဘာသာဝင်များ၊ ဗုဒ္ဓဘာသာဝင်များနှင့် ငြိမ်းချမ်းစွာ အတူနေထိုင်ခဲ့ကြသည်။ ၇၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် မွတ်စလင်များသည် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်ကျူးကျော်ခဲ့ပြီး ယခုပါကစ္စတန်နိုင်ငံတည်ရှိရာ ဆင်း (Sind) ဒေသကို သိမ်းပိုက်ခဲ့သည်။ နှစ်ပေါင်းသုံးရာကြာပြီးနောက် မွတ်စလင်တို့သည် ယခု အာဖဂန်နစ္စတန် (Afghanistan)မှ အိန္ဒိယနိုင်ငံအတွင်းသို့ တဖွဲဖွဲဝင်ရောက်လာကြသည်။ ၁၂၀၀ ပြည့်နှစ်များတွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသအများစုသည် မွတ်စလင်တို့၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်ခဲ့သည်။

#### ၅.၃.၁.၁။ ဒေလီမင်းနိုင်ငံပေါ်ထွန်းလာခြင်းနှင့်ပျက်သုဉ်းခြင်း

အိန္ဒိယမြောက်ပိုင်းဒေသကို ထိန်းချုပ်ထားသော မွတ်စလင်တို့သည် ဒေလီ (Delhi) မြို့ကို အခြေခံပြီး မင်းနိုင်ငံသစ်ကို ထူထောင်ခဲ့ကြသည်။ ဤသို့အားဖြင့် ပသီမင်းများအုပ်စိုးသော ဒေလီမင်းနိုင်ငံ(Delhi Sultanate) အဖြစ် ပေါ်ထွန်းခဲ့သည်။ အုပ်စိုးသူအများစုမှာ ပါရှား (Persia)မှ အိန္ဒိယသို့ ဝင်ရောက်လာသော ဖာရစီ (Parsee)လူမျိုးများဖြစ်ကြသည်။ ဒေလီစူလတန်တို့သည် အိန္ဒိယနိုင်ငံတွင် အစ္စလာမ်ဘာသာနှင့် မွတ်စလင်ယဉ်ကျေးမှု ပျံ့နှံ့အောင် ဆောင်ရွက်ခဲ့ကြသည်။ ယင်းတို့၏အုပ်ချုပ်မှုသည် အိန္ဒိယနိုင်ငံ၌ နှစ်ပေါင်းသုံးရာကျော် တည်တံ့ခဲ့သည်။ သို့သော် ဒေလီစူလတန်ဘုရင် အီဗရာဟင်လိုဒီ (Ibrahim Lodhi) လက်ထက်တွင် နိုင်ငံတော်၏ အင်အားဆုတ်ယုတ်ပြီး ပြည်နယ်များအဖြစ် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့သည်။

DBE BOX - Copyright Protected




**ပုံ(၁၈) ဒေလီမင်းနိုင်ငံ**

DBE BOX - Copyright Protected

### ၅.၃.၁.၂။ မဂိုမျိုးဆက်ဖြစ်ပေါ်လာပုံ

၁၆ ရာစု အစောပိုင်းကာလတွင် တီမူ (Timur) ခေါ် တမီလ်လန် (Tamerlane) များ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည်။ ၎င်းတို့သည် အိန္ဒိယနိုင်ငံ၏ အနောက်မြောက်ဘက် အာရှတိုက်အလယ်ပိုင်းရှိ မွန်ဂိုလီစတန် (Mongolistan) နှင့် ထရန့်(စ်)အိုစီယားနား (Trans Oxiana) ဒေသတို့မှ ဝင်ရောက်လာကြခြင်းဖြစ်သည်။ ထိုဒေသများကို မွန်ဂိုဧကရာဇ် ဂျင်ဂစ်ခန် (Genghis Khan) ၏သားတော် ချာဂါတေးခန် (Chagatai Khan) က ချာဂါတေးမင်းဆက် တည်ထောင်အုပ်ချုပ်ခဲ့သည်။ ချာဂါတေးမင်းဆက်ကို မူလမွန်ဂိုမျိုးနွယ်များက ဦးဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် တူရကီမျိုးနွယ်စုများက လွှမ်းမိုးခဲ့သည်။

ချာဂါတေးခန်၏ မျိုးဆက်တစ်ဦးဖြစ်သူ တီမူခန် (Timur Khan) လက်ထက် ၁၃၅၃ ခုနှစ်တွင် မွန်ဂိုလီစတန်နိုင်ငံ၏ မင်းနှင့် ပြည်သူတို့သည် အစ္စလာမ်ဘာသာကို ပြောင်းလဲကိုးကွယ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ မွန်ဂိုလီစတန်နိုင်ငံသည်လည်း မဂိုလီစတန် (Mughalistan) ဟု ပြောင်းလဲခဲ့ပြီး မွန်ဂို (Mongol) မှ မဂို (Mughal)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ သို့ဖြစ်၍ မဂိုသည် အာရေဗျဘာသာစကား၊ ပါရှန်း ဖာရာစီဘာသာစကားနှင့် မွန်ဂိုဘာသာစကားတို့မှ ဆင်းသက်လာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသို့ ဝင်ရောက်လာကြသော တီမူခန်၏မျိုးဆက်များကို သမိုင်းတွင် မဂိုဟု လူသိများခဲ့သည်။

### ၅.၃.၂။ ထင်ရှားသောမဂိုဧကရာဇ်များ

### ၅.၃.၂.၁။ မဂိုဧကရာဇ်ဘာဘာ (၁၅၂၆–၁၅၃၀)



ပုံ(၁၉) မဂိုဧကရာဇ်ဘာဘာ

အိန္ဒိယနိုင်ငံ၌ မဂိုမင်းဆက်ကို တည်ထောင်ခဲ့သူမှာ တီမူခန်၏မျိုးဆက်တစ်ဦးဖြစ်သူ ဘာဘာ (Babur) ဆိုသူဖြစ်သည်။ ၎င်း၏ဖခင်မှာ ချာဂါတေး တူရကီမျိုးနွယ်ဝင်တစ်ဦးဖြစ်ပြီး မိခင်မှာ ဂျင်ဂစ်ခန်၏မျိုးဆက်နွယ်ဝင် မွန်ဂိုမင်းသမီးတစ်ပါးဖြစ်သည်။ ဘာဘာသည် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ် (Kabul) မှ အိန္ဒိယနိုင်ငံအတွင်းသို့ ၁၅၂၅ ခုနှစ်မှ ၁၅၂၇ ခုနှစ်အတွင်း ဝင်ရောက်ခဲ့ပြီး ဒေလီစူလတန်ကို ဖြုတ်ချအောင်နိုင်ခဲ့သည်။ ၁၅၃၀ ပြည့်နှစ်အထိ ဘာဘာသည် အိန္ဒိယနိုင်ငံ၌ အင်ပါယာတစ်ခုအနေဖြင့် တည်ထောင်အုပ်ချုပ်နိုင်ခဲ့သည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံတွင် ပထမဆုံးအင်အားကြီးမားသော မဂိုအင်ပါယာကြီး ပေါ်ထွန်းလာခဲ့သည်။ ဘာဘာ၏ မဂိုအင်ပါယာမှာ အိုဇက်(စ်) (Oxus)မှ ဘီဟာ (Bihar)အထိလည်းကောင်း၊ ဟိမဝန္တာဒေသ (Himalaya) မှ ဒက္ခိဏဒေသ (Deccan) အထိလည်းကောင်း ကျယ်ပြန့်ခဲ့သည်။

### ၅.၃.၂.၂။ ဟူမာယန် (၁၅၃၀–၁၅၅၆)

ဘာဘာကွယ်လွန်ပြီးနောက် ၁၅၃၀ ပြည့်နှစ်တွင် ၎င်း၏သားတော် ဟူမာယန် (Humayun) က ထီးနန်းဆက်ခံခဲ့သည်။ ၎င်းသည် စစ်ရေးမလိုလားသည့် ဉာဏ်ပညာ အမြော်အမြင်ကြီးမားသော ဘုရင်တစ်ပါးဖြစ်သည်။ ၁၅၄၀ ပြည့်နှစ်တွင် ဘင်္ဂလား (Bengal) ဒေသမှ ရှာရှား (Sher Shah)၏ ကျူးကျော်တိုက်ခိုက်မှုကို ခံရသည်။ ၁၅၄၀ ပြည့်နှစ်မှ ၁၅၄၅ ခုနှစ်အထိ မဂိုအင်ပါယာကြီးသည် ခေတ္တပျက်သုဉ်းခဲ့ရသည်။ ဟူမာယန်ကိုယ်တိုင် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့သော် ၁၅၅၅ ခုနှစ်တွင် မဂိုအင်ပါယာကို ပြန်လည်ထူထောင်နိုင်ခဲ့သည်။ မဂိုဧကရာဇ် ဟူမာယန်သည် ၁၅၅၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။



ပုံ(၂၀) ဟူမာယန်

DBE BOX - Copyright Protected

## ၅.၃.၂.၃။ မဟာအက္ကဘား (၁၅၅၆–၁၆၀၅)



ပုံ(၂၁) မဟာအက္ကဘား

မဟာအက္ကဘား (Akbar the Great) သည် ၁၅၅၆ ခုနှစ်မှ ၁၆၀၅ ခုနှစ်ထိ အိန္ဒိယနိုင်ငံကို စိုးစံအုပ်ချုပ်ခဲ့သည်။ မဟာအက္ကဘားလက်ထက်တွင် မဂိုအင်ပါယာ တန်ခိုးအင်အားကြီးမားလာသည်။ မဟာအက္ကဘားသည် ဘာဘာ၏ မြေးတော်ဖြစ်သည်။ ၎င်းလက်ထက်တွင် အိန္ဒိယမြောက်ပိုင်းဒေသတစ်ခုလုံးနှင့် ဒက္ခိဏကုန်းမြေမြင့်မြောက်ပိုင်းဒေသအားလုံးကို မဂိုလက်အောက်ခံနယ်မြေများအဖြစ် သိမ်းပိုက်အောင်နိုင်ခဲ့သည်။

မဟာအက္ကဘားသည် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေး တိုးတက်ပြောင်းလဲလာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဗဟိုနှင့် ပြည်နယ် အုပ်ချုပ်မှုများကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ အခွန်ကောက်ခံမှုစနစ်ကိုလည်း အချိုးကျဖြစ်စေခဲ့သည်။ ထူးခြားမှုတစ်ရပ်မှာ မွတ်စလင်-ဟိန္ဒူ ပြင်းထန်သည့် အားပြိုင်မှုကို ငြိမ်းအေးစေခဲ့သည်။ ၁၅၆၄ ခုနှစ်တွင် မွတ်စလင်မဟုတ်သော လူမျိုးများအပေါ် လူခွန်ကောက်ခံခြင်းကို ဖျက်သိမ်းခဲ့သည်။

မဟာအက္ကဘားသည် မဂိုအင်ပါယာကြီးကို အိန္ဒိယအင်ပါယာကြီးအဖြစ် ပြောင်းလဲစေခဲ့သည်။ သူသည် ကွဲပြားခြားနားသော ယုံကြည်သက်ဝင်မှု၊ ဘာသာရေးထုံးတမ်းစဉ်လာများကိုလည်း စိတ်ဝင်စားသူဖြစ်သည်။ ဘာသာရေးဆိုင်ရာ ငြင်းခုံဆွေးနွေးပွဲများကို မဂိုမင်းနေပြည်တော် အာဂရာ (Agra) အပြင်ဘက် သီးသန့်တည်ဆောက်ထားသော ခန်းမဆောင်ကြီးတစ်ခုတွင် ပြုလုပ်စေခဲ့သည်။

DBE BOX - Copyright Protected

## ၅.၃.၂.၄။ ဂျဟန်ဂါးရ် (၁၆၀၅–၁၆၂၈)

မဟာအက္ကဘားနောက် ဆက်ခံသူ မဂိုဧကရာဇ်များဖြစ်သော ဂျဟန်ဂါးရ် (Jahangir) နှင့် ရှားဂျဟန် (Shah Jahan) တို့လက်ထက်၌ မဂိုယဉ်ကျေးမှုသည် ရွှေခေတ်သို့ရောက်ရှိခဲ့သည်။ ယင်းကာလများ၌ ဗိသုကာအဆောက်အအုံများနှင့် ပန်းချီလက်ရာပညာတို့တွင် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ဂျဟန်ဂါးရ်လက်ထက်၌ စူရတ် (Surat) မြို့တွင် အင်္ဂလိပ်ကုန်သည်များအား ပထမဆုံးကုန်တိုက်စခန်းကို တည်ဆောက်ခွင့်ပြုခဲ့သည်။



ပုံ(၂၂) ဂျဟန်ဂါးရ်

ဂျဟန်ဂါးရ်လက်ထက် စီးပွားရေးကျဆင်းမှု ပိုမိုမြင့်မားလာခဲ့သည်။ အကြောင်းရင်းမှာ အဆောက်အအုံသစ်များ တည်ဆောက်သည့် ကုန်ကျစရိတ်များပြားမှုနှင့် အက္ကဘားလက်ထက်က ဆောင်ရွက်ခဲ့သော အုပ်ချုပ်ရေးနှင့် အခွန်ကောက်ခံမှုစနစ်ပြုပြင်ပြောင်းလဲမှုများ တစ်စတစ်စယိုယွင်းပျက်စီး လျော့ရဲလာခြင်းများကြောင့်ဖြစ်သည်။ ၎င်းလက်ထက်၌ ကန်ဒါဟာ (Qandahar) ဒေသသည် အီရန်မင်း ဒုတိယမြောက်ရှားအက်ပါ (Shah Abbas II) လက်အောက်သို့ကျရောက်ခဲ့သည်။

## ၅.၃.၂.၅။ ရှားဂျဟန် (၁၆၂၈–၁၆၅၈)

ရှားဂျဟန်(Shah Jahan)သည် ဒက္ခဏ(Deccan) ဒေသတစ်ခုလုံးကို မဂိုတို့၏ထိန်းချုပ်မှုအောက်ရောက်ရန် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။ သို့သော် ၎င်းအနေဖြင့် ကန်ဒါဟာ (Qandahar) ဒေသနှင့် မဂိုအင်ပါယာ၏စီးပွားရေးအတွက် အချက်အချာဒေသတစ်ခုဖြစ်သော အိုဇက်(စ်)(Oxus)ဒေသကို ပြန်လည်ရရှိရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ ရှားဂျဟန်သည် မဂိုအင်ပါယာ၏ မြို့တော်အသစ်ကို ဒေလီမြို့၌တည်ဆောက်ခဲ့သည်။ နန်းတော်၏ အစည်းအဝေးခန်းမဆောင်ကြီး၌ထားရှိသော ဒေါင်းရုပ်ခံပလ္လင်တော်မှာ ရွှေ၊ စိန်၊ မြနှင့် အခြားသော အဖိုးတန်ကျောက်မျက်ရတနာများဖြင့် တန်ဆာဆင်ထားခြင်းမှာ အထူးလက်ရာမြောက်လှသည်။ ၎င်း၏ကြင်ရာတော် မမ်တပ်မဟာ (Mumtaz Mahal) ကွယ်လွန်သောအခါ တာ့ချ်မဟာ (Taj Mahal) ဟုခေါ်သော ဂူသင်္ချိုင်းကြီးတစ်ခုကို တည်ဆောက်ခဲ့သည်။ ၎င်းလက်ထက်တွင် မဂိုအင်ပါယာကြီး၏ ယဉ်ကျေးမှုသည် ရွှေခေတ်သို့ရောက်ခဲ့သည်။



ပုံ(၂၃) ရှားဂျဟန်

သို့သော် ရှားဂျဟန်အနေဖြင့် အထင်ကရ အဆောက်အအုံများဖြစ်သော တာ့ချ်မဟာဂူသင်္ချိုင်း တည်ဆောက်ခြင်းနှင့် ဒေလီနန်းတော်သစ်တည်

DBE BOX - Copyright Protected

ဆောက်မှုများအတွက် ငွေကြေးအမြောက်အမြား လိုအပ်ခဲ့သည်။ ထို့ကြောင့် ပြည်သူများအပေါ် ကြီးလေးသောအခွန်များ ကောက်ခံခဲ့သည်။ နိုင်ငံမှ ထွက်ရှိသော သီးနှံအားလုံး၏ ထက်ဝက်ခန့်ကို အခွန်အခအဖြစ် သိမ်းယူခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတွင် ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲဒုက္ခအပေါင်း ဖြစ်စေခဲ့သည်။ ငွေကြေးရယူလိုမှုအကြောင်းပြချက်ဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စစ်ပွဲများ စဉ်ဆက်မပြတ် ဆင်နွှဲခဲ့သဖြင့် ပြည်သူတို့ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။

### ၅.၃.၂.၆။ သြရန်ဇေစ် (၁၆၅၈–၁၇၀၇)



ပုံ(၂၄) သြရန်ဇေစ်

ရှားဂျဟန်၏ တတိယသားတော် သြရန်ဇစ် (Aurangzeb) သည် ၁၆၅၈ ခုနှစ်တွင် ခမည်းတော်ကို အာဂရာ ခံတပ်၌ ဖမ်းဆီးချုပ်နှောင်ကာ ထီးနန်းကိုသိမ်းပိုက်ခဲ့သည်။ ထီးနန်းအရိုက်အရာ ပြိုင်ဘက်ညီအစ်ကိုတော်များအားလုံးကိုလည်း ကွပ်မျက်ခဲ့သည်။ ၎င်းလက်ထက်တွင် မဂိုအင်ပါယာကြီး အင်အားတောင့်တင်းအောင်ပြုလုပ်နိုင်ပြီး နယ်ပယ်ချဲ့ထွင်နိုင်ခဲ့သည်။ သြရန်ဇစ်သည် ဘာသာရေးအယူအဆများ၌ အမြင်ကျဉ်းမြောင်းပြီး အက္ကဘား၏အယူအဆများကို ဆန့်ကျင်ခဲ့သည်။ ထို့ကြောင့် ပြည်တွင်းဆူပူမှုများဖြစ်ပေါ်စေပြီး မဂိုအင်ပါယာကြီးကို လျင်မြန်စွာပြိုကွဲစေခဲ့သည်။ သြရန်ဇစ်၏ တင်းကျပ်သော အစွန်းရောက် မူဝါဒများကြောင့် ပန်ဂျပ် (Punjab) ပြည်နယ်မှ ဆစ်ခ် (Sikh) တို့၏ စစ်ရေးလှုပ်ရှားမှုများနှင့် အိန္ဒိယအနောက်ပိုင်းဒေသရှိ ဟိန္ဒူဘာသာကိုးကွယ်သည့် မာရသ (Maratha) နိုင်ငံ ပေါ်ထွန်းလာမှုကိုဖြစ်စေခဲ့သည်။

DBE BOX - Copyright Protected

### ၅.၃.၃။ စီးပွားရေး

မဂိုအင်ပါယာခေတ်တွင် အိန္ဒိယနိုင်ငံ၏ လယ်ယာကုန်ထုတ်လုပ်မှု မြင့်တက်ခဲ့သည်။ အဓိကစိုက်ပျိုးသီးနှံများမှာ ဂျုံ စပါးနှင့် ဘာလီတို့ဖြစ်ကြသည်။ ဝင်ငွေရသော သီးနှံပင်များအဖြစ် ဝါ၊ မဲနယ်ပင်နှင့်ဘိန်းပင်များကို စိုက်ပျိုးကြသည်။ ၁၇ ရာစုအလယ်ပိုင်းတွင် အမေရိကတိုက်မျိုးရင်းဖြစ်သော ပြောင်းဖူးနှင့် ဆေးရွက်ကြီးပင်များကို တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။ မဂိုမင်းများသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ပြောင်းလဲမှုများပြုလုပ်ခဲ့သည်။ အက္ကဘားလက်ထက်မှစ၍ မြေခွန်စနစ်သစ်ကိုလည်း စတင်အကောင်အထည်ဖော်ခဲ့သည်။ ၁၅၄၀ ပြည့်နှစ်တွင် ဒေလီမြို့၌ သကြားစက် တည်ထောင်ခဲ့သည်။

မဂိုအင်ပါယာခေတ်တွင် အကြီးကျယ်ဆုံးသော ကုန်ထုတ်လုပ်မှုလုပ်ငန်းမှာ ချည်ထည်ရက်လုပ်မှုလုပ်ငန်းဖြစ်သည်။ အရောင်အသွေးစုံလင်သော ပိတ်စများ၊ ချည်ထည်များ၊ ဆာရီစ (Sari) များထုတ်လုပ်ခဲ့သည်။ အထည်ရက်လုပ်ငန်းသည် မဂိုအင်ပါယာ၏ အကြီးမားဆုံး ပြည်ပကုန်သွယ်မှုလုပ်ငန်းဖြစ်သည်။ ၁၈ ရာစုဦးတွင် အိန္ဒိယ၏အထည်လုပ်ငန်းသည် ကမ္ဘာ့စျေးကွက်၏ ၂၅ ရာခိုင်နှုန်းကို လွှမ်းမိုးထားသည်။ မဂိုခေတ် အိန္ဒိယထွက်ချည်ထည်များကို အရှေ့တောင်အာရှဒေသများ၊ ဥရောပတိုက်နိုင်ငံများ၊ အမေရိကတိုက်၊ အာဖရိကတိုက်နှင့် အရှေ့အလယ်ပိုင်းဒေသများ၌ ဝယ်ယူဝတ်ဆင်ခဲ့ကြသည်။ မဂိုအင်ပါယာခေတ် အဓိကအရေးပါသော ချည်ထည်လုပ်ငန်းမှာ ဘင်္ဂလားပြည်နယ် ဒက္ကား (Dhaka)မြို့တော်တွင်ရှိသည်။



ပုံ(၂၅) မဂိုခေတ်သင်္ဘော

မဂိုအင်ပါယာခေတ်တွင် ကြီးမားသောသင်္ဘောတည်ဆောက်မှုလုပ်ငန်းရှိခဲ့ပြီး ဘင်္ဂလားပြည်နယ်တွင် အဓိကလုပ်ကိုင်သည်။ ထိုအချိန်က ဥရောပနိုင်ငံများ၏ သင်္ဘောတည်ဆောက်မှု လုပ်ငန်းများထက် ဘင်္ဂလားပြည်နယ်သင်္ဘောတည်ဆောက်မှုလုပ်ငန်းသည် ပိုမိုကောင်းမွန်ခဲ့သည်။ အိန္ဒိယနိုင်ငံထုတ်သင်္ဘောများကို ဥရောပလုပ်ငန်းရှင်ကြီးများထံသို့ ရောင်းချခဲ့သည်။ ၁၇၆၀ ပြည့်နှစ်များတွင် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသည် ဘင်္ဂလားမှထုတ်လုပ်သော သင်္ဘောများကို ပုံတူကူးပြီး ပိုမိုကောင်းမွန်သောသင်္ဘောများကို တည်ဆောက်ခဲ့သည်။ ဤသို့ဖြင့် စက်မှုတော်လှန်ရေးကာလအတွင်း ဥရောပမှ ထုတ်လုပ်သော သင်္ဘောများသည် ပင်လယ်ရေကြောင်းခရီးသွားလာမှုကို လွှမ်းမိုးရန် အထောက်အကူပြုခဲ့သည်။

မဂိုအင်ပါယာခေတ်တွင် ရူပီး (rupee) ခေါ် ငွေဒင်္ဂါး နှင့် ဒမ် (dam) ခေါ် ကြေးဒင်္ဂါးများကို ရောင်းဝယ်ဖောက်ကားရာတွင် သုံးစွဲခဲ့ကြသည်။ ယင်းဒင်္ဂါးများ စံချိန်စံညွှန်းကိုက်ညီအောင် သွန်းလုပ်ခဲ့သည်။ မဂိုဧကရာဇ်အက္ကဘားလက်ထက်တွင် ရူပီးငွေဒင်္ဂါးတစ်ပြားသည် ကြေးဒင်္ဂါး ၄၈ ပြားနှင့် ညီမျှသည်။ သို့သော် ဂျဟန်ဂါးရ်လက်ထက်တွင် ရူပီးငွေဒင်္ဂါးတစ်ပြားသည် ကြေးဒင်္ဂါး ၃၀ ပြားနှင့်သာ ညီမျှခဲ့ပြီး ၁၆၆၀ ပြည့်နှစ်များတွင်မှ ရူပီးငွေဒင်္ဂါးတစ်ပြားသည် ကြေးဒင်္ဂါး ၁၆ ပြားမျှသာ ရှိတော့သည်။

DBE BOX - Copyright Protected



**ပုံ(၂၆) မဂိုခေတ်ဒင်္ဂါးများ**

မဂိုအင်ပါယာခေတ် အိန္ဒိယနိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် ၁၈ ရာစုအထိတိုင်အောင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် အဓိကအရေးပါခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ထုတ်လုပ်မှုသည် ၁၇၅၀ ပြည့်နှစ်အထိ ကမ္ဘာ့စက်မှုထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်။ မဂိုအင်ပါယာခေတ် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သောကုန်ပစ္စည်းများနှင့် ဝင်ငွေရသောသီးနှံများကို ကမ္ဘာတစ်လွှားသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ ၁၇ နှင့် ၁၈ ရာစုနှစ်များတွင် မဂိုအင်ပါယာ၏ စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများတိုးတက်ခဲ့ခြင်းသည် ၁၈ ရာစု ဥရောပတိုက်တွင်ပေါ်ထွန်းခဲ့သော စက်မှုတော်လှန်ရေး၏ ရှေ့ပြေးဖြစ်သည်။

DBE BOX - Copyright Protected

## ၅.၃.၄။ မဂိုအင်ပါယာပျက်သုဉ်းခြင်း

အိန္ဒိယနိုင်ငံ၌ တည်ထောင်ခဲ့သော မဂိုအင်ပါယာကြီး (၁၅၂၆-၁၈၅၈) သည် နှစ်ပေါင်းသုံးရာကျော်မျှတည်တံ့ခဲ့သည်။ မင်းဆက်ပေါင်း ၂၀ စိုးစံခဲ့သည်။ မဂိုမင်းဆက်ကို စတင်တည်ထောင်သူ မဂိုဧကရာဇ်ဘာဘာမှ မဂိုဧကရာဇ်ဩရန်ဇစ်လက်ထက်အတွင်း မဂိုအင်ပါယာကြီးသည် အထွတ်အထိပ်သို့ရောက်ရှိပြီး နယ်ပယ်များချဲ့ထွင်နိုင်ခဲ့သည်။ ထိုခေတ်ကာလတွင် မဂိုအင်ပါယာကြီး၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဗိသုကာလက်ရာများသည် ရွှေခေတ်သို့ ရောက်ခဲ့သည်။

သို့သော် ဩရန်ဇစ်ကို ဆက်ခံသည့်မင်းများလက်ထက်တွင် တဖြည်းဖြည်းအင်အားကျဆင်းသွားသည်။ ရာဇပွတ်(Rajput)၊ ဆစ်ခ်(Sikh) နှင့် မာရသ(Maratha)တို့နှင့် ဖြစ်ပွားသော စစ်ပွဲများသည် တစ်ချိန်ကကြီးကျယ်ခမ်းနားခဲ့သော မဂိုအင်ပါယာကြီးကို ကျဆင်းစေသောအကြောင်းအရင်းများဖြစ်သည်။ ၁၇၂၄ ခုနှစ် ဒက္ခဏ (Deccan) ပြည်နယ်၊ ဟိုင်းဒရာဘတ် (Hyderabad) တွင် အင်အားကြီးမားသော အစ္စလာမ်ပြည်နယ်တစ်ခု ခွဲထွက်တည်ထောင်ခဲ့သည်။ ၁၇၃၉ ခုနှစ်တွင် အိန္ဒိယမြောက်ပိုင်းဒေသကို နဒီရှား (Nadir Shah) ခေါင်းဆောင်သော ပါရှန်းတို့ ဝင်ရောက်ကျူးကျော်ခဲ့ကြသည်။ ၁၇၄၈ ခုနှစ်မှ ၁၇၆၁ ခုနှစ်အတွင်း ခေတ်သစ်အာဖဂန်နိုင်ငံကို တည်ထောင်သူ

အာမက်ရှားဒူရာနီ (Ahmad Shah Durrani) ခေါင်းဆောင်သော အာဖဂန်လူမျိုးတို့၏ ဝင်ရောက်ကျူးကျော်မှုကိုခံရသည်။

၁၇၅၇ ခုနှစ်တွင် ဖြစ်ပွားသော ပလာဆေး (Plassey) တိုက်ပွဲ၌ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ၏ စစ်တပ်များသည် မဂိုဧကရာဇ်၏ ဘင်္ဂလားစစ်တပ်နှင့် ပြင်သစ်အရှေ့ အိန္ဒိယကုမ္ပဏီစစ်တပ်များအပေါ် အောင်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်များစွာအပေါ် နိုင်ငံရေးအရ လွှမ်းမိုးခြယ်လှယ်နိုင်ခဲ့သည်။ နှောင်းပိုင်းမဂိုဧကရာဇ်များသည် ဗြိတိသျှတို့၏ ရုပ်သေးဧကရာဇ်များသာဖြစ်ခဲ့ကြသည်။



ပုံ(၂၇) ဗဟာဒူးရှားဇာဖာ

၁၈၅၇ ခုနှစ်တွင် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ၏ ဆောင်ရွက်မှုအပေါ် မကျေနပ်သဖြင့် အိန္ဒိယတိုင်းရင်းသားစစ်သည်များ၏ တပ်တွင်းပုန်ကန်မှုဖြစ်ခဲ့သည်။ ထိုတပ်တွင်းပုန်ကန်မှုကို စစ်ပါဟီအရေးတော်ပုံ (Sepoy Mutiny) ဟုခေါ်ခဲ့သည်။ စစ်ပါဟီဆိုသည်မှာ အိန္ဒိယတိုင်းရင်းသားစစ်သည်များ ဖြစ်သည်။ မဂိုဧကရာဇ် ဗဟာဒူးရှားဇာဖာ (Bahadur Shah Zafar) ခေါ် ဒုတိယမြောက်ဗဟာဒူးရှား (Bahadur Shah II)ကို ဖမ်းဆီးကာ ထီးနန်းချပြီး မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ပြည်နှင်ဒဏ်ပေးခဲ့သည်။ သို့ဖြစ်၍ ၁၈၅၈ ခုနှစ်တွင် မဂိုအင်ပါယာကြီး လုံးဝပျက်သုဉ်းသွားခဲ့သည်။ ထိုအချိန်မှစ၍ အိန္ဒိယတစ်နိုင်ငံလုံး၏ အုပ်ချုပ်မှုကို ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီကိုယ်စား လန်ဒန်ရှိ ဗြိတိသျှအစိုးရက တိုက်ရိုက်ထိန်းချုပ်ခဲ့သည်။

**အဓိကအချက်များ**

- မွတ်စလင်တို့သည် ဒေလီ (Delhi) မြို့ကို အခြေခံပြီး မင်းနိုင်ငံသစ်ကို ထူထောင်ခဲ့ကြခြင်း။
- အစ္စလာမ်ဘာသာနှင့် မွတ်စလင်ယဉ်ကျေးမှု ပျံ့နှံ့လာခြင်း။
- ဒေလီစူလတန်ဘုရင် အီဗရာဟင်လိုဒီ လက်ထက်တွင် နိုင်ငံတော်အင်အား ဆုတ်ယုတ်လာခြင်း။
- မွန်ဂိုလီစတန်နိုင်ငံ၏ မင်းနှင့် ပြည်သူတို့သည် အစ္စလာမ်ဘာသာကို ပြောင်းလဲကိုးကွယ်ခဲ့ကြသည်။
- မွန်ဂိုမှ မဂိုဟု ပြောင်းလဲလာခြင်း။
- ဘာဘာသည် မဂိုမင်းဆက်ကို တည်ထောင်ခဲ့ပြီး ဒေလီစူလတန်ကို ဖြုတ်ချအောင်နိုင်ခဲ့ခြင်း။

DBE BOX . Copyright

- ဟူမာယန်လက်ထက်တွင် ဘင်္ဂလား (Bengal)ဒေသမှ ရှာရှား (Sher Shan)၏ ကျူးကျော်တိုက်ခိုက်မှုကို ခံရခြင်း။
- မဟာအက္ကဘားလက်ထက်တွင် မဂိုအင်ပါယာ တန်ခိုးအင်အားကြီးမားလာခြင်း။
- ဂျဟန်ဂါးရ်လက်ထက် စီးပွားရေးကျဆင်းခဲ့ခြင်း။
- ရှားဂျဟန်လက်ထက်တွင် မဂိုအင်ပါယာကြီး၏ ယဉ်ကျေးမှုသည် ရွှေခေတ်သို့ ရောက်ခဲ့ခြင်း။
- ဩရန်ဇစ်သည် ဘာသာရေး အယူအဆများ၌ အမြင်ကျဉ်းမြောင်းခြင်း။
- အက္ကဘားလက်ထက်မှစ၍ မြေခွန်စနစ်သစ်ကိုလည်း စတင်ခဲ့ခြင်း။
- အထည်ရက်လုပ်ငန်း တိုးတက်လာခြင်း။
- သင်္ဘောတည်ဆောက်မှုလုပ်ငန်း တိုးတက်လာရခြင်း။
- ဟိုင်းဒရာဘတ်တွင် အင်အားကြီးမားသော အစ္စလာမ်ပြည်နယ်တစ်ခုပေါ်လာခြင်း။
- အာဖဂန်လူမျိုးတို့၏ ဝင်ရောက်ကျူးကျော်မှုကို ခံရခြင်း။
- ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်များစွာအပေါ် နိုင်ငံရေးအရ လွှမ်းမိုးခြယ်လှယ်ခြင်း။

### လေ့ကျင့်ရန်မေးခွန်း

၁။ မဂိုအင်ပါယာအင်အားကျဆင်းပျက်စီးသွားစေသည့် အကြောင်းရင်းကို ဆန်းစစ်ဝေဖန်ပါ။

### ၅.၃.၅။ **တာ့ချ်မဟာ** (Taj Mahal)

တာ့ချ်မဟာ (Taj Mahal) ဂူသင်္ချိုင်းသည် မဂိုခေတ်အိန္ဒိယ၏ အနုပညာလက်ရာများအနက် ထင်ရှားသောအဆောက်အအုံတစ်ခုဖြစ်သည်။ ပါရှန်းဘာသာစကားအရ တာ့ချ်မဟာ၏ အဓိပ္ပာယ်မှာ နန်းများထွတ်ခေါင်ဟု အနက်ရသည်။ တာ့ချ်မဟာကို မဂိုအင်ပါယာ၏ ၅ ဆက်မြောက်မင်းဖြစ်သော ရှားဂျဟန် (Shah Jahan) (၁၆၂၈-၁၆၅၈)က ၎င်း၏ တတိယမြောက်မိဖုရားဖြစ်သူ မမ်တပ်မဟာ (Mumtaz Mahal)ကို မြှုပ်နှံသင်္ဂြိုဟ်ရန်အတွက် ကွယ်လွန်ပြီးတစ်နှစ်အကြာ ၁၆၃၂ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တာ့ချ်မဟာဂူသင်္ချိုင်းသည် အိန္ဒိယနိုင်ငံ၊ အာဂရာမြို့ (Agra) ရှိ အာဂရာခံတပ် (Fort of Agra) ၏အရှေ့ဘက် တစ်မိုင်ခန့်အကွာ၊ နယူးဒေလီ (New Delhi) မြို့နှင့် ၁၂၅ မိုင်ခန့်အကွာ ယမုန်နာ (Jumna) မြစ်ကမ်းဘေးရှိ ဥယျာဉ်ကြီးတစ်ခုအတွင်းတွင် တည်ရှိသည်။

DBE BOX: Copyright Protected

ဂူသင်္ချိုင်းကို ၄၂ ဧကကျယ်သောမြေပေါ်တွင် တည်ဆောက်ထားသည်။ မြေနေရာကို မဂိုဘုရင်ကိုယ်တိုင် ရွေးချယ်ခဲ့သည်။ ယင်းမြေကို အမ်ဘာနယ်စား ရာဂျာဆင်း (Raja Jai Singh of Amber) က လှူဒါန်းခဲ့သည်။ ထို့ကြောင့် နောင်တွင် ရှားဂျဟန်က အခြားနယ်မြေ ၄ ခုကို အစားပြန်ပေးခဲ့ကြောင်း ခေတ်ပြိုင်မှတ်တမ်းများတွင် ဖော်ပြထားသည်။



**ပုံ(၂၈) တာ့ချ်မဟာ** (Taj Mahal)

DBE BOX- Copyright Protected

တာ့ချ်မဟာဂူသင်္ချိုင်းသည် သဲနီကျောက်တံတိုင်းဖြင့် ကာရံထားသည်။ ထိုဂူသင်္ချိုင်းသည် အနီရောင်သဲကျောက်အောက်ခြေပေါ်တွင် ကျောက်ဖြူဖြင့် ဆောက်လုပ်ထားသော ရှစ်မြောင့်ပုံ အဆောက်အအုံကြီးဖြစ်သည်။ အဆောက်အအုံကြီးသည် ပေ ၇၀ မြင့်ပြီး ထိပ်တွင် ပေ ၁၂၀ မြင့်သော အမိုးဝိုင်းကြီး ထပ်မံတည်ဆောက်ထားသဖြင့် စုစုပေါင်းပေ ၁၉၀ ခန့်မြင့်သည်။ ပင်မ အဆောက်အအုံ၏ ဘေးပတ်လည် သဲနီကျောက်အောက်ခြေ၏ ထောင့်များတွင် ၂၃ ပေမြင့်သော အမိုးခုံးငယ် ၄ ခုဖြင့် ဝန်းရံထားသည်။ ရင်ပြင်၏ထောင့် ၄ ထောင့်တွင် ၁၃၃ ပေမြင့်သော တိုင် ၄ တိုင် စိုက်ထူထားသည်။

မိဖုရား၏ရုပ်အလောင်းကို မြှုပ်နှံထားသည့်အုတ်ဂူကြီးသည် ဂူဗိမာန်၏ဝင်ပေါက် အလယ် တည့်တည့်တွင်ရှိသည်။ ဂူဗိမာန်တစ်ခုလုံးကို စကျင်ကျောက်များဖြင့် ဆောက်လုပ်ထားသည်။ အုတ်ဂူကြီးသည် ၁၆၄၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ဘေးပတ်လည်မှ အဆောက်အအုံများမှာမူ ၁၆၅၃ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရှားဂျဟန်သည် ၁၆၅၈ ခုနှစ်တွင် သားတော် ဩရန်ဇစ် (Aurangzeb) ၏ ဖမ်းဆီးခြင်းခံရပြီး နန်းကျခဲ့သူဖြစ်သည်။ အာဂရာခံတပ်တွင် ထိန်းသိမ်းထားခြင်းခံရပြီး ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ၁၆၆၆ ခုနှစ်တွင် ရှားဂျဟန် ကွယ်လွန်ခဲ့ပြီး သူ၏ရုပ်အလောင်းကိုလည်း ဤဂူဗိမာန်၌ပင် မြှုပ်နှံထားသည်။

ကျောက်ဖြူဂူနှစ်ခုရှိသောအခန်းကို အဖိုးတန်ကျောက်မျက်ရတနာ ၁၂ မျိုးဖြင့် စီခြယ်ထားသည့် ခန်းဆီးများနှင့် ကာရံထားသည်။ အတွင်းနံရံများတွင် တိရစ္ဆာန်ပုံများ၊ သစ်ပင်ပန်းပင်ပုံများဖြင့် ပုံဖော်ထားသည့် မှန်စီရွှေချလက်ရာများရှိသည်။ အဆောက်အအုံကို ဆောက်လုပ်ရာတွင် ထိုခေတ်က ရူပီးငွေ သန်း ၃၀ ကျော်ခန့် ကုန်ကျခဲ့သည်။

ဂူသင်္ချိုင်းကို ဆောက်လုပ်ရန်အတွက် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ လုပ်သားနှစ်သောင်းကျော်အပါအဝင် ပါရှန်းနှင့် ဆီးရီးယားနိုင်ငံတို့မှ လက်ရေးပညာရှင်များ၊ ကျောက်မျက်အလှဆင်သည့် ပညာရှင်များစွာကိုခေါ်ယူ၍ နှစ်ပေါင်း ၂၀ ကျော် တည်ဆောက်ခဲ့သည်။ အဆောက်အအုံ၏ ဗိသုကာပုံစံတွင် ပါရှန်း၊ တူရကီ၊ ဟိန္ဒူနှင့် အစ္စလာမ် ဗိသုကာလက်ရာများ ပေါင်းစပ်ပါဝင်နေသည်။ အခြားမဂိုအင်ပါယာခေတ် ဂူသင်္ချိုင်းများကဲ့သို့ပင် အဆောက်အအုံ၏ အခြေခံအစိတ်အပိုင်းများမှာ ပါရှန်းမှ ဆင်းသက်လာသောပုံစံဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် ယူနက်စကို (UNESCO) က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းခဲ့သည်။

**အဓိကအချက်များ**

- တာ့ချ်မဟာဂူသင်္ချိုင်းကို မဂိုဘုရင် ရှားဂျဟန်က တည်ဆောက်ခဲ့ခြင်း။
- အနီရောင်သဲကျောက်အောက်ခြေပေါ်တွင် ဆောက်လုပ်ထားသော ရှစ်မြောင့်ပုံကျောက်ဖြူဂူသင်္ချိုင်းဖြစ်ခြင်း။
- ဂူဗိမာန်တွင် မဂိုဘုရင် ရှားဂျဟန်နှင့် ၎င်း၏ မိဖုရားရုပ်အလောင်းကို မြှုပ်နှံထားခြင်း။
- လုပ်သားနှစ်သောင်းကျော်နှင့် နှစ်ပေါင်း ၂၀ ကျော်တည်ဆောက်ခဲ့ရခြင်း။
- ပါရှန်း၊ တူရကီ၊ ဟိန္ဒူ နှင့် အစ္စလာမ်ဗိသုကာလက်ရာများ ပေါင်းစပ်တည်ဆောက်ထားခြင်း။
- ၁၉၈၃ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ်သတ်မှတ်ခံရခြင်း။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်း**

၁။ မဂိုအင်ပါယာခေတ် တည်ဆောက်ခဲ့သော တာ့ချ်မဟာဂူသင်္ချိုင်းကြီး၏ ဗိသုကာအနုပညာလက်ရာများကို အကဲဖြတ်ပါ။

**၅.၃.၆။ ခံတပ်နီ** (Red Fort)

ခံတပ်နီ (Red Fort) သည် မဂိုအင်ပါယာခေတ် အိန္ဒိယနိုင်ငံ၏ အစ္စလာမ်နှင့် ဟိန္ဒူဗိသုကာလက်ရာများရောယှက်ထားသော ရှေးဟောင်းအမွေအနှစ်အဆောက်အအုံတစ်ခုဖြစ်သည်။ ဒေလီမြို့ဟောင်းတွင်တည်ရှိသည်။ အနီရောင်သဲကျောက်များဖြင့် ခံတပ်သဖွယ်တည်ဆောက်ထားသည့် နန်းတော်ဖြစ်သည့်အတွက် ခံတပ်နီ (Red Fort) ဟုခေါ်သည်။



**ပုံ(၂၉) ခံတပ်နီ** (Red Fort )

DBE BOX - Copy

၁၆၃၈ ခုနှစ်တွင် မဂိုဧကရာဇ်ရှားဂျဟန်က မင်းနေပြည်တော်ကို အာဂရာမြို့မှ ဒေလီမြို့သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၁၂ မေလ ၁၆၃၉ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံသည် ၁၆၄၈ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့သည့်အတွက် ၉ နှစ် ၃ လ ကြာတည်ဆောက်ခဲ့ရသည်။ မဂိုဧကရာဇ်ရှားဂျဟန်သည် မိဖုရားဖြစ်သူ မမ်တပ်မဟာကို မြှုပ်နှံသင်္ဂြိုဟ်ထားသည့် တာ့ချ်မဟာသင်္ချိုင်းဂူကို အလွမ်းပြေကြည့်ရှုနိုင်ရန် ယင်းသင်္ချိုင်းဂူအနီး တစ်မိုင်ခွဲခန့်အကွာတွင် ခံတပ်ပုံစံနန်းတော်ကို ကိုယ်တိုင်ပုံစံထုတ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ခံတပ်နီကို ၂၅၅ ဧကကျယ်သော မြေနေရာပေါ်တွင် အဋ္ဌဂံပုံ တည်ဆောက်ထားသည်။ မူလက ကျုံးပတ်လည်ရှိသည်။ ကျုံးသည် အကျယ် ၇၅ ပေ၊ အနက် ပေ ၃၀ရှိသည်။ ခံတပ်သို့ ဝင်ရောက်ရန် ဂိတ် ၃ ခု ရှိသည်။ အနောက်ဘက်ဂိတ်ကို လဟိုဂိတ် (Lohori)၊ တောင်ဘက်ဂိတ်ကို ဒေလီဝင်ပေါက် သို့မဟုတ် ဟသီဝင်ပေါက် (Hathi) နှင့် အရှေ့တောင်ဘက် ယမုန်နာမြစ်ကမ်းရှိ ရေကြောင်းဝင်ပေါက်ဂိတ် (Water Gate) တို့ဖြစ်သည်။ ရေကြောင်းဝင်ပေါက်မှာ မြစ်ကြောင်း

ပြောင်းလဲမှုများကြောင့် ယခုအခါ အသုံးပြု၍မရတော့ဘဲ လဟိုဂိတ်နှင့် ဒေလီဂိတ်ကိုသာ အသုံးပြုကြသည်။ ဝင်ပေါက်များကို အနီရောင်ကျောက်များဖြင့် တည်ဆောက်ထားသော်လည်း အဖြူရောင်ကျောက်များဖြင့်မိုးထားသည်။ ခံတပ်သည် အရှေ့အနောက် ၃၂၀၀ ပေရှည်ပြီး၊ တောင်မြောက် ၁၆၀၀ ပေရှိသည်။ မြစ်ဘက်အခြမ်းရှိတံတိုင်းသည် ပေ ၉၀ မြင့်သည်။

ခံတပ်အတွင်း ပြည်သူများနှင့် တွေ့ဆုံရာခန်းမကြီးများ၊ မင်းဧကရာဇ်များနေထိုင်ရာ အဆောက်အအုံများ၊ ဗလီများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများရှိသည်။ ခံတပ်အတွင်း မွတ်စလင်များ ဝတ်ပြုသည့် ဗလီများနှင့် အဓိကဝင်ပေါက်ကြီးနှစ်ခုမှာ ဩရန်ဇစ်လက်ထက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းခံတပ်နီ ခေါ် ဒေလီနန်းတော်တွင် ရှားဂျဟန်လက်ထက်မှစ၍ မဂိုဧကရာဇ်မင်းများအဆက်ဆက်နေထိုင်ခဲ့သည်။

ခံတပ်အတွင်းနှင့်အပြင် ဗိသုကာလက်ရာများမှာ အစ္စလာမ်နှင့် ဟိန္ဒူယဉ်ကျေးမှုရောယှက်ထားသော လက်ရာများဖြစ်သည်။ ခံတပ်နီကို ၂၀၀၇ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့သည်။ အိန္ဒိယ၏ ရှေးအမွေအနှစ် ဗိသုကာလက်ရာများဖြစ်သော တာ့ချ်မဟာဂူဗိမာန်နှင့် ခံတပ်နီတို့ကို တည်ဆောက်ခဲ့သည့် ဗိသုကာပညာရှင်မှာ ဥစတက် အာမက်လာဟောရီ (Ustad Ahmad Lohouri) ဖြစ်သည်။

**အဓိကအချက်များ**


- ခံတပ်နီသည် အနီရောင်သဲကျောက်များဖြင့် ဆောက်ထားသည့် ခံတပ်ပုံစံနန်းတော်ဖြစ်ခြင်း။
- မဂိုဘုရင်ရှားဂျဟန်ကတည်ဆောက်ခြင်း။
- ဝင်ပေါက်ဂိတ် ၃ ခု ရှိခြင်း။
- ခံတပ်အတွင်း၌ ပြည်သူ့ခန်းမကြီးများ၊ မင်းတို့စံမြန်းရာ အဆောက်အအုံများ၊ ဗလီနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများရှိခြင်း။
- အစ္စလာမ်နှင့် ဟိန္ဒူယဉ်ကျေးမှု ရောယှက်ထားသော ဗိသုကာလက်ရာဖြစ်ခြင်း။
- ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ခံတပ်နီ ခေါ် ဒေလီနန်းတော် တည်ဆောက်ပုံဗိသုကာလက်ရာများကို မန္တလေးနန်းတော် တည်ဆောက်ပုံဗိသုကာလက်ရာများနှင့် နှိုင်းယှဉ်အကဲဖြတ်ပါ။

DRE BOX - Copyright Protected

၂။ အခန်း (၅) အိန္ဒိယယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




**အခန်း(၅)ပါပုံများ၏ ရင်းမြစ်များ**

**ပုံ(၁)** **အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုထွန်းကားရာပြမြေပုံ** (https://en.wikipedia.org/wiki/Indus_Valley_Civilisation) (3-2-2019)

**ပုံ(၂)** **မိုဟန်ဂျိုဒါရိုမြို့ဟောင်း** (Albert M Craig and etal., The Heritage of World Civilization, Second Edition, NewYork, 1990)

**ပုံ(၃)** **မိုဟန်ဂျိုဒါရိုမြို့ဟောင်းမှရေချိုးကန်ကြီး** (Grahame Clark, World prehistory in new perspective , 3rd Edition, New York, Cambridge University Press, 1978, 1990)

**ပုံ(၄)** **ဟာရပ္ပမြို့ဟောင်း** (Indus Valley Civilisation http://www.mysteryofindia.com/2016/03/unearthing-civilisation-lothal.html) (3-2-2019)

**ပုံ(၅)** **ကျောက်တံဆိပ်တုံးများ** (Albert M Craig and etal., The Heritage of World Civilization, Second Edition, New York, Macmillian Publishing Company, 1990)

DBE BOX - Copyright Protected

**ပုံ(၆) ကျောက်လူခန္ဓာကိုယ်ပိုင်းပုံ** (Albert M Craig and etal., The Heritage of World Civilization, Second Edition, New York, Macmillian Publishing Company, 1990)

**ပုံ(၇) အမိမြေနတ်သမီး** (Albert M Craig and etal., The Heritage of World Civilization, Second Edition, New York, Macmillian Publishing Company, 1990)

**ပုံ(၈) သီဝနတ်ဘုရားကိုးကွယ်မှုရှေ့ပြေးပုံ** (http://www.ancientpages.com/2018/12/18/cernunnos-horned-one-powerful-continental-god-preserved-in-celtic-beliefs-as-master-of-animals/) (10-3-2019)

**ပုံ(၉) ဝေဒခေတ်အိမ်** (https://reflectionsofindia.com/2014/10/09/vedic-home/) (10-3-2019)

**ပုံ(၁၀) ဗြဟ္မာ** (https://simple.wikipedia.org/wiki/Brahma) (18-3-2019)

**ပုံ(၁၁) ဗိဿနိုး** (http://www.indiatemplesinfo.com/india/lord-vishu-images) (18-3-2019)

**ပုံ(၁၂) သီဝ** (http://www.indiatemplesinfo.com/india/lord-siva-images) (18-3-2019)

**ပုံ(၁၃) ရှိုးဝါး**(Shore) **နတ်ဘုရားကျောင်း** (Albert M Craig and etal., The Heritage of World Civilization, Second Edition, New York, Macmillian Publishing Company, 1990)

**ပုံ(၁၄) ကေလာသနာထ** (Kailasanath) **နတ်ဘုရားကျောင်း** (Albert M Craig and etal., The Heritage of World Civilization, Second Edition, New York, Macmillian Publishing Company, 1990)

**ပုံ(၁၅) ဆန်ချီစေတီ** (Albert M Craig and etal., The Heritage of World Civilization, Second Edition, New York, Macmillan Publishing Company, 1990)

**ပုံ(၁၆) ဂန္ဓာရလက်ရာဗုဒ္ဓရုပ်ပွားတော်** (https://ancientarthistory.tumblr.com/post/buddha_preaching.his.fist_sermon.southeast/cmp) (1-10-2019)

**ပုံ(၁၇) မထုရာလက်ရာဗုဒ္ဓရုပ်ပွားတော် (ဂုပ္ပတခေတ်)** (https://em.m.wikipedia.org/wiki/buddharupa) (1-10-2019)

DBE BOX - Copyright Protected

**ပုံ(၁၈) ဒေလီမင်းနိုင်ငံ** ( https://sites.google.com/site/britishindia123/home/before-the-colonial-rule) (30-3-2019)

**ပုံ(၁၉) မဂိုဧကရာဇ်ဘာဘာ** (https://www.indiatoday.in/education-today/gk- current-affairs/story/mughal-emperor-babur) (21-4-2019)

**ပုံ(၂၀) ဟူမာယန်** (https://en.wikipedia.org/wiki/Humayun) (21-4-2019)

**ပုံ(၂၁) မဟာအက္ကဘား** (https://www.culturalindia.net/indian-history/akbar.html) (21-4-2019)

**ပုံ(၂၂) ဂျဟန်ဂါးရ်** ( https://www.thefamouspeople.com/profiles/jahangir-6991.php) (21-4-2019)

**ပုံ(၂၃) ရှားဂျဟန်** (https://www.culturalindia.net/indian-history/shah-jahan.html) (21-4-2019)

**ပုံ(၂၄) ဩရန်ဇစ်** (https://www.culturalindia.net/indian-history/ Aurangzeb.html) (21-4-2019)

**ပုံ(၂၅) မဂိုခေတ်သင်္ဘော** (chughtaimuseum.com) (2-7-2019)

**ပုံ(၂၆) မဂိုခေတ်ဒင်္ဂါးများ** (Albert M Craig and etal., The Heritage of World Civilization, Second Edition, New York, Macmillian Publishing Company, 1990)

**ပုံ(၂၇) ဗဟာဒူးရှားဇာဖာ** (https://en.wikipedia.org/wiki/Bahadur_Shah_Zafar) (2-7-2019)

**ပုံ(၂၈) တာ့ချ်မဟာ** (Taj Mahal) (https://whc.unesco.org/en/list/252/multiple=1&unique_number=282) (2-7-2019)

**ပုံ(၂၉) ခံတပ်နီ** (Red Fort ) ( https://www.dnaindia.com/delhi/report-red-fort-dalmia-row-experts-fear-interference-with-history-2610019) (2-7-2019)

DBE BOX - Copyright Protected

**ကျမ်းကိုးစာရင်း**

၁။ တင်မောင်ရင်၊ဦး၊ ရှေးခေတ်ဟောင်းကမ္ဘာသမိုင်း၊ဒုတိယတွဲ၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၇၀။

၂။ တိုက်စိုး၊ ဗုဒ္ဓဘာသာအနုပညာနိဒါန်း၊ ရန်ကုန်၊ ရောင်စဉ်အော့ဖ်ဆက်၊ ၂၀၀၀။

၃။ အရှေ့တိုင်းယဉ်ကျေးမှုပို့ချချက်များ၊အတွဲ(၁)၊အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၉၂။

၄။ Clark, Grahame, World Prehistory in New Perspective, Third Edition, New York, Cambridge University Press, 1978.

၅။ Craig, Albert M and etal, The Heritage of World Civilization, Second Edition, New York, Macmillan Publishing Company, 1990.

၆။ Mehta, J.L., Advanced Study in the History of Medieval India, Vol-1, 1000-1526 AD, First Edition, New Delhi, Sterling Publishers Private Limited, 1979.

၇။ Mehta, J.L., Advanced Study in the History of Medieval India, Vol-II: Mughal Empire (1526-1707), First Edition, New Delhi, Sterling Publishers Private Limited, 1979.

၈။ Sharma,S.P, History of Medieval India ,First Edition, New Delhi, Mohit Publication, 1999.

DBE BOX - Copyright Protected

# အခန်း(၆)

## အရှေ့တောင်အာရှယဉ်ကျေးမှု

**နိဒါန်း**

- ဤအခန်းတွင် ခေတ်ဦးနှင့် ခေတ်လယ် အရှေ့တောင်အာရှဒေသ၌ ထွန်းကားခဲ့သော မင်းနိုင်ငံများ၏ နောက်ခံသမိုင်း၊ ဘာသာအယူဝါဒနှင့် ယဉ်ကျေးမှု၊ အနုပညာဗိသုကာဆိုင်ရာ ထင်ရှားသည့် သာသနိကအဆောက်အအုံကြီးများအကြောင်းကို ရှင်းလင်းသင်ကြားမည်ဖြစ်သည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

- ကမ္ဘာ့သမိုင်း ခေတ်ဦးအိန္ဒိယယဉ်ကျေးမှု ခေါင်းစဉ်အောက်တွင် ခေတ်ဦးမြို့ပြနိုင်ငံများ၏ ယဉ်ကျေးမှုအဆင့်ဆင့် ပြောင်းလဲတိုးတက်လာပုံ၊ ကိုးကွယ်ယုံကြည်မှု ထွန်းကားလာပုံနှင့် ဗိသုကာအနုပညာလက်ရာများအကြောင်းကို သိရှိခဲ့ပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။**

- အရှေ့တောင်အာရှတွင် ပါဝင်သောနိုင်ငံများအနက် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများတွင် ပေါ်ပေါက်ခဲ့သော မင်းနိုင်ငံများ၏ နောက်ခံသမိုင်း၊ မင်းနှင့် ပြည်သူတို့၏ လူမှုဘဝအခြေအနေ၊ အစောပိုင်း အိန္ဒိယနှင့် တရုတ်ယဉ်ကျေးမှုတို့ အရှေ့တောင်အာရှသို့ တစ်စတစ်စ ရောက်ရှိလွှမ်းမိုးခဲ့ပုံတို့ကို သိရှိနားလည်နိုင်မည်။
- ခေတ်ဦးနှင့် ခေတ်လယ် အရှေ့တောင်အာရှတွင် ထွန်းကားခဲ့သော ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုတို့ တိုးတက်ပြောင်းလဲလာပုံကို ပိုင်းခြားရှင်းပြတတ်မည်။
- မင်းနှင့်ပြည်သူတို့၏ လူမှုဘဝအခြေအနေနှင့် ကိုးကွယ်ယုံကြည်မှုကိုအခြေခံ၍ တည်ဆောက်ခဲ့သောအဆောက်အုံများ၏ အနုပညာဗိသုကာလက်ရာများကို သိရှိနားလည်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်လေ့လာနိုင်မည်။
- ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ထင်ရှားသော အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်တို့ရှိ အနုပညာဗိသုကာလက်ရာတို့ကိုသိရှိ၍ မြန်မာနိုင်ငံ၏ အနုပညာဗိသုကာအမွေအနှစ်များကိုလည်း မြတ်နိုးထိန်းသိမ်းတတ်သော အလေ့အကျင့်ကောင်းများ ရရှိစေနိုင်မည်။

DBE BOX - Copyright Protected

**၆.၁။ ဗောရောဗုဓော** (Borobudur)

**၆.၁.၁။ နောက်ခံသမိုင်း**

ဂျာဗားကျွန်းတွင် ရှေးအခါက ပြည်ထောင်ငယ်များစွာ ပေါ်ထွန်းခဲ့ပြီး ၄ ရာစုခန့်မှစတင်၍ အိန္ဒိယနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းမှယဉ်ကျေးမှုများ တစ်စတစ်စ ရောက်ရှိလွှမ်းမိုးလာခဲ့သည်။ ယင်းသို့ရောက်ရှိလွှမ်းမိုးသည့် အထောက်အထားအဖြစ် သက္ကတဘာသာဖြင့် ရေးထိုးသည့်ကျောက်စာများကို ဂျာဗား၌ တွေ့ရှိရသည်။ အထင်ကရ အဆောက်အအုံများကိုမူ ဆောက်လုပ်ကြခြင်းမရှိသေးပေ။

ဂျာဗားကျွန်းတွင် ပေါ်ထွန်းခဲ့သော ပြည်ထောင်များအနက် မတ္တရမ်ပြည်ထောင်သည် ၇ ရာစုအကုန် ၈ ရာစုဆန်းစတွင် တဖြည်းဖြည်း တန်ခိုးအင်အား ကြီးမားလာသည်။ မတ္တရမ်ပြည်ထောင်ကို အုပ်ချုပ်ကြသောမင်းတို့အား စိုင်လင်ဒြာဟုခေါ်ကြသည်။ စိုင်လင်ဒြာဟူသည်မှာ တောင်တော်ဘုရင်ဟု အဓိပ္ပာယ်ရသည်။ ရှေးအီဂျစ်ဘုရင်တို့ကို ဖာရိုဟု တင်စားခေါ်ကြသကဲ့သို့ မတ္တရမ်ဘုရင်တို့ကိုလည်း စိုင်လင်ဒြာဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ယင်းဘုရင်တို့သည် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ခမ်းနားစွာ ဆောက်လုပ်လာကြသည်။ အစောပိုင်း ဆောက်လုပ်သောအဆောက်အအုံများတွင် အိန္ဒိယဟန် ဗိသုကာလက်ရာများကသာ လွှမ်းမိုးဆဲဖြစ်သည်။ ၈ ရာစု နှင့် ၉ ရာစုအတွင်း ဆောက်လုပ်ခဲ့သော အဆောက်အအုံများတွင်မူ ဂျာဗားဟန် တဖြည်းဖြည်း ပေါ်လာသည်။

အိန္ဒိယဗိသုကာဟန်မှာ အောက်ပိုင်းတွင် လေးထောင့်တိုက်ခံ၍ အရှေ့ဘက်တွင် မုခ်ဆောင်ထုတ်ပြီး အပေါ်ပိုင်းတွင် ကွန်းထောင်ပေါက်ထားသည်။ ယင်းအပေါ်တွင် လိုဏ်ကလေးများ အဆင့်ဆင့်ရှိသည်။ အဆင့်များသည် တစ်ခုထက်တစ်ခု ငယ်၍သွားကာ အပေါ်သို့ ရှူးတက်သွားသည်။ ဂျာဗားဗိသုကာဟန်မှာ အဆောက်အအုံတစ်ခုကို အခြေမြင့်မြင့်ပန်းခုံပေါ်တွင်တင်၍ ဆောက်လုပ်လေ့ရှိသည်။ နံရံများကို ဒေသအလိုက်ရရှိသော ကျောက်တုံးများကိုဖြတ်၍ သရွတ်မကိုင်ဘဲ ဆင့်ကာဆင့်ကာစီပြီး ဆောက်လုပ်သောဟန်ဖြစ်သည်။ တိုင်လုံးများကို အသုံးနည်းသည်။ မွမ်းမံဆင်ယင်မှုတွင် ဘီလူးပန်းဆွဲနှင့် ဘီလူးပန်းကိုက်ပုံများကို ထည့်သွင်းလေ့ရှိသည်။

ခေတ်ဦးပိုင်း မတ္တရမ်ဘုရင်စိုင်လင်ဒြာတို့မှာ သီဝနတ်ဘုရားကိုကိုးကွယ်ကြသည်။ နှောင်းပိုင်းဘုရင်များမှာမူ မဟာယာနဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သူများဖြစ်လာကြသည်။ ယင်းတို့သည် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဆိုင်ရာ အံ့မခန်းသည့်သာသနိကအဆောက်အအုံကြီးများကို တည်ဆောက်လှူဒါန်းခဲ့ကြသည်။ ဂျာဗားကျွန်းအလယ်ပိုင်းတွင် စိုင်လင်ဒြာမင်းတို့က စေတီနှင့် ဂူဘုရားများစွာကို တည်ထားခဲ့သည်။

DBE BOX - Copyright Protected

စိုင်လင်ဒြာမင်းတို့ တည်ထားကိုးကွယ်ခဲ့သည့် ဘုရားကျောင်းများကို စန္ဒီ (Chandi) ဟု ခေါ်သည်။ စန္ဒီဟူသည်မှာ ဟိန္ဒူနတ်သမီးတစ်ပါး၏အမည်ဖြစ်ပြီး သေသူတို့ကို မီးသင်္ဂြိုလ်ရာတွင် စောင့်ရှောက်သော နတ်သမီးအဖြစ် မှတ်ယူကြသည်။ နောင်တွင် မီးသင်္ဂြိုလ်ရာနေရာအနီး၌ တည်ဆောက်သည့်ဘုရားကျောင်းနှင့် သာသနိကအဆောက်အအုံများကိုလည်း စန္ဒီဟူ၍ခေါ်ဝေါ်လာခဲ့ကြသည်။ ဂျာဗားကျွန်းအလယ်ပိုင်း ဒီအင်ကုန်းမြင့်ဒေသ (Dieng Plateau)ရှိ စန္ဒီတို့မှာ သီဝနတ်ဘုရားအတွက် တည်ထားခဲ့သော ဘုရားကျောင်းများဖြစ်သည်။ ယင်းတို့အနက် စန္ဒီအာဇူန (Chandi Arjuna) နှင့် စန္ဒီပုဏ္ဏာဒေဝ (Chandi Puntadewa) တို့မှာ လက်ရာအမြောက်ဆုံးဖြစ်သည်။

ဒီအင်ကုန်းပြင်မြင့်ဒေသမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေခြောက်ထောင်အမြင့်တွင် တည်ရှိ၍ ရေပူစမ်းများနှင့် မီးတောင်များ ပေါများရာဒေသဖြစ်သည်။ ထို့ကြောင့် မတ္တရမ်ပြည်ထောင်သားတို့က ထိုဒေသသည် နတ်ဘုရားများ ကိန်းဝပ်စံပျော်ရာဒေသဖြစ်သည်ဟု ယူဆကာ ဘုရားကျောင်းများစွာကို တည်ထားခဲ့ကြသည်။ ဒီအင်ကုန်းမြင့်တွင် ဘုရားကျောင်းများသာမက လက်ရာကောင်းမွန်သော သီဝရုပ်တုများကိုလည်းတွေ့ရသည်။ ၈ ရာစုခန့်က ထုလုပ်ခဲ့သည်ဟု ယူဆရသော သီဝရုပ်တုမှာ အသက်ဝင်၍မာန်ပါလှသည်။ ဒီအင်ကုန်းမြင့်ရှိ စန္ဒီဘုရားကျောင်းတို့နှင့် ခေတ်ပြိုင်တည်ခဲ့သော စန္ဒီတို့ကို ဂျာဗားကျွန်းအရှေ့ပိုင်းတွင်လည်း တွေ့ရသည်။ ယင်းတို့အနက် စန္ဒီဘဒွတ် (Chandi Badut) နှင့် စန္ဒီသံဃရီတိ (Chadi Sanggariti) တို့မှာ ထင်ရှားသည်။

စိုင်လင်ဒြာမင်းတို့သည် ဂျာဗားအလယ်ပိုင်း ဒီအင်ကုန်းမြင့်ဒေသ၏အရှေ့ဘက်တောင်တန်းတောင်စွယ်ထူထပ်သည့်အရပ်တွင် လက်ရာအလွန်မြောက်သော စန္ဒီများစွာနှင့် စေတီပုထိုးများစွာကို တည်ဆောက်ခဲ့ကြသည်။ ယင်းတို့အနက် စန္ဒီပရိန်ဂါပတ် (Chandi Pringapus)၊ စန္ဒီငဝင် (Chandi Ngawen)၊ စန္ဒီမင်းဒွတ် (Chandi Mendut)၊ စန္ဒီပါဝန် (Chandi Pawen) နှင့် ဗောရော ဗုဓော (Borobudur) စေတီတော်တို့မှာ ထင်ရှားသည်။




ပုံ(၁) စန္ဒီပရိန်ဂါပတ်ရှိ နန္ဒီနွားရုပ်

စန္ဒီပရိန်ဂါပတ်မှာ အေဒီ ၈၅၀ ခန့်က တည်ထားခဲ့သည့် ဘုရားကျောင်းဖြစ်သည်။ ထိုဘုရားကျောင်းရှေ့တွင် သီဝနတ်စီးသည့် နန္ဒီနွားရုပ်ကို လှပစွာထုလုပ်ထားသည်။ ဘုရားကျောင်း နံရံပေါ်တွင်လည်း အလွန်လှပသော ပန်းလိပ်၊ ပန်းခွေများ၊ နတ်သမီး၊ နတ်သားတို့၏ ရုပ်ကြွများနှင့် ဂီတပညာသည်များ၊ မိန်းမနှင့်ယောက်ျား စုံတွဲပုံများကို စနစ်တကျပုံဖော်ထားသည်။

စိုင်လင်ဒြာမင်းတို့ တည်ဆောက်ခဲ့သမျှ စန္ဒီများအနက် ခမ်းနားတင့်တယ်ဆုံးနှင့် လက်ရာ

DBE BOX - Copyright Protected

အမြောက်ဆုံး ဘုရားကျောင်းမှာ ၈ ရာစုခန့်က တည်ထားခဲ့သည့် စန္ဒီမင်းဒွတ်ဖြစ်သည်။ တန်တြဗုဒ္ဓဘာသာဆိုင်ရာ အတွေးအမြင်များဖြင့် ရုပ်လုံးဖော်ထားသော ဘုရားကျောင်းဖြစ်သည်။ ဂျာဗားတွင် တည်ခဲ့သော စန္ဒီတို့အနက် အကြီးဆုံးဘုရား ကျောင်းလည်းဖြစ်သည်။ အတွင်းခန်းမှာ ကျယ်ဝန်းပြီး အောက်ခြေပစ္စယာပေါ်မှ အထက်ဘက်သို့ သေးငယ်မြင့်တက်သွားသော ဘုရားကျောင်းကြီးဖြစ်သည်။ ဘုရားကျောင်း၏ အတွင်းဘက်နံရံနှင့် အပြင်ဘက်နံရံတို့တွင် ဗောဓိသတ္တဘုရားလောင်းပုံ၊ ကုဝေရ (ဥစ္စာစေနေ) နတ်မင်းပုံ၊ ပဒေသာပင်ပုံ၊ လူပုံနှင့် ကျေးငှက်ပုံတို့ကို ရုပ်ကြွများဖြင့် ထုလုပ်ထားသည်။ ကုဝေရနတ်မင်းပုံနှင့် ကြာပွင့်ကိုင်၍ သုံးဆစ်ချိုးပုံရပ်နေသော ဗောဓိသတ္တပုံတို့မှာ အသက်ဝင်၍ သဘာဝကျသည်။ ကုဝေရနတ်မင်းမှာ ပလ္လင်ပေါ်တွင်ထိုင်၍ ခြေတစ်ဖက်မှာ ရွှေအိတ်ပေါ်တွင် တင်ထားဟန်ဖြစ်သည်။ ဘုရားကျောင်း၏အလယ်ပလ္လင်ပေါ်တွင် ခြေနှစ်ဖက်အောက်ချထိုင်လျက် တရားဟောနေဟန် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်မှာလည်း လက်ရာမြောက်သည်။



**ပုံ(၂) တရားဟောနေဟန် ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်**



**ပုံ(၃) စန္ဒီပါဝန် စေတီတော်**

စန္ဒီပါဝန်သည် ကုဝေရနတ်မင်းကြီးကို ရည်စူး တည်ဆောက်ထားသော ဘုရားကျောင်းဖြစ်သည်။ နိဗ္ဗာန်သို့မရောက်မီ ကြားကာလတွင် ချမ်းသာကြွယ်ဝလိုသော ဗုဒ္ဓဘာသာဝင်ဘုရားဖူးများ၏အကျိုးကို ရည်မျှော်တည်ဆောက်ထားခြင်းဖြစ်သည်။ ဘုရားကျောင်း၏ အပြင်ဘက် နံရံတို့ပေါ်တွင် မိန်းမရုပ်များ၊ စေတီပုံများ၊ ပဒေသာပင်ကို ငွေအိုးတို့ ဝန်းရံနေပုံများ၊ မုတ်ဆိတ်ဖွားဖွားကျနေသော လူပုကလေးများ

DBE BOX - Copy Protected

က အိတ်အတွင်းမှ ကျောက်သံပတ္တမြားတို့ကို သွန်ချနေသည့်ဟန် ထုလုပ်ထားသည်။ ဤဘုရားကျောင်းများကို ကြည့်ခြင်းအားဖြင့် ဂျာဗားတွင် ရှေးဦးစွာ ဟိန္ဒူအယူဝါဒထွန်းကားခဲ့ပြီး နောင်တွင် ဗုဒ္ဓဘာသာသို့ တဖြည်းဖြည်း ပြောင်းလဲသက်ဝင်လာပုံကို သိမြင်နိုင်သည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့၏ နိဗ္ဗာန်မရောက်မီဘဝများ၌ ပြည့်စုံချမ်းသာစွာနေလိုသည့် ဆန္ဒကိုလည်း ထင်ဟပ်ဖော်ပြနေသည်။

## ၆.၁.၂။ ဗိသုကာအနုပညာလက်ရာ

ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများအနက် စိုင်လင်ဒြာမင်းအဆက်ဆက်နှင့် ပြည်သူတို့တည်ထားခဲ့သော ဂျာဗားကျွန်းရှိ ဗောရောဗုဓောစေတီတော်မှာ အကြီးမားဆုံးဖြစ်သည်။ စေတီတော်ကြီးကို စိုင်လင်ဒြာဘုရင်ပဉ္စပန (Pancapana) လက်ထက်တွင် စတင်တည်ဆောက်ခဲ့သည်။ ဗောရောဗုဓောသည် စိုင်လင်ဒြာမင်းဆက်တစ်လျှောက် တည်ဆောက်ခဲ့သမျှသော အဆောက်အအုံတို့အနက် အခမ်းနားဆုံးဖြစ်သည်။ စေတီတော်၏ ကြည်ညိုဖွယ် ဗိသုကာနှင့် ပန်းတမော့လက်ရာများကြောင့်လည်း ဂုဏ်သတင်းကျော်စောသည်။ ဗောရောဗုဓောစေတီသည် တစ်ချိန်က မတ္တရမ်ပြည်ထောင် ထွန်းကားခဲ့ရာဒေသဖြစ်သည့် ဂျာဗားကျွန်းအလယ်ပိုင်း၊ ဂျော့ဂျကာတာမြို့ အနောက်မြောက်ဘက် မိုင် ၂၀ အကွာတွင် တည်ရှိသည်။



**ပုံ(၄) ဗောရောဗုဓောစေတီတော်ကြီးအား ယနေ့ခေတ်တွင် တွေ့မြင်ရပုံ**

ဗောရောဗုဓောသည် သဘာဝတောင်ကုန်းကြီးတစ်ခုကို ကျောက်တုံးကျောက်ခဲကြီးများနှင့် ငုံ၍ ပစ္စယာအဆင့်ဆင့်ရှိသော စေတီတော်ကြီးဖြစ်သည်။ စေတီတော်၏ဗိသုကာနှင့် ပန်းတမော့လက်ရာများအရ ၇ ရာစုအကုန် ၈ ရာစုဆန်းစတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗောရော၏

အမိပ္ပာယ်မှာ ကျောင်းတော်ကြီးဖြစ်ပြီး ဗုဓောမှာ စေတီတော်ကြီး၏တောင်ဘက်ရှိ ရွာကလေး၏ အမည်ဖြစ်သည်။ ထို့ကြောင့် ဗောရောဗုဓောမှာ ဗုဓောရွာကျောင်းတော်ကြီးဟု အဓိပ္ပာယ်ရသည်။

ဗောရောဗုဓောစေတီတော်ကို မီးတောင်ကျောက်များဖြင့် ဆောက်လုပ်ထားသည်။ စေတီတော်၏ပုံတော်မှာ အိန္ဒိယနိုင်ငံရှိ စေတီတော်များကို အတုယူတည်ဆောက်ထားခြင်းဖြစ်ပြီး ဂျာဗား အနုပညာလက်ရာများဖြင့် မွမ်းမံထားသည်။ စေတီတော်ကို လေးထောင့်ပုံပန္နက်ပေါ်၌ တည်ထားပြီး ဖိနပ်တော်မှ အထက်သို့ ပစ္စယာငါးဆင့် တက်သွားသည်။ ပစ္စယာအဆင့်များမှာ ထပ်တွန့်စတုရန်းပုံများ ဖြစ်ကြပြီး ပစ္စယာအဆင့်တိုင်းတွင် စေတီငယ်များ တည်ဆောက်ထားသည်။ အထက်ဆုံးသော ပစ္စယာပေါ်တွင် တစ်ဆင့်ပေါ်တစ်ဆင့် ခေါင်းလောင်းပုံ မြင့်တက်သွားသော ကြည်ဝန်း (စက်ဝိုင်းပုံ ပစ္စယာ) သုံးဆင့်ရှိသည်။ ကြည်ဝန်းတို့ပတ်လည်တွင်လည်း စေတီငယ်များ တည်ထားသည်။ စုစုပေါင်းစေတီ ၇၂ ဆူ ရှိသည်။ စေတီတော်များအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များ ထည့်သွင်းထားသည်။ ပစ္စယာအဆင့်ဆင့်တွင် စေတီငယ်များ စီကာစဉ်ကာ တည်ထားသည်။ အထက်ဆုံးပစ္စယာ၏အလယ် ဗဟိုတွင် ဉာဏ်တော် ပေ ၁၅၀ ရှိသော ကြီးမားသည့် စေတီတစ်ဆူ တည်ထားသည်။ စေတီတော်၌ သပိတ်မှောက်၊ ငှက်ပျောဖူး၊ ထီးတို့ ပါရှိသည်။ အာလိန်ငါးဆင့်ရှိသည့် စေတီတော်ကြီး၏ လုံးတော် ပတ်လည်တွင် စုစုပေါင်း ၃ မိုင်ခန့်ရှည်သည့် စင်္ကြံလမ်းများ ရှိသည်။ စင်္ကြံလမ်းတစ်ဖက်တစ်ချက်ရှိ ကျောက်သားတို့ပေါ်တွင် ပန်းတမော့လက်ရာများဖြင့် ထုလုပ်ထားသော စဉ့်ကွင်းကျောက်ချပ်များဖြင့် မဟာယာနအယူဝါဒဆိုင်ရာ ဇာတ်ကွက်တို့ကို သရုပ်ဖော်ထားသည်။ မူလက စဉ့်ကွင်းကျောက်ချပ် ပေါင်း ၂၀၀၀ ခန့်ရှိခဲ့သော်လည်း ယခုအခါ ကျောက်ချပ်ရေ ၁၃၀၀ ခန့်သာ ကျန်ရှိတော့သည်။ စေတီတော်ကြီး၏ အာလိန်ငါးဆင့်တွင် မုခ်ကပ်များရှိပြီး ယင်းမုခ်ကပ်များထဲတွင် လူတစ်ကိုယ်နီးပါး အရွယ်ရှိသော ဗုဒ္ဓရုပ်ပွားတော်များရှိသည်။



**ပုံ(၅) ဗောရောဗုဓောစေတီတော်ကြီးအား အမြင့်မှတွေ့မြင်ရပုံ**

စေတီတော်ကြီး၏ အပေါ်ဆုံးပစ္စယာနံရံတွင် စဉ့်ကွင်းနှစ်တန်းရှိသည်။ အပေါ်တန်းတွင် ဘုရားလောင်းနတ်သားဘဝမှစ၍ ဘုရားဖြစ်ပြီး ဓမ္မစကြာတရားတော်ကို ဟောပြောသည်အထိ ရုပ်လုံးဖော်ထားသော စဉ့်ကွင်းများရှိသည်။ အောက်ဘက်တန်းတွင် ကံ၊ ကံ၏အကျိုးကို ပေါ်လွင်အောင်ဖော်ပြသော ရုပ်ကြွများ၊ ငရဲခန်းအဖုံဖုံကို ပေါ်လွင်အောင် ထုလုပ်ထားသော ရုပ်ကြွများရှိသည်။ ယင်းသရုပ်ဖော်ရုပ်ကြွများသည် စာမတတ်သူတို့အတွက် ဗုဒ္ဓ၏အဆုံးအမကို လျင်မြန်စွာ နာယူနိုင်အောင် သရုပ်ဖော်ထားသည်။



ပုံ(၆) ဗောရောဗုဓောရှိ စဉ့်ကွင်းကျောက်ချပ်တစ်ခု

ပစ္စယာငါးဆင့် တည်ဆောက်ထားခြင်းကြောင့် စေတီတော်ကြီးသည် ကောင်းကင်သို့ မြင့်တက်သွားမယောင်ထင်ရသည်။ သို့သော် ကြည်ဝန်းသုံးဆင့် တည်ဆောက်ထားပုံမှာ စေတီတော်ကြီးအား အောက်ခြေတွင်ပြန့်ကားပြီး အလယ်သို့ တဖြည်းဖြည်းစုစည်းသည့် ပုံစံဖြစ်စေသည်။ ပစ္စယာငါးဆင့်တွင် စုလစ်မွမ်းချွန်၊ ရုပ်လုံးများဖြင့် တန်ဆာဆင်ထားသည်။ ကြည်ဝန်းသုံးဆင့်တွင် တန်ဆာဆင်မှု လုံးဝမရှိပေ။ သံသရာကို ရည်ညွှန်းလို၍ အဝိုင်းပုံစေတီများ တည်ထားခြင်းဖြစ်သည်။ တန်ဆာအမျိုးမျိုးဆင်ထားသော ပစ္စယာငါးဆင့်သည် လောကီစည်းစိမ်တို့ကို ရည်ညွှန်းတည်ဆောက်ထားခြင်းဖြစ်သည်။ စေတီတော်တစ်ဆူလုံးကို ခြုံငုံလေ့လာလျှင် ဂျာဗားၗ မဟာယာနဗုဒ္ဓဘာသာ ထွန်းကားလာပုံကို တွေ့မြင်နိုင်မည် ဖြစ်သည်။

စေတီတော်ကြီးရှိ ရုပ်ကြွရုပ်လုံးတို့၏ထုလုပ်ဟန်တို့မှာ အိန္ဒိယနိုင်ငံတွင် ထွန်းကားခဲ့သည့် ဂုပ္ပတခေတ်လက်ရာဆန်သည်ဟု ပညာရှင်တို့က ယူဆကြသည်။ စိုင်လင်ဒြာခေတ် ဂျာဗားကျွန်း အနုပညာနှင့် ဗိသုကာပညာရှင်တို့သည် အိန္ဒိယအနုပညာလက်ရာတို့ကို အတုယူ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် အိန္ဒိယအနုပညာကို တိုက်ရိုက်ပုံတူကူးခြင်းမဟုတ်ဘဲ ဒေသနေယဉ်ကျေးမှုနှင့် ဆီလျော်အောင် ပြောင်းလဲလက်ခံခဲ့ခြင်းဖြစ်သည်။ ယင်းကိုကြည့်၍ အရှေ့တောင်အာရှနိုင်ငံများသည် အိန္ဒိယ၏ ယဉ်ကျေးမှု အနုပညာဗိသုကာလက်ရာတို့ကို တိုင်းရင်းပုံပေါက်အောင်မည်သို့ မွေးစားယူခဲ့ကြောင်း သိမြင်နားလည်နိုင်မည်။ ဤဗောရောဗုဓောစေတီတော်ကြီးကို ကမ္ဘာ့ကုလသမဂ္ဂ၏ ယူနက်စကိုအဖွဲ့က ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

DBE BOX - Copyright Protected

အင်ဒိုနီးရှားအစိုးရကလည်း ဗောရောဗုဒေါ၏အနုပညာလက်ရာများ ပျက်စီးပျောက်ပျက်သွားခြင်း မရှိစေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

**အဓိကအချက်များ**

- ဂျာဗားကျွန်းတွင် ပေါ်ထွန်းခဲ့သော ပြည်ထောင်များအနက် စိုင်လင်ဒြာမင်းတို့ အုပ်စိုးခဲ့သော မတ္တာရမ်ပြည်ထောင်သည် တန်ခိုးအင်အားကြီးမားခြင်း။
- မတ္တာရမ်ခေတ်ဦးပိုင်းတွင် သီဝနတ်ဘုရားကို ကိုးကွယ်ကြပြီး နှောင်းပိုင်းဘုရင်များမှာ မဟာယာနဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကြခြင်း။
- စိုင်လင်ဒြာမင်းတို့ တည်ထားကိုးကွယ်ခဲ့သည့် ဂူဘုရားများကို စန္ဒီဟုခေါ်ပြီး ယင်းတို့အနက် စန္ဒီပရိန်ဂါပတ်၊ စန္ဒီမင်းဒွတ်၊ စန္ဒီပါဝန် စသည်တို့မှာ ထင်ရှားခြင်း။
- ဂျော့ဂျကာတာမြို့အနီးရှိ ဗောရောဗုဒေါစေတီတော်ကြီးမှာ အခမ်းနားဆုံးနှင့် အံ့သြဖွယ် အကောင်းဆုံး ဗုဒ္ဓဘာသာဆိုင်ရာစေတီတော်ကြီးဖြစ်ခြင်း။
- အိန္ဒိယပုံစံကို အတုယူကာ တိုင်းရင်းပုံပေါက်အောင် မွမ်းမံထားသော ပစ္စယာအဆင့်ဆင့်ရှိသော စေတီတော်ကြီးဖြစ်ခြင်း။
- စေတီတော်ရှိ သရုပ်ဖော်စဉ့်ကွင်းများသည် စာမတတ်သူတို့အတွက် ဗုဒ္ဓ၏ အဆုံးအမကို လျင်မြန်စွာနားလည်နိုင်အောင် သရုပ်ဖော်ထားခြင်း။
- စေတီတော်တစ်ဆူလုံးကို ခြုံငုံလေ့လာလျှင် ဂျာဗား၌ မဟာယာနဗုဒ္ဓဘာသာ ထွန်းကားလာပုံကိုတွေ့မြင်နိုင်ခြင်း။
- ၁၉၉၁ ခုနှစ်တွင် ဗောရောဗုဒေါစေတီတော်ကြီးကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ခြင်း။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ စိုင်လင်ဒြာမင်းတို့လက်ထက် မတ္တာရမ်ပြည်ထောင်တွင် ဘာသာယုံကြည်မှုအပေါ် အခြေခံ၍ ယဉ်ကျေးမှုထွန်းကားခဲ့ပုံကို ဆွေးနွေးတင်ပြပါ။

၂။ ဗောရောဗုဒေါစေတီတော်၏ ကြီးကျယ်ခမ်းနားသော ဗိသုကာလက်ရာများသည် မည်သည့် အဓိပ္ပာယ်များဆောင်သနည်း။ ဆွေးနွေးတင်ပြပါ။

၃။ ဗောရောဗုဒေါစေတီတော်ရှိ စဉ့်ကွင်းကျောက်ချပ်များသည် မတ္တာရမ်ပြည်ထောင်သားတို့အတွက် မည်သို့အကျိုးပြုခဲ့သည်ဟု ယူဆပါသနည်း။ သင်၏ထင်မြင်ချက်ကို ဖော်ပြပါ။

## ၆.၂။ အန်ကောဝတ် (Angkor Wat)

### ၆.၂.၁။ နောက်ခံသမိုင်း

အန်ကောမင်းနေပြည်တော်တည်ရာဖြစ်သော ခမာနိုင်ငံ၏ မူလအစဖြစ်သည့် ချင်လာပြည်ထောင်သည် မဲခေါင်မြစ်ဝှမ်းပေါ်ရှိ ယခုခေတ် လာအိုနိုင်ငံတောင်ပိုင်းနှင့် ကမ္ဘောဒီးယားမြောက်ပိုင်းတစ်ခွင်တွင် တည်ရှိခဲ့သည်။ ချင်လာပြည်ကို တည်ထောင်ခဲ့သူများမှာ မြောက်ပိုင်းမှ ဝင်ရောက်လာကြသော ခမာ သို့မဟုတ် ကမ္ဘောဇလူမျိုးတို့ဖြစ်သည်။ ပထမဦးစွာ ချင်လာသည် ဖူနန်ပြည်ထောင်၏ လက်အောက်ခံဖြစ်ခဲ့သည်။ သို့သော် အရည်အသွေးထက်မြက်သောခေါင်းဆောင်တို့ကြောင့် ချင်လာပြည်ထောင်အင်အားကောင်းလာပြီး ဖူနန်လက်အောက်မှ ရုန်းထွက်နိုင်ခဲ့သည်။ ၆ ရာစုတွင် ဖူနန်ကို ပြန်လည်လွှမ်းမိုးနိုင်ခဲ့ပြီး ၇ ရာစုတွင်မူ ဖူနန်ကို ချင်လာပြည်ထောင်အတွင်းသို့ အပြီးတိုင် သွတ်သွင်းခဲ့သည်။

ချင်လာနိုင်ငံသား ခမာလူမျိုးတို့မှာ ဗြာဟ္မဏဝါဒကို သက်ဝင်ယုံကြည်ကြပြီး သီဝနတ်ဘုရားကို ပိုမိုအလေးထားကိုးကွယ်ကြသည်။ သီဝနှင့် ဗိဿနိုး နှစ်ပါးကို တစ်ပေါင်းတည်းထား၍ ထုလုပ်ထားသော ဟာရိဟာရ (Harihara) နတ်ရုပ်ကိုလည်း ပူဇော်ကိုးကွယ်ကြသည်။

ကျယ်ပြန့်လာသည့် ချင်လာနိုင်ငံသည် ထက်မြက်သည့် ဇယဝါရမန်မင်း(Jayavarman) ကွယ်လွန်ပြီးနောက် ဆူပူမှုများပေါ်ပေါက်ကာ တောင် နှင့် မြောက် နှစ်ခြမ်းကွဲသွားပြီး တန်ခိုးအင်အားလည်းဆုတ်ယုတ်လာခဲ့သည်။ ၈ ရာစုနှောင်းပိုင်းတွင် လွန်စွာအင်အားချည့်နဲ့နေသည့် ချင်လာနိုင်ငံကို ဂျာဗားကျွန်းတွင် တန်ခိုးအင်အားကြီးများလာသည့် စိုင်လင်ဒြာမင်းဆက်မှ သန်ဇယမင်း (Sanjaya) က တိုက်ခိုက်အောင်နိုင်ခဲ့သည်။ သို့သော် သန်ဇယမင်းသည် ချင်လာကို သိမ်းပိုက်အုပ်စိုးခြင်းမပြုဘဲ မိမိသြဇာခံ ခမာမင်းသားတစ်ပါးကို နန်းတင်အုပ်စိုးစေခဲ့သည်။ ထိုမင်းသည် ကမ္ဘောဒီးယားသမိုင်းတွင် ဒုတိယဇယဝါရမန်မင်းအဖြစ် ထင်ရှားသည်။



ပုံ(၇) ဟာရိဟာရနတ်ဘုရားရုပ်တု

ဒုတိယဇယဝါရမန်သည် ထက်မြက်သောမင်းတစ်ပါးဖြစ်၍ ဂျာဗား၏ သြဇာခံအဖြစ် မနေလိုပေ။ ထို့ကြောင့် တကွဲတပြားစီဖြစ်နေသော ချင်လာပြည်ထောင်ကို ပြန်လည်စည်းရုံးပြီး ဂျာဗား

DBE BOX - Copyright Protected

လက်အောက်မှ ရုန်းထွက်ကာ ၉ ရာစုတွင် လွတ်လပ်သောနိုင်ငံ ထူထောင်ခဲ့သည်။ ထိုနိုင်ငံသည် ခမာနိုင်ငံအဖြစ် ထင်ရှားလာပြီး ၁၅ ရာစုတိုင်အောင် တန်ခိုးအင်အားကြီးမားခဲ့သည်။

ခမာနိုင်ငံကို အုပ်စိုးခဲ့သူများအနက် ပထမယသောဝါရမန်မင်း (Yasovarman I) သည် လွန်စွာထင်ရှားသည်။ ထိုမင်းသည် ပတ်ဝန်းကျင်ပြည်ထောင်များကိုနယ်ချဲ့ကာ သစ္စာခံပဏ္ဏာဆက် ပြည်ထောင်များအဖြစ် သိမ်းသွင်းခဲ့သည်။ ယသောဝါရမန်သည် ကျုံး၊ မြို့ရိုး၊ ပစ္စင်ရင်တားတို့ဖြင့် ခမ်းနားသော အန်ကောမင်းနေပြည်တော်ကြီးကို တည်ဆောက်ခဲ့သည်။ အန်ကောသည် ပုဂံမင်းနေပြည်တော်နှင့် ခေတ်ပြိုင်ပေါ်ထွန်းခဲ့ပြီး ပုဂံမင်းနိုင်ငံကဲ့သို့ပင် တန်ခိုးအင်အားကြီးမားခဲ့သည်။ အန်ကောမင်းနေပြည်တော်သည် ယခုခေတ် ဆီယန်ရိ(ပ်)နယ်တွင်တည်ရှိပြီး ဘုရား၊ ကျောင်း၊ စေတီ ပုထိုး အဆူဆူတို့ဖြင့် တင့်တယ်စွာတည်ဆောက်ထားသည်။ ကျုံးမြောင်းအသွယ်သွယ်တို့ကိုလည်း တူးဖော်တည်ဆောက်ထားသဖြင့် ကောက်ပဲသီးနှံဖြစ်ထွန်း၍ သာယာစည်ပင်သည့်ဒေသကြီးဖြစ်ခဲ့သည်။

ယသောဝါရမန်မင်းလက်ထက်တွင် ရေးထိုးသောကျောက်စာများသည် နိုင်ငံ့ရေးရာများကို များစွာဖော်ပြထားခြင်းမရှိဘဲ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းစသည့် ဘာသာရေးဆိုင်ရာ ကိစ္စများကိုသာ အလေးပေးဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ယင်းကာလ ခမာနိုင်ငံ၏ လူမှုစီးပွားနှင့် နိုင်ငံရေးအခြေအနေတို့ကို ကောင်းစွာမသိရှိရပေ။ ကမ္ဘောဒီးယားနိုင်ငံတစ်လွှား စုဆောင်းရရှိသော ကျောက်စာများအရ အန်ကောနေပြည်တော်တွင် စိုးစံသောဘုရင်တို့သည် သက်ဦးဆံပိုင်မင်းများဖြစ်သည်။ ထိုမင်းတို့သည် ဘာသာရေးလုပ်ငန်းတို့တွင် များစွာစိတ်အား ထက်သန်ကြသော်လည်း တိုင်းသူပြည်သားတို့နှင့် ထိတွေ့ဆက်ဆံလိုသူများမဟုတ်ပေ။ မင်းတို့၏ တာဝန်မှာ နိုင်ငံငြိမ်ဝပ်ပိပြားရေးအတွက် ဥပဒေများထုတ်ပြန်ရန်၊ သာသနာတော်စည်ပင်ရေး အတွက် ဆောင်ရွက်ရန်နှင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။

အန်ကောနေပြည်တော်ကို အုပ်စိုးသောမင်းတို့အား ပြည်သူတို့က သီဝနတ်ဘုရားအဖြစ် ကိုးကွယ်ဆည်းကပ်ကြရသည်။ ထိုမင်းတို့ကွယ်လွန်လျှင် သီဝသော်လည်းကောင်း၊ ဗိဿနိုးသော် လည်းကောင်း၊ ဗောဓိသတ္တသော်လည်းကောင်း ဖြစ်သွားသည်ဟုယုံကြည်ကြသည်။ ဤဓလေ့မျိုးကို အရှေ့တောင်အာရှနိုင်ငံများစွာက လက်ခံယုံကြည်ကြသည်။ ထို့ကြောင့် မင်း၊ မိဖုရား နှင့် မှူးမတ် တို့ ကွယ်လွန်သောအခါ ကွယ်လွန်သူ၏ပုံကို ရုပ်တုထု၍ သီဝ၊ ဗိဿနိုး၊ ဗောဓိသတ္တ၊ လက်ချမီး နတ်သမီး၊ ပါဝတီနတ်သမီးတို့အဖြစ် ကိုးကွယ်ကြသည်။

ယခုအခါ အန်ကောမင်းနေပြည်တော်ဟောင်းတစ်ဝန်းတွင်ရှိသော သာသနိကအဆောက် အအုံတို့မှာ အန်ကောမင်းနှင့် မိဖုရားတို့၏ ရုပ်တုများစံမြန်းရာ ဘုရားတန်ဆောင်းနှင့် နတ်ကွန်း များဖြစ်ကြသည်။

UBE BOX - Copyright Protected



ပုံ(၈) အန်ကော၌တွေ့ရသည့် သီဝနတ်ဘုရားရုပ်တု

ရှေးဟောင်းသာသနိကဆိုင်ရာ အထောက်အထားများအရ အန်ကောနေပြည်တော်တွင် သီဝ၊ ဗိဿနိုးနတ်ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း တွေ့ရသည်။ ခေတ်အပိုင်းအခြားအရကြည့်လျှင် ၉ ရာစုနှင့် ၁၀ ရာစုနှစ်များတွင် သီဝကို အလေးထားကိုးကွယ်ကြသည်။ ၁၂ ရာစုသို့ရောက်သောအခါတွင် ဗိဿနိုးနတ်ကိုးကွယ်မှု ခေတ်စားလာခဲ့သည်။ ဗုဒ္ဓဘာသာမှာ အန်ကောခေတ်တစ်လျှောက်လုံးတွင် အတန်အသင့် ထွန်းကားခဲ့သည်။

ဤကိုးကွယ်ယုံကြည်မှုအားလုံးသည် အိန္ဒိယမှ ရောက်လာခဲ့ခြင်းဖြစ်ရာ ပထမပိုင်းတွင် မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်စသော အုပ်စိုးသူလူနည်းစုတို့ကသာ အလေးထားလက်ခံယုံကြည်ခဲ့ကြသည်။ ပြည်သူများထံသို့မူ လျင်မြန်စွာမပြန့်ပွားခဲ့ပေ။ အိန္ဒိယမှ ဘာသာရေးနှင့် လူမှုဆက်ဆံရေးဆိုင်ရာ ယဉ်ကျေးမှုများရောက်လာသော်လည်း ပြည်သူအများစုသည် မိရိုးဖလာဓလေ့ထုံးတမ်းနှင့်ရိုးရာကိုးကွယ်ယုံကြည်မှုတို့ကိုသာ ဆက်လက်ကျင့်သုံးခဲ့ကြသည်။ နောင်တွင် သာသနာပြုရဟန်းတို့က ဗုဒ္ဓသာသနာကို ပြန့်ပွားအောင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာသည် ခမာပြည်သူများကြားတွင် လျင်မြန်စွာပြန့်ပွားလာခဲ့သည်။

ခမာမင်းတို့သည် မင်းနေပြည်တော်တစ်ဝန်းတွင် ဟိန္ဒူနှင့် ဗုဒ္ဓသာသနိကဆိုင်ရာ အဆောက်အအုံများစွာကို တည်ဆောက်ခဲ့ကြသည်။ ယနေ့ခေတ် ကမ္ဘောဒီးယားနိုင်ငံတွင် ရှေးခမာဘုရင်များနှင့် ပြည်သူတို့တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံပေါင်း သုံးထောင်ကျော် ရှိနေသေးသည်။ ယင်းတို့အနက် ကြည်ညိုဖွယ်အကောင်းဆုံးနှင့် အနုပညာလက်ရာအမြောက်ဆုံးအဆောက်အအုံတို့မှာ အန်ကောမင်းနေပြည်တော်ဟောင်းတွင် တည်ရှိကြသည်။ ယင်းအဆောက်အအုံများကို ခေတ်ဦးအဆောက်အအုံနှင့် ခေတ်နှောင်းအဆောက်အအုံဟူ၍ ထပ်မံခွဲခြားနိုင်သည်။

အန်ကောမင်းနေပြည်တော် စတင်တည်ထောင်သည်မှ ၁၀ ရာစုနှစ်အတွင်း တည်ဆောက်ခဲ့သည့် အဆောက်အအုံတို့ကို ခေတ်ဦးသာသနိကအဆောက်အအုံများအဖြစ် သတ်မှတ်ပြီး ၁၁ ရာစုနောက်ပိုင်းတည်ဆောက်ခဲ့သော အဆောက်အအုံများကို ခေတ်နှောင်းအဆောက်အအုံများဟု သတ်မှတ်ကြသည်။ ခေတ်ဦးအဆောက်အအုံများအနက် ဖနွမ်းကူလန်ဘုရားကျောင်း (Phnom Kulen)၊ ပရေးကိုစေတီ (Preah Ko)၊ ဘခမ်းစေတီ (Bakheng)၊ ပရာစက်ကရာဗင်စေတီ (Prasat Kravan) နှင့် ဘန်တေစရေးစေတီ (Banteay Srei) တို့မှာ လက်ရာအမြောက်ဆုံးနှင့် ကြည်ညိုဖွယ်

DBE BOX - Copyright Protected

အကောင်းဆုံး သာသနိကအဆောက်အအုံများဖြစ်ကြသည်။ ခေတ်နှောင်းပိုင်း အဆောက်အအုံများအနက် ဒုတိယသူရိယဝါရမန်မင်းလက်ထက်တွင် တည်ထားခဲ့သော အန်ကောဝတ်ကျောင်းတော်ကြီးမှာ အထင်ရှားဆုံးဖြစ်သည်။



**ပုံ(၉) ဖနွမ်းကူလန်ဘုရားကျောင်းကို ယနေ့တွေ့ရပုံ**

DBE BOX - Copyright Protected

## ၆.၂.၂။ ဗိသုကာအနုပညာလက်ရာ

ခေတ်နှောင်း ခမာထီးနန်းကို ဆက်ခံသော မင်းများအနက် ဒုတိယသူရိယဝါရမန်မင်း (၁၁၁၃-၁၁၅၀ ခန့်) မှာ တန်ခိုးအကြီးဆုံးနှင့် အထင်ရှားဆုံးမင်းဖြစ်သည်။ ထိုမင်းသည် ခမာထီးနန်းကို လုယူအုပ်စိုးခဲ့ပြီး အင်အားဆုတ်ယုတ်နေသောအိမ်နီးချင်းနိုင်ငံများကို သိမ်းပိုက်ကာနယ်မြေချဲ့ထွင်ခဲ့သည်။ ၎င်းသည် ပုဂံမင်းနိုင်ငံရှိ ကျန်စစ်သားမင်းနှင့် ခေတ်ပြိုင်အုပ်စိုးခဲ့သောမင်းဖြစ်သည်။ ဒုတိယသူရိယဝါရမန်မင်းသည် အေဒီ ၁၂ရာစုအတွင်းတွင် အန်ကောဝတ်ကျောင်းတော်ကြီးကို တည်ထားခဲ့သည်။ နှစ်ပေါင်း ၅၀ ခန့်ကြာမှ ပြီးစီးသည်ဟု အဆိုရှိသည်။ မူလက ဗိသနိုးနတ်မင်းအား ရည်စူး၍ တည်ထားခဲ့ခြင်းဖြစ်သော်လည်း သတ္တမဇယဝါရမန်မင်းလက်ထက်သို့ ရောက်သောအခါ ဗုဒ္ဓသာသနိကအဆောက်အအုံအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။

အန်ကောဝတ်ကျောင်းတော်ကြီးသည် ရှေးခမာလူမျိုးများ၏ ဗိသုကာနှင့် အနုပညာလက်ရာများ ကြီးကျယ်ခမ်းနားမှုကို ဖော်ပြနေသော ရှေးဟောင်းအဆောက်အအုံကြီးဖြစ်သည်။ ခမာတို့သည် အဆောက်အအုံဆောက်လုပ်ရာတွင် ကျောက်တုံးကျောက်ခဲများကို နိုင်နင်းစွာအသုံးပြုလာနိုင်ကြသဖြင့် ထိုခေတ်တွင် ခမာတို့၏ ဗိသုကာပညာသည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ကျောင်းတော်ကြီးတစ်ခုလုံးကို အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ခြင်းမပြုဘဲ သဲကျောက်တုံးကြီးများ

ဖြင့်သာ ဆောက်လုပ်ထားသည်။ မူလက အချို့အစိတ်အပိုင်းတို့ကို သစ်ဖြင့် ဆောက်လုပ်ခဲ့သည်ဟု ယူဆရသော်လည်း ယခုအခါ မတွေ့ရတော့ပေ။



**ပုံ(၁၀) အန်ကောဝတ် ကျောင်းတော်ကြီးကို ယနေ့တွေ့ရပုံ**

DBE BOX - Copyright Protected

အန်ကောဝတ်ကျောင်းတော်ကြီးသည် တည်ဆောက်သူ ဒါယကာဘုရင်မင်းမြတ်နှင့် မျုးမတ်သေနာပတိတို့၏ ဂူသချိုင်းလည်းဖြစ်သည်ဟု ယူဆကြသည်။ အန်ကောဝတ်ကျောင်းတော်ကြီး၏ ပရိဝုဏ်သည် ၁ စတုရန်းမိုင်ကျော်ခန့်ရှိသည်။ ကိုက် ၂၅၀ ခန့်ကျယ်သော ကျုံးဖြင့် လေးဖက်လေးတန် ဝန်းရံထားသည်။ ကျုံးကို ဖြတ်ကျော်ရန် နဂါးရုပ်များဖြင့် တန်ဆာဆင်ထားသော ကျောက်တံတားရှိသည်။ ကျောင်းတော်ကို မဟာရံတံတိုင်းဖြင့် ကာရံထားသည်။ မဟာရံတံတိုင်း၏ လေးမျက်နှာလုံး၌ မုခ်ပေါက်တစ်ခုစီရှိသည်။ အနောက်မုခ်ကို ပြာသာဒ်ဆောင်များဖြင့် ခမ်းခမ်းနားနား မွမ်းမံထားသည်။

ကျောက်တိုင်လုံးများဖြင့် ထောက်ပင့်ထားသော ပြာသာဒ်သုံးဆောင်ရှိပြီး အလယ်ဆောင်မနှင့် ဘေးနှစ်ဖက်ရှိ အဆောင်ငယ်နှစ်ခုကို စောင်းတန်းများဖြင့် ဆက်သွယ်ထားသည်။ ကျောင်းတော်ကြီး၏ပန္နက်ပုံသည် အရပ်လေးမျက်နှာနှင့်အညီ လေးထောင့်စပ်စပ်ဖြစ်သည်။ ပစ္စယာသုံးဆင့်ရှိ၍ တတိယပစ္စယာမှအထက်သို့ ရှုး၍တက်သွားပြီး ထိပ်ထောင့်လေးထောင့်တွင် ပြာသာဒ်ဆောင်တစ်ဆောင်စီ ရှိသည်။ ယင်းတို့၏အလယ်ဗဟိုတွင် ပြာသာဒ်ဆောင်မကြီးရှိသည်။ ဆောင်မကြီးနှင့် ထောင့်လေးထောင့်မှ အဆောင်များကို နတ်လမ်း၊ တန်ဆောင်း၊ နတ်လှေကားတို့ဖြင့် ဆက်သွယ်ထားသည်။

ကျောင်းတော်ကြီးကို တည်ထားပုံမှာ ရှေးခမာတို့၏အယူအဆအရ စကြဝဠာတည်နေပုံအတိုင်းဖြစ်သည်။ ကျောင်းတော်ကြီးကို ကျုံးနှင့် မဟာရံတံတိုင်း ပတ်လည်ဝိုင်းလျက်ရှိခြင်း

သည် စကြဝဠာကြီးကို တောင်စဉ်တောင်တန်းများ၊ သမုဒ္ဒရာများက ဝိုင်းရံနေသည်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ မြင်းမိုရ်တောင်၏ အထွတ်များကို သရုပ်ဖော်သော ပြာသာဒ်ဆောင်များအပြင် နေ၊ လ၊ နက္ခတ်တာရာများကို သရုပ်ဖော်ထားသည့် စမုခ်ဆောင်များလည်းရှိသည်။

တန်ဆောင်းအတွင်း စကြံလမ်း၏ နံရံများ၌ ဗြဟ္မာ၊ သီဝ၊ ဗိဿနိုး နတ်မင်းကြီးတို့နှင့် စပ်လျဉ်းသော ဇာတ်၊ နိပါတ်များ၊ ရာမာယန၊ မဟာဘာရတ ကဗျာများမှ ထုတ်နုတ်ချက်များ၊ ငရဲခန်း၊ ဘုံခန်းများတို့ကို ရုပ်ကြွများဖြင့် သရုပ်ဖော်ထားသည်။ သဲကျောက်ပေါ်၌ ပုံဖော်ထွင်းထုထားသည့် ရုပ်ကြွတို့ဖြင့် တန်ဆာဆင်ထားသော စကြံလမ်းမှာ မိုင်ဝက်ခန့်ရှည်လျားပြီး လူအရွယ်မျှရှိသော လူရုပ်နှင့် နတ်ရုပ်ပေါင်း ၁၇၅၀ ခန့်မျှရှိသည်။ ရုပ်ကြွတို့မှာ ထုလုပ်ပုံစောက်မနက်သော်လည်း ရှေးအီဂျစ်၊ အဆီးရီးယားနှင့် ဂရိခေတ်တို့တွင် ထုလုပ်ခဲ့သောရုပ်ကြွများထက် အနုပညာလက်ရာမြောက်သည်ဟု ပညာရှင်တို့က ယူဆကြသည်။



**ပုံ(၁၁) ရာမာယနဇာတ်ကွက် သရုပ်ဖော်ထားသည့်ရုပ်ကြွ**

အန်ကောဝတ်ကျောင်းတော်ကြီး၏ဒါယကာ ဒုတိယသူရိယဝါရမန်မင်း၏ ပုံတူရုပ်ကြွနှစ်ကွက်ကိုလည်းတွေ့ရပြီး ဗိဿနိုးနတ်မင်းအဖြစ် သရုပ်ဖော်ထားသည်။ အချို့ရုပ်ကြွများတွင် ဒုတိယသူရိယဝါရမန်မင်းလက်ထက်က ခမာပြည်သူတို့၏ နေ့စဉ်သွားလာနေထိုင်ပုံတို့ကို သရုပ်ဖော်ထားသည်။ ရုပ်ကြွတို့တွင် ဝတ်ဆင်ထားသော အဆင်တန်ဆာတို့ကိုလေ့လာ၍ ထိုခေတ် ခမာပြည်သူတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို ခန့်မှန်းသိရှိနိုင်သည်။ ထို့ကြောင့် အန်ကောဝတ်ကျောင်းတော်ကြီးကို ရှေးခေတ် ခမာပြည်သူတို့၏ လူနေမှုဘဝသမိုင်းကို ဖော်ထုတ်ပြသနေသည့် ပြတိုက်ကြီးဟုပင် တင်စားနိုင်သည်။ ဤကျောင်းတော်ကြီးအပါအဝင် အန်ကောမြို့ဟောင်းကို ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၁၉ ဖေဖော်ဝါရီလ ၁၉၉၅ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။

**အဓိကအချက်များ**

- ချင်လာနိုင်ငံသား ခမာလူမျိုးတို့မှာ ဗြာဟ္မဏဝါဒကို သက်ဝင်ယုံကြည်ပြီး သီဝနတ်ဘုရားကို အလေးထားကိုးကွယ်ကြခြင်း။
- ၈ ရာစုနှောင်းပိုင်းတွင် ချင်လာနိုင်ငံသည် ဂျာဗားရှိ စိုင်လင်ဒြာမင်းဆက် လက်အောက်ကျ ရောက်ခြင်း။
- ဒုတိယဇယဝါရမန်မင်းလက်ထက်တွင် ဂျာဗားလက်အောက်မှရုန်းထွက်ကာ ခမာနိုင်ငံအဖြစ် ထင်ရှားလာခြင်း။
- ပထမယသောဝါရမန်မင်းလက်ထက်တွင် အန်ကောမင်းနေပြည်တော်ကြီးကို တည်ဆောက် ခဲ့ခြင်း။
- အန်ကောနေပြည်တော်တွင် သီဝ၊ ဗိဿနိုး နတ်ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာ ထွန်းကားခဲ့ခြင်း။
- အန်ကောရှိသာသနိကအဆောက်အအုံများအနက် ဒုတိယသူရိယဝါရမန်မင်း တည်ထား ခဲ့သော အန်ကောဝတ်ကျောင်းတော်ကြီးမှာ အထင်ရှားဆုံးဖြစ်ခြင်း။
- မူလက ဗိဿနိုးနတ်မင်းအားရည်စူး၍ တည်ထားခဲ့ခြင်းဖြစ်သော်လည်း သတ္တမဇယဝါရမန် မင်း လက်ထက်သို့ရောက်သောအခါ ဗုဒ္ဓသာသနိကအဆောက်အအုံအဖြစ် ပြောင်းလဲသတ် မှတ်ခဲ့ခြင်း။
- ကျောင်းတော်ကြီးကိုတည်ထားပုံမှာ ရှေးခမာတို့၏အယူအဆအရ စကြဝဠာတည်နေပုံ အတိုင်းဖြစ်ခြင်း။
- မြင်းမိုရ်တောင်၏ အထွတ်များကို သရုပ်ဖော်သောပြာသာဒ်ဆောင်များအပြင် နေ၊ လ၊နက္ခတ် တာရာများကိုသရုပ်ဖော်ထားသည့် စမုခ်ဆောင်များလည်းရှိခြင်း။
- ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၁၉ ဖေဖော်ဝါရီလ ၁၉၉၅ ခုနှစ် တွင် သတ်မှတ်ခဲ့ခြင်း။

DRE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ချင်လာနိုင်ငံမှ ခမာနိုင်ငံသို့ ပြောင်းလဲလာပုံကို ရှင်းလင်းဆွေးနွေးပါ။

၂။ အန်ကောခေတ် မင်းနှင့် ပြည်သူတို့၏ ဆက်ဆံရေးကို သုံးသပ်တင်ပြပါ။

၃။ အန်ကောဝတ်ကျောင်းတော်ကြီး၏ ဗိသုကာအနုပညာလက်ရာများ ခမ်းနားပုံနှင့် ယင်းတို့၏ အနက်အဓိပ္ပာယ်များကို ဆွေးနွေးတင်ပြပါ။

**၆.၃။ အယုဒ္ဓယ** (Ayuthia)

**၆.၃.၁။ နောက်ခံသမိုင်း**

အယုဒ္ဓယပြည်ထောင်ကို တည်ထောင်ခဲ့ကြသော တိုင် (Tai)လူမျိုးတို့သည် ခရစ်နှစ်အစပိုင်းခန့်က ယူနန်နယ်တွင် နေထိုင်ခဲ့ကြသည်။ ယင်းတို့သည် ယူနန်ဒေသတွင် တဖြည်းဖြည်းအင်အားကြီးလာပြီး ၆ ရာစုခန့်တွင် နန်းစော ခေါ် နန်ကျောင်နိုင်ငံကို ထူထောင်ခဲ့ကြသည်။ နန်းစောဟူသည်မှာ "တောင်ဘက်ပိုင်းမှ စောဘွဲ့ခံယူသူက အုပ်ချုပ်သည့်လူမျိုးများ "ဟု အဓိပ္ပာယ်ရသည်။ မြို့တော်မှာ တာ့လီ ဖြစ်သည်။ နန်းစောတို့သည် စစ်ရေးကျွမ်းကျင်သူများဖြစ်ပြီး ၇ ရာစုခန့်မှစ၍ ပတ်ဝန်းကျင်နိုင်ငံများကို လှည့်လည်တိုက်ခိုက်ခဲ့ကြသည်။ ၁၃ ရာစုတွင် မွန်ဂိုတို့၏ တိုက်ခိုက်မှုကြောင့် နန်းစောနိုင်ငံ ပြိုကွဲကာ တောင်ဘက်သို့ ပြောင်းရွှေ့တိမ်းရှောင်ခဲ့ကြသည်။ ယင်းတို့အနက် အချို့သည် မဲခေါင်၊ မဲနမ်မြစ်ဝှမ်းဒေသတွင် မြို့ပြပြည်ထောင်များ တည်ထောင်အခြေချခဲ့ကြသည်။

ကျိုင်းသေဉ် (Chiang Saen)၊ ကျိုင်းရဲ (Chiang Rai) နှင့် သောက္ကတဲ (Sukhohtai) တို့မှာ နန်းစော သို့မဟုတ် တိုင်လူမျိုးတို့ မဲနမ်မြစ်ဝှမ်းတွင် အစောဆုံးတည်ထောင်ခဲ့ကြသော မြို့ပြပြည်ထောင်များဖြစ်ကြသည်။ တိုင်တို့သည် ယင်းတို့၏နေရာသစ်ဝန်းကျင်ရှိ အန်ကောဝ်၏လက်အောက်ခံနယ်မြေများကို တိုက်ခိုက်သိမ်းယူကြသည်။ အင်အားကျဆင်းနေသည့် အန်ကောမင်းတို့သည် နန်းစောတို့ကို တွန်းလှန်နိုင်စွမ်းမရှိကြတော့ဘဲ နယ်မြေများလက်လွှတ်ဆုံးရှုံးခဲ့ကြသည်။

တိုင်မြို့ပြပြည်ထောင်များအနက် ဦးစွာတန်ခိုးအင်အားကြီးမားလာခဲ့သော ပြည်ထောင်မှာ သောက္ကတဲ ဖြစ်သည်။ သောက္ကတဲမင်းရာမခမ်သည် မဲနမ်အောက်ပိုင်းနှင့် မဲခေါင်အလယ်ပိုင်းဒေသတို့ကို သိမ်းသွင်းနိုင်ခဲ့သဖြင့် ထိုဒေသ၌ရှိနှင့်ပြီးဖြစ်သည့် မွန်၊ ခမာတို့နှင့် ထိတွေ့ခွင့်ရခဲ့သည်။ ယင်းတို့ထံမှ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှုတို့ကို အတုယူကျင့်သုံးခဲ့သည်။ ထို့ကြောင့် သောက္ကတဲသည် တိုင်ယဉ်ကျေးမှု စတင်ပျိုးထောင်ရာဒေသတစ်ခု ဖြစ်လာခဲ့သည်။ သို့သော် နှောင်းပိုင်း သောက္ကတဲမင်းတို့သည် နိုင်ငံအုပ်ချုပ်ရေးထက် လောကုတ္တရာရေးရာကိုသာ အလေးပေးကြသဖြင့် သောက္ကတဲပြည်ထောင်၏ နိုင်ငံရေးအာဏာ တဖြည်းဖြည်း ကျဆင်းခဲ့ရသည်။


သောက္ကတဲပြည်ထောင် ဩဇာကျဆင်းချိန်တွင် မဲနမ်မြစ်အောက်ပိုင်း၌ ထက်မြက်သော တိုင်ခေါင်းဆောင်တစ်ဦး ပေါ်ထွန်းလာခဲ့သည်။ ထိုခေါင်းဆောင်သည် ၁၃၅၀ ပြည့်နှစ်တွင် ဒွါရာဝတီ သီရိအယုဒ္ဓယဟူသော မြို့တော်ကိုတည်ထောင်ကာ ရာမာဓိပတိဟူသောဘွဲ့ကိုခံယူလျက် မင်းပြု သည်။ အယုဒ္ဓယကို တည်ထောင်အုပ်စိုးသော ရာမာဓိပတိမင်းအား တိုင်တို့က မိမိတို့နိုင်ငံ၏ ရှေးဦးမင်းဟု မှတ်ယူကြသည်။ အယုဒ္ဓယသည် မဲနမ်မြစ်ဝှမ်းအလယ်ပိုင်းနှင့် အောက်ပိုင်းကို အစိုးရသောပြည်ထောင်ဖြစ်သည်။ သို့သော် ရာမာဓိပတိသည် တိုင်လူမျိုးအားလုံးကို တစ်စုတစည်းတည်း ဖြစ်အောင် မစည်းရုံးနိုင်ခဲ့ပေ။ မဲနမ်မြစ်ဖျားတွင် ပေါ်ထွန်းလာသော ဇင်းမယ်သည်လည်းကောင်း၊

DBE BOX - Copyright Protected

မဲခေါင်မြစ်ဝှမ်းအလယ်ပိုင်းတွင် ပေါ်ထွန်းလာသည့် လင်းဇင်းသည်လည်းကောင်း အယုဒ္ဓယနှင့်အပြိုင် တည်ရှိခဲ့သည်။

## ၆.၃.၂။ ဗိသုကာအနုပညာလက်ရာ

ရာမာဓိပတိနှင့် ယင်းကိုဆက်ခံသော အယုဒ္ဓယမင်းများနှင့် ပြည်သူတို့သည် ကိုးကွယ်ယုံကြည်မှုနှင့် အနုပညာဘက်တွင် သောက္ကတဲ၌ ထွန်းကားနေသော ဗုဒ္ဓဘာသာနှင့် အနုပညာလက်ရာတို့ကို အတုယူခဲ့ကြသည်။ ဗုဒ္ဓရုပ်ပွားတော်ကို ထုလုပ်ရာတွင် သောက္ကတဲဟန်အတိုင်း ထုလုပ်ကြသည်။ သောက္ကတဲဟန်မှာ သီဟိုဠ်မှ ဆက်ခံရရှိခြင်းဖြစ်ပြီး ပျော့ပျောင်းသွယ်လျမှုမရှိဘဲ တောင့်တင်းခိုင်မာမှုနှင့် လုံးဝန်းမှုကို ပေါ်လွင်အောင် ထုလုပ်ခြင်းဖြစ်သည်။ ထိုခေတ် ဆင်းတုတော်များ၏ ထူးခြားချက်မှာ ဆံထုံးပေါ်တွင် ရောင်လျှံပါရှိနေခြင်း ဖြစ်သည်။ အယုဒ္ဓယအနုပညာလက်ရာတို့သည် ၁၃ ရာစုခန့်မှ စတင်ထွန်းကားခဲ့သည်။



**ပုံ(၁၂) အယုဒ္ဓယရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ**

အယုဒ္ဓယတွင်ပေါ်ထွန်းခဲ့သော ဗုဒ္ဓရုပ်ပွားတော်ထုလုပ်သည့် ပညာသည်တို့သည် ခေတ်ဦးပိုင်းကာလတွင် ဗုဒ္ဓရုပ်ပွားတော်တို့ကို မိမိတို့စိတ်တိုင်းကျ ထုလုပ်ခဲ့ကြသည်။ ထေရဝါဒအဆုံးအမများ တွင်ကျယ်လာသောအခါတွင် ရုပ်ပွားဆင်းတုများကို မဟာပုရိသလက္ခဏာတော်အတိုင်းသာ ထုလုပ်ကြသည်။ ၁၅ ရာစုအတွင်းတွင် သီဟိုဠ်ပုံအတိုင်း မျဉ်းဖြောင့်မျဉ်းကောက်တို့နေရာတွင် ပို၍စောက်နက်နက် ထုလုပ်ကြသဖြင့် ဗုဒ္ဓရုပ်ပွားတော်တို့မှာ တိုင်းရင်းပုံဖြစ်လာခဲ့သည်။ ၁၄၇၀ ပြည့်နှစ်မှ ၁၅၇၅ ခုနှစ်အတွင်း ရုပ်ပွားတော်များကို တိုင်းရင်းဟန်လွှမ်းသော သီဟိုဠ်ပုံထုလုပ်သည့် အတတ်ပညာသည် အယုဒ္ဓယ၌ ထွန်းကားခဲ့သည်။

DBE Copyright Protected

အယုဒ္ဓယခေတ် စေတီပုထိုးဂူကျောင်းစသည့် သာသနိကအဆောက်အအုံများကို အုတ်၊ အင်္ဂတေတို့ဖြင့် ဆောက်လုပ်ကြသည်။ အိန္ဒိယနိုင်ငံ၊ ဘီဟာနယ်ရှိ ဂယာအရပ်တွင် တည်ဆောက်ထားသော ဗုဒ္ဓဂယာပုံကို အတုယူ၍ ဝတ်ချတ်ယော့ (Wat Ched Yot) ခေါ် ဘုရားတစ်ဆူကို ဇင်းမယ်တွင် တည်ထားခဲ့သည်။ ဘုရင်တိလောကနတ် (Tilokkanat) လက်ထက်တွင် တည်ခဲ့သည်။ မျက်နှာလေးဖက်ပါရှိသော အလယ်စေတီတွင် ကြီးမားသော ခေါင်းလောင်းပုံ အထွတ်တင်ထားသည်။ တစ်ဖက်တစ်ချက်ရှိ စေတီနှစ်ဆူမှာ အတန်အသင့် သေးငယ်သည်။ စေတီတော်အောက်ပိုင်းနံရံကို နှစ်ဆင့်ပိုင်း၍ မြတ်စွာဘုရား၏ရုပ်ကြွတို့ကို သရုပ်ဖော်ထားသည်။

အယုဒ္ဓယတွင် ၁၃ ရာစုက တည်ဆောက်ခဲ့သည့် ဝတ်ဗုဒ္ဓဆွာရိယ (Wat Bhuddai Svarya) ဘုရားမှာ ထင်ရှားသည်။ ထုလုံးရှည် (Cylinder) အောက်ခံအဆောက်အအုံပေါ်တွင် စေတီပေါက်ထားသည့်ဘုရားဖြစ်သည်။ ၁၄ နှင့် ၁၅ ရာစုနှစ်များအတွင်း တည်ခဲ့သည့်စေတီတို့အနက် ဝတ်ဘုရားရမ် (Vat Phra Ram)၊ ဝတ်ဘုရား မဟာသတ် (Vat Phra Mahathat)၊ ဝတ်ရတ်ဘုရားနား (Vat Rat Burana)၊ ဝတ်သီရိစန်ပတ် (Vat Sri Sanpet) တို့မှာ လက်ရာမြောက်သော စေတီများ ဖြစ်ကြသည်။ ထိုစေတီတို့မှာ ပုဂံခေတ်မြန်မာတို့ တည်ဆောက်ခဲ့ကြသော ရွှေစည်းခုံ၊ ရွှေဆံတော်နှင့် လောကနန္ဒာစေတီတို့ကဲ့သို့ အတွင်းတွင် ဌာပနာတိုက်ထား၍ တည်ဆောက်ထားသောစေတီများ ဖြစ်ကြသည်။

မဟာသတ်ဟူသောဝေါဟာရမှာ " မြင့်မြတ်သော ဓာတ်တော်၊ မွေတော်" ဟု အဓိပ္ပာယ်ရပြီး ထိုင်းနိုင်ငံရှိ မြို့အများစုတွင် ယင်းဘွဲ့အမည်ဖြင့် စေတီဘုရားများစွာရှိသည်။ အယုဒ္ဓယရှိ ဝတ်ဘုရားမဟာသတ် (Vat Phra Mahathat) မှာ ၁၄ ရာစုအတွင်းက တည်ခဲ့ခြင်းဖြစ်ပြီး အယုဒ္ဓယခေတ်က ဝတ်စလက်ကျောင်းတော်အဖြစ် ထင်ရှားခဲ့သည်။ ဤဘုရားကျောင်းတော်ကြီးမှာ နန်းတော်ကြီးနှင့် အိမ်ရှေ့မင်းနန်းတော်အကြားတွင် တည်ရှိခဲ့သည့်အတွက် ဘုရင့်ပွဲလမ်းသဘင်များနှင့် ဈာပနအခမ်းအနားများကျင်းပရာ ကျောင်းတော်ဖြစ်လာသည်။ ၁၈၀၃ ခုနှစ်တွင် မဟာသတ်ဝတ်ကျောင်းဖြစ်လာခဲ့သည်။

ဤမဟာသတ်ဝတ်ကျောင်းတွင် ညောင်မြစ်များ ငုံလျက်ရှိသော ဗုဒ္ဓဦးခေါင်းတော်ပုံကို တွေ့မြင်နိုင်သည်။ မည်သည့်အတွက် ရုပ်ပွားတော်ကို ညောင်မြစ်များငုံလျက်ရှိကြောင်း မည်သူမျှ အတိအကျမပြောနိုင်ပေ။ အချို့ကမူ အယုဒ္ဓယသည် မြို့တော်ဟောင်းအဖြစ် စွန့်ပစ်ခံရပြီးနောက် ရုပ်ပွားတော်ကို အနီးရှိညောင်ပင်က တဖြည်းဖြည်းဝါးမျိုသွားရာမှ ယနေ့ခေတ်တွင် ညောင်မြစ်ငုံဦးခေါင်းတော်အဖြစ် တွေ့မြင်ရခြင်းဖြစ်သည်ဟု ယူဆကြသည်။

အယုဒ္ဓယရှိ စေတီပုထိုးများအနက် ဝတ်လောကယဆုသာ(Vat Lokaya Sutha) ဘုရားမှာ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီးရှိသောကြောင့် ထင်ရှားသည်။ ဘုရားပရိနိဗ္ဗာန်ပြုပုံကို ရည်စူး



DBE BOX - Copyright Protected

ထုလုပ်ထားသည့် ဤရုပ်ပွားတော်ကြီးသည် အလျား ၄၂ မီတာ၊ အမြင့် ၈ မီတာရှိသည်။ ညာလက်တော်ထောက်ထားသည့် ဦးခေါင်းတော်ကို ကြာဖူးများအောက်ခံတွင် ပုံဖော်ထုလုပ်ထားပြီး လက်တော်နှင့်ခြေတော်တို့မှာ ဦးခေါင်းတော်မှ ဖြောင့်တန်းစွာ သွယ်ဆင်းသွားပုံ ထုလုပ်ထားသည်။



ပုံ(၁၃) ဝတ်လောကယဆုသာရှိ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီး

**အဓိကအချက်များ**

- တိုင်လူမျိုးတို့သည် ခရစ်နှစ်အစပိုင်းလောက်က ယူနန်နယ်တွင် နန်းစော (ခေါ်) နန်ကျောင်နိုင်ငံကို ထူထောင်ခဲ့ကြခြင်း။
- ၁၃ရာစုတွင် မွန်ဂိုတို့၏ တိုက်ခိုက်မှုကြောင့် နန်းစောနိုင်ငံပြိုကွဲကာ တောင်ဘက်သို့ ပြောင်းရွှေ့လာကြပြီး မဲခေါင်၊ မဲနမ်မြစ်ဝှမ်းဒေသတွင် မြို့ပြပြည်ထောင်များ တည်ထောင်အခြေချခဲ့ကြခြင်း။
- တိုင်မြို့ပြပြည်ထောင်များအနက် သောက္ကတဲမှာ ဦးစွာတန်ခိုးအင်အားကြီးမားလာခဲ့ခြင်း။
- သောက္ကတဲပြည်ထောင် ယိုဗာကျဆင်းချိန်တွင် ရာမာဓိပတိမင်းက မဲနမ်မြစ်အောက်ပိုင်း၌ ဒွါရာဝတီ သီရိအယုဒ္ဓယဟူသောမြို့တော်ကို တည်ထောင်ခြင်း။
- မဲနမ်မြစ်ဖျားတွင် ပေါ်ထွန်းလာသော ဇင်းမယ်နှင့် မဲခေါင်မြစ်ဝှမ်းအလယ်ပိုင်းတွင် ပေါ်ထွန်းလာသည့် လင်းဇင်းတို့သည် အယုဒ္ဓယနှင့်အပြိုင် တည်ရှိခဲ့ခြင်း။
- အယုဒ္ဓယမင်းများနှင့် ပြည်သူတို့သည် ကိုးကွယ်ယုံကြည်မှုနှင့် အနုပညာဘက်တွင် သောက္ကတဲ၌ ထွန်းကားနေသော ဗုဒ္ဓဘာသာနှင့် အနုပညာလက်ရာတို့ကို အတုယူခဲ့ကြခြင်း။

DBE BOX - Copyright Protected

- ၁၅ ရာစုအတွင်း တိုင်းရင်းဟန်လွှမ်းသော သီဟိုဠ်ပုံ ဗုဒ္ဓရုပ်ပွားတော် ထုလုပ်သည့် အတတ်ပညာ အယုဒ္ဓယ၌ ထွန်းကားခဲ့ခြင်း။
- အယုဒ္ဓယသည် မြို့တော်ဟောင်းအဖြစ် စွန့်ပစ်ခံရပြီးနောက် ယင်းဒေသရှိ စေတီဂူကျောင်းများလည်း ပျက်စီးယိုယွင်းမှုများစွာ ရှိခဲ့ခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ နန်းစောမှ တိုင်တို့ ယနေ့ခေတ် ထိုင်းနိုင်ငံဒေသသို့ ပြောင်းရွှေ့ဝင်ရောက်ကာ မြို့ပြပြည်ထောင်များ တည်ထောင်ခဲ့ကြပုံကို ရှင်းလင်းဆွေးနွေးပါ။

၂။ အယုဒ္ဓယရှိ ဗိသုကာအနုပညာလက်ရာများအပေါ် မည်သည့်ပြင်ပသြဇာလွှမ်းမိုးမှုရှိသနည်း။ သုံးသပ်ဝေဖန်ဆွေးနွေးပါ။

၃။ အယုဒ္ဓယရှိ သာသနိကဆိုင်ရာ အဆောက်အအုံများ ယနေ့ခေတ်အထိ အဆင့်ဆင့်ပြောင်းလဲ တည်ရှိလာပုံကို ဆွေးနွေးတင်ပြပါ။

## ၆.၄။ ဟွေး (Hue) ယဉ်ကျေးမှု

### ၆.၄.၁။ နောက်ခံသမိုင်း

ယနေ့ဗီယက်နမ်မြောက်ပိုင်းဖြစ်လာမည့်ဒေသတွင် ယွဲ့ ခေါ် ဗီယက်လူမျိုးတို့သည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်က အခြေချနေထိုင်ခဲ့ကြသည်။ ယင်းတို့သည် မြစ်နီမြစ်ဝှမ်းဒေသတွင် ဗန်လောင်းမင်းနိုင်ငံကို ထူထောင်ခဲ့ကြသည်။ ယင်းဒေသကို တရုတ်တို့က နမ်ယွဲ့ သို့မဟုတ် နမ်ဗီယက် (တရုတ်ပြည်၏ တောင်ဘက်ရှိ ယွဲ့ ခေါ် ဗီယက်လူမျိုးတို့ နေရာဒေသ) ဟုခေါ်တွင်ကြသည်။ နမ်ဗီယက်သည် ခရစ်မပေါ်မီ ၂ ရာစုတွင် တရုတ်တို့၏ သိမ်းပိုက်ခြင်းခံရကာ နှစ်ပေါင်းတစ်ထောင်ကျော် တရုတ်မင်းဆက်တို့၏ လက်အောက်ခံအဖြစ်နေခဲ့ရသည်။ ထို့ကြောင့် ဤဒေသသည် တရုတ်ယဉ်ကျေးမှု သြဇာလွှမ်းမိုးခဲ့သည်။

အေဒီ ၁ မှ ၂၅ အထိ နမ်ဗီယက်ကို အုပ်ချုပ်ခဲ့သော တရုတ်ဘုရင်ခံဆီကွမ်းသည် ယင်းဒေသ၌ တရုတ်ယဉ်ကျေးမှုပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သူသည် နမ်ဗီယက်၌ တရုတ်တို့ ပြောင်းရွှေ့အခြေစိုက်ခြင်းကို အားပေးခဲ့သည်။ ဘုရင်ခံဆီကွမ်းနှင့် ပြောင်းရွှေ့အခြေစိုက်လာသည့် တရုတ်သူကောင်းမျိုးများ၏ ကြိုးပမ်းမှုကြောင့် နမ်ဗီယက်တွင် တရုတ်စာပေ အရေးအသား၊ ကိုးကွယ်ယုံကြည်မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အတွေးအခေါ် အယူအဆတို့ ပြန့်ပွားလာခဲ့သည်။ ထိုခေတ်က ဗီယက်နမ်၌ အခြေစိုက်ကြသည့် တရုတ်သူကောင်းမျိုးများ၏ သချိုင်း



DBE BOX - Copyright Protected

များကို ဗီယက်နမ်မြောက်ပိုင်းတွင် ယနေ့တိုင် တွေ့နိုင်သည်။ နမ်ဗီယက်တွင် တရုတ်ယဉ်ကျေးမှု ပိုမိုပျံ့နှံ့စေရန်ရည်ရွယ်၍ ဘုရင်ခံဆီကွမ်းသည် တရုတ်စာသင်ကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ ဆီကွမ်း၏ကြိုးပမ်းချက်ကြောင့် နမ်ဗီယက်တွင် တရုတ်ယဉ်ကျေးမှုများစွာ ပြန့်ပွားခဲ့ပြီး တိုင်းရင်းပဒေသရာဇ်အုပ်ချုပ်ရေး မှေးမှိန်ကာ တရုတ်ပုံစံအုပ်ချုပ်ရေး ဖွံ့ဖြိုးလာခဲ့သည်။

ဗီယက်နမ်အလယ်ပိုင်းတွင် အိန္ဒိယယဉ်ကျေးမှုလွှမ်းမိုးသည့် စမ္ပ (Champa) မင်းနိုင်ငံသည် အေဒီ ၂ ရာစုခန့်၌ ပေါ်ထွန်းခဲ့သည်။ တောင်ဘက်အစွန်ပိုင်းဒေသမှာ အေဒီ ၁ရာစု မှ ၆ ရာစုခန့်အထိ ဖူနန် (Funan) ပြည်ထောင်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့သည်။

အေဒီ ၉၀၇ တွင် တရုတ်ပြည်၌ ထန်မင်းဆက်ပျက်သုဉ်းကာ နိုင်ငံရေးမတည်မငြိမ်ဖြစ်လာသည်။ ယင်းကို အခွင့်ကောင်းယူကာ တိုင်းရင်းသားတို့က တော်လှန်ခဲ့ကြပြီးကာ တရုတ်လက်အောက်မှ ရုန်းထွက်နိုင်ခဲ့သည်။ အေဒီ ၉၃၈ တွင် ဗီယက်ခေါင်းဆောင်ငိုကျူယင် (Ngo Quyen) က ငိုမင်းဆက်ကို တည်ထောင်အုပ်ချုပ်ခဲ့သည်။ ငိုကျူယင်နှင့် ၎င်းကို ဆက်ခံသူများသည် နမ်ဗီယက်၏ အချုပ်အခြာအာဏာကို တည်တံ့အောင် ကြိုးပမ်းခဲ့ကြသည်။

၁၃ ရာစုတွင် မွန်ဂိုကျူးကျော်မှုကို ဗီယက်တို့က ခုခံတိုက်ခိုက်ခဲ့ကြသော်လည်း အင်အားချင်းမမျှသဖြင့် မွန်ဂိုဧကရာဇ်ထံ လက်ဆောင်ပဏ္ဏာဆက်သကာ ဆက်ဆံရေးကောင်းမွန်စေရန် ကြိုးပမ်းခဲ့ကြသည်။ ထို့နောက် နမ်ဗီယက်သည် တဖြည်းဖြည်း အင်အားကြီးမားလာပြီး ၎င်း၏ တောင်ဘက်ရှိ စမ္ပနှင့် ခမာပြည်ထောင်တို့ကို နယ်ချဲ့ခဲ့သည်။

## ၆.၄.၂။ ဗိသုကာအနုပညာလက်ရာ

ဟွေးမြို့တော်သည် ယနေ့ခေတ် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း (ယခင် စမ္ပပြည်ထောင်) တွင် တည်ရှိပြီး သူရန်ဟွာပြည်နယ် (Thuan Hoa) ၏ မြို့တော်ဖြစ်သည်။ တောင်တရုတ်ပင်လယ်ဘက်မှ ၁၅ ကီလိုမီတာခန့်ကွာဝေးသော ရေမွှေးမြစ်ခေါ် ဟူအန်းမြစ်ကမ်းပေါ်ရှိ ဟန္နိုင်းမြို့တောင်ဘက် ၆၅၀ ကီလိုမီတာအကွာတွင် တည်ရှိသည်။ ဟွေးမြို့သည် လယ်ကွင်းများစွာ ဝန်းရံထားသော အရေးပါသည့် ကုန်သွယ်ရေးအချက်အချာဒေသ ဖြစ်သည်။

၁၈၀၂ ခုနှစ်တွင် ဟွေးမြို့သည် ငုယင်မင်းဆက်ကို တည်ထောင်သူ ဧကရာဇ်ဂီယာလွန် လက်ထက်တွင် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဖြစ်လာခဲ့ပြီး ငုယင်မင်းဆက်၏ နောက်ဆုံးဧကရာဇ်ဖြစ်သူ ဘိုဒိုင်း နန်းစွန့်ခဲ့သည့် ၁၉၄၅ ခုနှစ်အထိ မြို့တော်အဖြစ် နှစ်ပေါင်းလေးရာခန့် တည်ရှိခဲ့သည်။ ဟွေးမြို့သည် ဗီယက်နမ်နိုင်ငံ၏ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ပညာရေးများစွာ တိုးတက်ဖွံ့ဖြိုးသည့်ဒေသဖြစ်သည်။ ၁၁ ကီလိုမီတာရှည်လျားသော ရေမွှေးမြစ်တစ်လျှောက်တွင် ငုယင်မင်းဆက်အုပ်ချုပ်စဉ် ကာလအတွင်း ဟွေးမြို့တော်၌ နေထိုင်ခဲ့ကြသော ဧကရာဇ်များနှင့်

DBE BOX - Copyright Protected

ပြည်သူများ၏ ဘ၀ကို ထင်ဟပ်ဖော်ပြလျက်ရှိသည့် အနုပညာ၊ ဗိသုကာလက်ရာများကို တွေ့ရှိရသည်။ ဟွေးမြို့တော်၏ ဗိသုကာလက်ရာများမှာ ခမ်းနားသည့် နန်းတွင်းဗိသုကာလက်ရာ၊ ကျေးလက်ရိုးရာလက်ရာ၊ ဘာသာတရားနှင့် ဓလေ့ထုံးတမ်း ဆိုင်ရာလက်ရာများနှင့် ခေတ်မီပုံစံတို့ ပေါင်းစပ်ထားသည်။



**ပုံ(၁၄) ဧကရာဇ်နန်းတော်**

DBE BOX- Copyright Protected

ဟွေးမြို့၏ မြောက်ဘက်ကမ်းပါးတစ်လျှောက်တွင် ခံတပ်မြို့တော်၊ ဧကရာဇ်နန်းတော်နှင့် တားမြစ်ထားသော ခရမ်းရောင်မြို့တော်တို့ကို တောင်ဘက်သို့မျက်နှာမူ၍ အချိုးကျစွာတည်ဆောက်ထားသည်။ အရှေ့တိုင်းနှင့် အနောက်တိုင်း ဗိသုကာလက်ရာများကို စနစ်ကျစွာ ပေါင်းစပ်တည်ဆောက်ထားသည့် မြို့တံတိုင်းသည် ငုဘင်းတောင်၊ ရေမွှေးမြစ်၊ ဂီယာဘီယန်၊ ဘော့သန်ကျွန်းငယ်များနှင့် သဟဇာတဖြစ်စွာတည်ရှိသည်။

ဧကရာဇ်နန်းတော်ကို တစ်ဖက်စီတွင် အလျား ၆၀၀ စတုရန်းမီတာနီးပါးရှိသည့် စတုရန်းပုံသဏ္ဍာန် ကျောက်တံတိုင်းဖြင့်ဝန်းရံထားပြီး ဝင်ပေါက်လေးပေါက်ရှိသည်။ ငိုမွန် (Ngo Mon) ဟုခေါ်သည့် တောင်ဘက်ဝင်ပေါက်မှာ တည်ဆောက်မှုပုံသဏ္ဍာန် အထင်ရှားဆုံးဖြစ်ပြီး ဟွေးခံတပ်၏ အထိမ်းအမှတ်သင်္ကေတအဖြစ် အသိအမှတ်ပြုထားသည်။ ဤဝင်ပေါက်သည် နန်းတော်သို့ဝင်ရာ အဓိကဝင်ပေါက် ဖြစ်သည်သာမက အရေးပါသောအခမ်းအနားများ ကျင်းပသည့်နေရာလည်းဖြစ်သည်။



**ပုံ(၁၅) တားမြစ်ထားသော ခရမ်းရောင်နန်းတော်**

ဧကရာဇ်နန်းတော်အတွင်းတွင် တားမြစ်ထားသော ခရမ်းရောင်မြို့တော် (Forbidden Purple City) ဟု ထင်ရှားသည့်နန်းတော်သည် ဘုရင့်မိသားစု၏ နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာနေရာဖြစ်သည်။ မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသည့် သန်ဒေါင်တံတိုင်းသည် ခံတပ်မြို့၊ ဧကရာဇ်နန်းတော်နှင့် ခရမ်းရောင်မြို့တော်တို့၏ မြို့ရိုးများကို ဖြတ်ကျော်လျက် တည်ရှိပြီး ဟွေးမြို့ခံတပ်၏ အရေးပါသော အမှတ်အသားဖြစ်သည်။ အဆိုပါ တံတိုင်းတစ်လျှောက် အဆောက်အအုံ အကြီးအသေး တစ်ရာခန့်ကို သဘာဝဝန်းကျင်နှင့် လိုက်လျောညီထွေစွာ စနစ်တကျတည်ဆောက်ထားသည်။

OPF BOX - Copyright Protected



**ပုံ(၁၆) ခိုင်ဒင်ဘုရင့်ဂူ**

ဟွေးမြို့ခံတပ်၏အနောက်ဘက် ရေမွှေးမြစ်တစ်လျှောက်တွင် ငုယင်မင်းဆက်၏ ဥယျာဉ်ပန်းမန်စိုက်ပျိုးမှုနှင့် ဗိသုကာလက်ရာ အပြောင်မြောက်ဆုံးဖြစ်သည့် ဘုရင့်ဂူများ တည်ရှိသည်။ ဘုရင့်ဂူများကို ဘုရင်များ နတ်ရွာစံပြီးနောက် ထာဝရနားခိုရာ နေရာတစ်ခုမရမီ ပျော်ရွှင်စံစားနေထိုင်စရာ နေရာအဖြစ် ဖန်တီးတည်ဆောက်ထားခြင်း ဖြစ်သည်။ ဘုရင့်ဂူများ၏ ပြောင်မြောက်သည့် ဗိသုကာလက်ရာများက ဟွေးမြို့တော်ကို ပိုမိုထင်ရှားစေသည်။ အုတ်ဂူတိုင်းသည် ပိုင်ရှင်ဖြစ်သော ဘုရင်တို့၏ ဘဝနှင့်စရိုက်လက္ခဏာ၊ အရည်အချင်းတို့ကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။ ဂီယာလွန်ဘုရင်ဂူဗိမာန်၏ ခမ်းနားကြီးကျယ်မှု၊ မင်မန်းဘုရင်ဂူဗိမာန်၏ ခံ့ညားထည်ဝါမှု ၊ တူဒါ့ခ်ဘုရင်ဂူဗိမာန်၏ ကဗျာဆန်မှုနှင့် ခိုင်ဒင်ဘုရင်ဂူဗိမာန်၏ အံ့ချီးဖွယ်ရာ ဖြစ်မှုတို့သည် ဗီယက်နမ်နိုင်ငံ၏ ဗိသုကာလက်ရာ အဆင့်အတန်းကို ဖော်ပြနေသည်။

ဟွေးမြို့တော်ဝန်းကျင်၌ တည်ထားခဲ့သောဘုရားများအနက် သီယန်မူဘုရားသည် လင်မူဘုရားအဖြစ်လည်း ထင်ရှားပြီး ဟွေးမြို့တော်၏ ဆွဲဆောင်မှုအရှိဆုံးနှင့် ရှေးအကျဆုံးဘုရားဖြစ်သည်။ ဟွေးမြို့တော်မှ ၅ ကီလိုမီတာ ကွာဝေးသော ဟွန်လွန်းဇေကျေးရွာ၊ ရေမွှေးမြစ်မြောက်ဘက်ကမ်းပါးပေါ်ရှိ ဟာခယ် တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ယင်းဘုရားရှိ ဖုဒုယင်မျှော်စင် (Phuoc Duyen Tower)ဟုထင်ရှားသည့် ခုနစ်ထပ်မြင့်သော ရှစ်ထောင့်မျှော်စင်ကို ဘုရင်သီယုထရီ (King Thieu Tri) က ၁၈၄၄ ခုနှစ်တွင် တည်ခဲ့သည်။ မျှော်စင်၏ဘယ်ဘက်တွင် ကြီးမားသော ကြေးခေါင်းလောင်းကြီးရှိသည်။ ယင်းခေါင်းလောင်းကြီးကို ၁၇၁၀ ပြည့်နှစ်တွင် ဘုရင်ငုယင်ဖူးချူ (King Nguyen Phuc Chu)က သွန်းလုပ်ခဲ့ခြင်း ဖြစ်သည်။ ၁၁ ဒီဇင်ဘာလ ၁၉၉၃ ခုနှစ်တွင် ယူနက်စကိုက ဟွေးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခဲ့သည်။

DBE BOX Copyright Protected



ပုံ(၁၇) သီယန်မူဘုရား



ပုံ(၁၈) ဖုဒုယင်မျှော်စင်ရှိ ကြေးခေါင်းလောင်း

**အဓိကအချက်များ**

- တရုတ်တို့က နမ်ယွဲ့ သို့မဟုတ် နမ်ဗီယက် ဟုခေါ်ခြင်း၊ ခရစ်မပေါ်မီ ၂ ရာစုတွင် တရုတ်တို့၏ သိမ်းပိုက်ခြင်းခံရကာ နှစ်ပေါင်း တစ်ထောင်ကျော် တရုတ်မင်းဆက်တို့၏ လက်အောက်ခံအဖြစ်နေခဲ့ရခြင်း။
- တရုတ်ဘုရင်ခံဆီကွမ်း၏ ကြိုးပမ်းချက်ကြောင့် နမ်ဗီယက်တွင် တရုတ်ယဉ်ကျေးမှုနှင့် တရုတ်ပုံစံအုပ်ချုပ်ရေး ဖွံ့ဖြိုးလာခဲ့ခြင်း။
- ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် တည်ရှိပြီး သူရန်ဟွာပြည်နယ် (Thuan Hoa) ၏ မြို့တော်ဖြစ်ခြင်း။
- မင်းဧကရာဇ်များနှင့် ပြည်သူများ၏ဘဝကို ထင်ဟပ်ဖော်ပြလျက်ရှိသည့် အနုပညာ၊ ဗိသုကာလက်ရာများကို ဟွေးမြို့တွင် တွေ့ရှိရခြင်း။
- ခံတပ်မြို့တော်၊ ဧကရာဇ်နန်းတော်နှင့် တားမြစ်ထားသော ခရမ်းရောင်မြို့တော်တို့ကို တောင်ဘက်သို့ မျက်နှာမူ၍ အချိုးကျစွာတည်ဆောက်ထားခြင်း။
- ဧကရာဇ်နန်းတော်ကို တစ်ဖက်စီတွင် အလျား ၆၀၀ စတုရန်းမီတာနီးပါးရှိသည့် စတုရန်းပုံသဏ္ဍာန် ကျောက်တံတိုင်းဖြင့်ဝန်းရံထားပြီး ဝင်ပေါက်လေးပေါက်ရှိခြင်း။
- ဟွေးမြို့ခံတပ်၏အနောက်ဘက် ရေမွှေးမြစ်တစ်လျှောက်တွင် ငုယင်မင်းဆက်၏ ဥယျာဉ်ပန်းမန်စိုက်ပျိုးမှုနှင့် ဗိသုကာလက်ရာ အပြောင်မြောက်ဆုံးဖြစ်သည့် ဘုရင့်ဂူများတည်ရှိခြင်း။
- သီယန်မူဘုရားသည် ဟွေးမြို့တော်၏ ဆွဲဆောင်မှုအရှိဆုံးနှင့် ရှေးအကျဆုံးဘုရားဖြစ်ခြင်း။
- ၁၁ ဒီဇင်ဘာလ ၁၉၉၃ ခုနှစ်တွင် ယူနက်စကိုက ဟွေးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခဲ့ခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**


၁။ ဗီယက်လူမျိုးတို့အပေါ် တရုတ်ယဉ်ကျေးမှု ဩဇာလွှမ်းမိုးခဲ့ပုံကို ဆွေးနွေးတင်ပြပါ။

၂။ အချုပ်အခြာအာဏာပိုင်နိုင်ငံ ထူထောင်ပြီးနောက် နမ်ဗီယက်၏ယဉ်ကျေးမှု တိုးတက်မြင့်မားလာပုံကို သုံးသပ်တင်ပြပါ။

၃။ ဟွေးမြို့တော်ရှိ ဗိသုကာအနုလက်ရာများ၏ ထူးခြားသော စရိုက်လက္ခဏာများကို ရှင်းလင်းဆွေးနွေးပါ။

DBEBOX - Copyright Protected

၄။ အခန်း (၆) အရှေ့တောင်အာရှယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်း အရာများကို ပြန်လည်သုံးသပ်ပါ။




DBE BOX - Copyright Protected

**အခန်း(၆)ပါပုံများ၏ရင်းမြစ်များ**

**ပုံ(၁) စန္ဒီပရိန်ဂါပတ်ရှိနန္ဒီနွားရုပ်** (https://www.photodharma.net/Candi-Pringapus) (1-2-2019)

**ပုံ(၂) တရားဟောနေဟန်ထုလုပ်ထားသည့်ဗုဒ္ဓရုပ်ပွားတော်** (https://media-cdn.tripadvisor.com/candi-mendut) (3-2-2019)

**ပုံ(၃) စန္ဒီပါဝန်စေတီတော်** (https://upload.wikimedia.org/Pawon) (5-2-2019)

**ပုံ(၄) ဗောရောဗုဓောစေတီတော်ကြီးအားယနေ့ခေတ်တွင်တွေ့မြင်ရပုံ** (https://en.wikipedia.org) (6-2-2019)

**ပုံ(၅) ဗောရောဗုဓောစေတီတော်ကြီးအားအမြင့်မှတွေ့မြင်ရပုံ** (https://www.Borobudur&client) (7-2-2019)

**ပုံ(၆) ဗောရောဗုဓောရှိစဥ့်ကွင်းကျောက်ချပ်တစ်ခု** (https://what-buddha-said.net/Borobudur) (9-2-2019)

**ပုံ(၇) ဟာရိဟာရနတ်ဘုရားရုပ်တု** (https://upload.wikimedia.org/wikipedia/commons) (10-2-2019)

**ပုံ(၈) အန်ကောဒွ်တွေ့ရသည့်သိဝနတ်ဘုရားရုပ်တု** (https://glorioustamils.files.wordpress.com) (10-2-2019)

**ပုံ(၉) ဖနွမ်းကူလန်ဘုရားကျောင်းကိုယနေ့တွေ့ရပုံ** (https://i.telegraph.co.uk/multimedia/archive) (10-2-2019)

**ပုံ(၁၀) အန်ကောဝတ်ကျောင်းတော်ကြီးကိုယနေ့တွေ့ရပုံ** (https://ak3.picdn.net/shutterstock/videos) (13-2-2019)

**ပုံ(၁၁) ရာမာယနဇာတ်ကွက်သရုပ်ဖော်ထားသည့်ရုပ်ကြွ** (https://i.pinimg.com/originals) (13-2-2019)

**ပုံ(၁၂) အယုဒ္ဓယရှိဗုဒ္ဓရုပ်ပွားတော်တစ်ဆူ** (http://pcdn.co/wp-content/uploads/ayuthya) (15-2-2019)

**ပုံ(၁၃) ဝတ်လောကယဆုသာရှိလျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်ကြီး** (https://www.wat-lokaya-sutha-reclining-buddha) (17-2-2019)

**ပုံ(၁၄) ဧကရာဇ်နန်းတော်** (https://upload.wikimedia.org/wikipedia/commons/thumb/5/5f/Hue_Emperor_city_Vietnam_%2838834320914%29.jpg) (30-8-2019)

**ပုံ(၁၅) တားမြစ်ထားသော ခရမ်းရောင်နန်းတော်** (https://previews.agefotostock.com/previewimage/medibigoff/bbc192ad66fa2aee0ed1d0466730567f/ssb-442-6305.jpg) (30-8-2019)

**ပုံ(၁၆) ခိုင်ဒင်ဘုရင့်ဂူ** (https://upload.wikimedia.org/wikipedia/commons/thumb/6/6e/Grab_von_Kaiser_Khai_Dinh%2C_Hue_%2839513722502%29jpg) (30-8-2019)

**ပုံ(၁၇) သီယန်မူဘုရား** (https://i.ytimg.com/vi/KQFFSqgfqIM/maxresdefault.jpg) (30-8-2019)

**ပုံ(၁၈) ဖုဒုယင်မျှော်စင်ရှိ ကြေးခေါင်းလောင်း** (https://live.staticflickr.com/4045/4182798710_c12807f8dc_b.jpg) (30-8-2019)

DBE BOX - Copyright Protected

**ကျမ်းကိုးစာရင်း**

၁။ ဗိုလ်အေးမောင်၊ အရှေ့တောင်အာရှမည်းပြန်းများ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၉။
၂။ သိန်းလှိုင်၊ဦး၊ အရှေ့တောင်အာရှ၊ ရန်ကုန်၊ ဂဠုန်-နဂါးပုံနှိပ်တိုက်၊ ၁၉၈၀။
၃။ Chapman,William, *A Heritage of Ruins: The Ancient Sites of Southeast Asia and Their Conservation,* Hawaii, University of Hawaii, 2013.
၄။ Pearn, B.R., *An Introduction to the History of Southeast Asia,* Kuala Lumpur, Longmans of Malaya Ltd., 1963.
၅။ Tarling, Nicholas, *The Cambridge History of Southeast Asia, from Early time to C. 1800,* Cambridge, Cambridge University Press, 1992.

DBE BOX - Copyright Protected